# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ကမ်းတစ်ဖက်သို့ ရောက်ကုန်**

လူအပေါင်းတို့သည် ကာမဂုဏ်၊ ဒေါသ၊ မာန၊ ထိနမိဒ္ဓ၊ ဥဒ္ဒစ္စ တရားတို့ ကပ်ငြိခြင်းခံရလျှင် သေခြင်းကင်းရာ နိဗ္ဗာန်သို့ မရောက်နိုင်ချေ။ ကောင်းစွာ ဟောကြားအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သော သူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာ သံသရာကို ကူးမြောက်၍ နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။

**ပဏ္ဍိတဝဂ်(ဓမ္မပဒ-၈၆)**


၁၃၈၀ ပြည့်နှစ်၊ ပြာသိုလဆန်း ၁၂ ရက် | ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီ ၁၇ ရက်၊ ကြာသပတေးနေ့ | အတွဲ (၅၈)၊ အမှတ်(၁၀၉)


# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ကယားပြည်နယ်အတွင်းရှိ အုပ်ချုပ်ရေး၊ ဥပဒေပြုရေးနှင့် တရားစီရင်ရေးမဏ္ဍိုင်တို့မှ တာဝန်ရှိသူများနှင့်တွေ့ဆုံ

**လွိုင်ကော် ဇန်နဝါရီ ၁၆**

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ ဦးမင်းသူ၊ ဒေါက်တာအောင်သူ၊ ဦးအုန်းဝင်း၊ ဦးဝင်းခိုင်၊ နိုင်သက်လွင်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ၉ နာရီတွင် ကယားပြည်နယ် လွိုင်ကော်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပသည့် ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်၊ လွှတ်တော်ကိုယ်စားလှယ်များ (ပြည်သူ့၊ အမျိုးသား၊ ပြည်နယ်) နှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်များမှ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်လမ်းညွှန်အမှာစကား ပြောကြားသည်။

တွေ့ဆုံပွဲတွင် နိုင်ငံတော်သမ္မတက မိမိအနေဖြင့် တိုင်းဒေသကြီးများနှင့်ပြည်နယ်များသို့ သွားရောက်ပြီး ဒီမိုကရေစီ အသွင်ကူးပြောင်းရေးနှင့် တိုင်းပြည်ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရန် တိုက်တွန်းနှိုးဆော်လျက်ရှိပါကြောင်း၊ မိမိတို့သည် ခေတ်ဟောင်းစနစ်ဟောင်းမှ ခေတ်သစ်စနစ်သစ်ကို ကူးပြောင်းနေသည့် နိုင်ငံတစ်နိုင်ငံဖြစ်ပါကြောင်း၊ ထိုသို့ ကူးပြောင်းရာတွင် ရှေးရိုးစွဲလမ်းဟောင်းများမှ လမ်းသစ်များဖောက်ထွက်ရခြင်းများ ရှိပါကြောင်း၊ ယခုအချိန်ကာလတွင် တာဝန်ရှိသူများအားလုံး တက်ညီလက်ညီ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်မှသာ မိမိတို့၏ ရည်ရွယ်ချက်ပန်းတိုင်ကို ရောက်ရှိမည်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံကို "ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတော်" အဖြစ် တည်ဆောက်မည်ဟု ခိုင်ခိုင်မာမာ သန္နိဋ္ဌာန်ချထားပါကြောင်း၊ ဒီမိုကရေစီနိုင်ငံတွင် နိုင်ငံသူနိုင်ငံသားအားလုံး သာတူညီမျှမှု၊ တရားမျှတမှု၊ တန်းတူညီမျှမှု အခွင့်အရေးများရှိပါကြောင်း၊ မိမိတို့ နိုင်ငံသည် *စာမျက်နှာ ၃ ကော်လံ ၁* ❍





**နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ကယားပြည်နယ်အတွင်းရှိ အုပ်ချုပ်ရေး၊ ဥပဒေပြုရေးနှင့် တရားစီရင်ရေးမဏ္ဍိုင်တို့မှ တာဝန်ရှိသူများအား လမ်းညွှန်အမှာစကား ပြောကြားစဉ်။**

ဓာတ်ပုံ - ကိုသာဗျော၊ ကျော်သူထက်

- ❒ မိမိတို့၏ ပုံစံကျနေသည့် အလေ့အထများကို ပြုပြင်ပြောင်းလဲပေးနိုင်မှသာ တိုင်းပြည်နှင့် နိုင်ငံသူ နိုင်ငံသားများကလည်း ပြောင်းလဲလာမည်ဖြစ်
- ❒ တာဝန်ရှိသူများ အနေဖြင့် အပြောင်းအလဲတစ်ခု ဖော်ဆောင်ရန်အတွက် မိမိကိုယ်ကို မည်မျှပြောင်းလဲနိုင်ပြီကိုလည်း ဆန်းစစ်ကြရန်လို


KBZ BANK

BEST BANK IN MYANMAR

Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

မြန်မာ့အလင်း

# ညီညွတ်ရေး ဒီမိုကရေစီရေး ငြိမ်းချမ်းရေး

လွတ်လပ်ရေးရလုနီးကာလမှာ ဗြိတိသျှအစိုးရက ပြည်မနှင့် တောင်တန်းဒေသများကို ခွဲခြားဆက်ဆံလိုက်သည်။ တောင်တန်းဒေသများကိုယ်တိုင် ပြည်မနှင့်အတူ လွတ်လပ်ရေးယူမည်လားဟူသည့် အခြေခံသဘောထားကို မေးလိုက်ခြင်းဖြစ်၏။ ဗြိတိသျှတို့၏ ကျွန်ဘဝမှ လွတ်မြောက်ရေးတွင် ပြည်မသားတို့နှင့် တောင်တန်းဒေသသားတို့ သီးခြားစီလော အတူလော ဟူသည့် ခေါင်းစဉ်ဖြင့် မေးခွန်း။

မည်သို့ပင်ဖြစ်စေ၊ ဗြိတိသျှအစိုးရအနေဖြင့် မြန်မာနိုင်ငံကို လွတ်လပ်ရေးပေးရတော့မည့်အချိန်သို့ ရောက်လာခဲ့သည်။

ဝင်ရိုးတန်းနိုင်ငံများနှင့် ဒုတိယကမ္ဘာစစ်ကို ဆင်နွှဲခဲ့ရသော အင်္ဂလိပ်မှာလည်း စစ်ပန်းနေပြီ။ မြန်မာတစ်နိုင်ငံလုံးကလည်း လွတ်လပ်ရေးအတွက် တက်ကြွစည်းလုံးနေကြပြီ။ ကိုလိုနီစနစ်ကိုယ်တိုင်က အားပျော့လာပြီ။ သိပ်မကြာလှသော အချိန်အတွင်းမှာ ကိုလိုနီလုပ်ကျွန်ပြုထားသည့် နိုင်ငံများကို လွတ်လပ်ရေးကို ပေးကိုပေးမှ ဖြစ်တော့မည်ဟူသည့် အခြေအနေ။

မြန်မာနိုင်ငံတွင်းမှာက ဗိုလ်ချုပ်အောင်ဆန်း၏ခေါင်းဆောင်မှုက တိုင်းရင်းသားအများစုကြားမှာ အင်အားကောင်းနေသည်။ ဗိုလ်ချုပ်အောင်ဆန်းက နိုင်ငံရေးသမားစစ်စစ်။ လွတ်လပ်ရေးအတွက် နောက်ဆုံးတိုက်ပွဲက နိုင်ငံရေးတိုက်ပွဲဖြစ်သည်ကို နားလည်ပါးနပ်သော နိုင်ငံရေးမြော်မြင်ဉာဏ်ကြီးသောသူဖြစ်သည့် ဗိုလ်ချုပ်က ဖက်ဆစ်တော်လှန်ရေးကို ပြည်သူလူထုနှင့်အတူ အောင်မြင်အောင် တိုက်ခဲ့ပြီးနောက် နိုင်ငံရေးနယ်ပယ်သို့ ဝင်လိုက်သည်။ ဖဆပလ အဖွဲ့ချုပ်ကြီး၏ ဥက္ကဋ္ဌ ဦးအောင်ဆန်းဖြစ်လာသည်။

ဦးအောင်ဆန်းက ပြည်သူလူထု၏ခေါင်းဆောင်၊ အမျိုးသားခေါင်းဆောင်အဖြစ် ယုံကြည်ခြင်းခံရသူဖြစ်၏။ ဦးအောင်ဆန်း၏ ရိုးသားဖြူစင်မှု၊ နိုင်ငံရေးစိတ်စေတနာနှင့် လွတ်လပ်ရေးကိုမရရအောင်ယူမည်ဟူသည့် ဇွဲနှင့် သတ္တိတို့က ပြည်ထောင်စုသားတို့၏ ယုံကြည်မှုကိုရရှိစေခဲ့သည်။

အင်္ဂလိပ်အစိုးရ၏ တောင်တန်းဒေသနှင့် ပြည်မကို ခွဲခြားဆက်ဆံမှုကို အကြောင်းပြု၍ ပင်လုံညီလာခံခေါ်ရန် ဖြစ်လာခဲ့သည်။ ပင်လုံညီလာခံက တိုင်းရင်းသားများနှင့် ပြည်မသားတို့ကြား အနှောင့်အယှက် တစ်စုံတစ်ရာ မရှိဘဲ လွတ်လပ်စွာ ဆက်ဆံနိုင်ကြမည်ဟု ယုံကြည်ကြောင်းကို ဖော်ပြခဲ့သည်။ ပင်လုံစာချုပ်ကို ချုပ်ဆိုနိုင်ခဲ့သည်။ ပြီးတော့ ပြည်နယ် ပြည်မ သီးခြားစီ ခွဲခြားသတ်မှတ်မည်ဆိုလျှင် တိုင်းရင်းသားတို့၏ ကိုလိုနီဘဝက လွတ်မြောက်ရေး မသေမချာဖြစ်မည်ကို စိုးရိမ်ရသည်။ ဦးအောင်ဆန်းနှင့်ဆိုလျှင် တိုင်းရင်းသားတို့၏ ကိုယ်ပိုင်ဆုံးဖြတ်ခွင့်ရှိသော လွတ်လပ်သော ဖက်ဒရယ်ပြည်ထောင်စုမြန်မာနိုင်ငံ ထူထောင်နိုင်မည်ဟုလည်း တိုးတက်ထက်မြက်ကြသော တိုင်းရင်းသားခေါင်းဆောင်တို့က ယုံကြည်ကြသည်။

ဤသည်က ပြည်ထောင်စုစိတ်ဓာတ်၏ အခြေခံဖြစ်၏။ ပင်လုံစိတ်ဓာတ်၏ အနှစ်သာရဖြစ်၏။ သည်လိုနှင့် အာဇာနည်ခေါင်းဆောင်ကြီးများ လုပ်ကြံခံရသည့် အခြေအနေတွင်းကပင် လွတ်လပ်ရေးရသည်အထိ ပြည်နယ်ပြည်မ မခွဲခြားဘဲ လက်တွဲကြိုးပမ်းနိုင်ခဲ့ကြသည်။

သို့သော်လည်း လွတ်လပ်ရေးရပြီးသည့်နောက်တွင် နိုင်ငံရေးအရ ကွဲပြားမှုများရှိသည်ကို နိုင်ငံရေးအရမရှင်းကြဘဲ စစ်ရေးနည်းဖြင့် ဖြေရှင်းရန် အားထုတ်ခြင်းက ပြည်ထောင်စုစိတ်ဓာတ်ကို ယိုင်နဲ့စေခဲ့သည်။

ပါလီမန်ဒီမိုကရေစီစနစ် ဖျက်သိမ်းခံလိုက်ရပြီးနောက် စစ်ရေးဖြေရှင်းနည်းကို ပိုမိုအားသန်ရာက ပြည်တွင်းစစ်ကြီးသည်ထက်ကြီးလာခဲ့ရသည်။ အခြားတစ်ဖက်တွင် အာဏာရှင်တို့၏ အလွန်အကျွံ ကိုယ်ကျိုးရှာမှုနှင့် နိုင်ငံရေးသဘောထားမတူညီသူများကို ဖိနှိပ်မှုတို့က ပြည်နယ်ပြည်မ မခွဲခြားဘဲ ပြည်သူလူထုတစ်ရပ်လုံးပေါ် သက်ရောက်ခဲ့သည်။ သည်လိုနှင့် ပြည်နယ်ရောပြည်မပါ ဆင်းရဲနွမ်းထဲကျရောက်၊ မဖွံ့ဖြိုးမတိုးတက်သော နိုင်ငံအဖြစ် ရောက်ခဲ့ရသည်။

ထိုအခါ ဒီမိုကရေစီဆိတ်သုဉ်းမှုကို အတူတကွခံစားခဲ့ကြရသော ပြည်သူလူထုသည် ဒီမိုကရေစီရေးရရှိရေးဟူသည့် အလံတော်အောက်တွင် အတူတကွ စည်းလုံးညီညွတ်စွာ တိုက်ပွဲဝင်ခဲ့ကြသည်။

ထိုစည်းလုံးညီညွတ်မှုကြောင့်ပင် ယနေ့ ဒီမိုကရေစီအလင်းရောင်ကို စတင်မြင်နေကြရသည်ဖြစ်သည်ဟု ဆိုချင်ပါသည်။ ယင်းစည်းလုံးညီညွတ်မှုအင်အားက အလွန်ပင်ထိရောက်ပြီး အရေးကြီးသည်ဟု ဆိုချင်ပါသည်။

ယနေ့ထိလည်း နိုင်ငံတော် အမှန်တကယ် တိုးတက်ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီအခွင့်အရေးကို ပြည်ထောင်စုသားအားလုံး ခံစားရရှိရေးအတွက် ဆက်လက်ကြိုးပမ်း အားထုတ်နေရဆဲ ဖြစ်ပါသည်။

အမှန်တကယ် စစ်မှန်သော ငြိမ်းချမ်းတိုးတက်သည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ပေါ်ထွန်းရေးဟူသည် ပြည်ထောင်စုသားတို့၏ ညီညွတ်ရေး စိတ်ဓာတ်ဖြင့်သာ ရရှိနိုင်မည်ဟု မျှော်လင့်ယုံကြည်ပါကြောင်း။ ။

## ၂၀၁၉ ခုနှစ်၊ (၇၂) နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံး ညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံး၏ စုပေါင်းအင်အားဖြင့် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။

(၂) ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုနှင့်လျော်ညီသည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ပေါ်ပေါက်ရန် ကြိုးပမ်းဆောင်ရွက်ရေး။

(၃) ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ “(၂၁) ရာစု ပင်လုံ” မှသည် ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အောင်မြင်သည်အထိ အကောင်အထည်ဖော် ဆောင်ရွက်ရေး။

(၄) တရားဥပဒေစိုးမိုးရေးနှင့် ပြည်သူများ ဘေးကင်းလုံခြုံရေးအတွက် နိုင်ငံသားအားလုံး “စည်းလုံး ညီညွတ်စွာ” ဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

(၅) ကောင်းမွန်သော ပညာရေးနှင့် လုံလောက်သော ကျန်းမာရေးစောင့်ရှောက်မှုများကို နိုင်ငံသားတိုင်း ရရှိခံစားနိုင်ရေး။

## တရားရုံးဝန်ထမ်းများ လူမှုကူညီစောင့်ရှောက်ရေးအဖွဲ့ သက်ကြီးပူဇော်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၆

တရားရုံးဝန်ထမ်း (အငြိမ်းစား) နှင့် တာဝန်ထမ်းဆောင်နေဆဲ တရားရုံးဝန်ထမ်းများ၏ လူမှုကူညီစောင့်ရှောက်ရေးအဖွဲ့သတ္တမအကြိမ်မြောက် သက်ကြီးပူဇော်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၃ ရက်က ဗဟန်းမြို့နယ် ကြားတောရလမ်းရှိ တရားရုံးချုပ် ဓမ္မာရုံတွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် တရားရုံးချုပ် တရားသူကြီး (ငြိမ်း) ဝဏ္ဏကျော်ထင် ဦးခင်မြင့်၊ တရားရုံးချုပ်တရားသူကြီး (ငြိမ်း) ဝဏ္ဏကျော်ထင် ဦးသက်ထွန်းနှင့်အဖွဲ့၊ ဥက္ကဋ္ဌ ဦးကံသိန်း ရန်ကုန်တိုင်းတရားရုံး၊ ရုံးအုပ်ကြီး (ငြိမ်း)တို့က အမှာစကားများ ပြောကြားခဲ့ပြီး အသက် ၇၀ နှင့်အထက် ကန်တော့ခံ ၄၁ ဦးတို့ကို လှူဖွယ်ဝတ္ထုပစ္စည်းများဖြင့် စုပေါင်းကန်တော့ခဲ့ကြောင်း သိရသည်။

ခင်မောင်သော် (ကမာရွတ်)

## ၂၀၁၉ ခုနှစ်၊ (၇၂)နှစ်မြောက် ပြည်ထောင်စုနေ့ ဆောင်ပုဒ်

ညီညွတ်ခြင်းသည် စွမ်းအင်
စည်းလုံးခြင်းသည် ခွန်အား
ပြည်ထောင်စု၏ နှလုံးသား။

## ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး PWC Consortium အဖွဲ့အား တွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၁၆



ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးသည် UK အစိုးရ၏ နည်းပညာဆိုင်ရာ အကူအညီပေးရေး အစီအစဉ်ကို အကောင်အထည်ဖော်နေသော PWC Consortium မှ အဖွဲ့ခေါင်းဆောင် Mr. Subhrendu Chatterji နှင့်အဖွဲ့ကို ယမန်နေ့က ပြည်ထောင်စုရှေ့နေချုပ်ရုံး အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။ (ယာပုံ)

တွေ့ဆုံစဉ် ပြည်ထောင်စုရှေ့နေချုပ်က ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးကဏ္ဍတို့တွင် ပြည်ထောင်စုရှေ့နေချုပ်ရုံးက ပါဝင်ဆောင်ရွက်ရသည့် လုပ်ငန်းများ၊ တရားဥပဒေစိုးမိုးရေးဆိုင်ရာ ကြိုးပမ်းဆောင်ရွက်မှုများ၊ ရင်းနှီးမြှုပ်နှံမှုနှင့် ငွေကြေးကဏ္ဍဆိုင်ရာ ဥပဒေမူဘောင်များ တိုးတက်ကောင်းမွန်ရေးအတွက် ဆောင်ရွက်မှုများ၊ ငွေကြေးခဝါချမှု တိုက်ဖျက်ရေးနှင့် စပ်လျဉ်း၍ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ဆွေးနွေးပြောကြားပြီး PWC Consortium မှ အဖွဲ့ခေါင်းဆောင်က မြန်မာနိုင်ငံနှင့် စီးပွားရေးဆက်သွယ်ဆောင်ရွက်မှု တိုးတက်ကောင်းမွန်ရေးနှင့် ငွေကြေးဈေးကွက် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ပံ့ပိုးလျက်ရှိသည့် နည်းပညာအကူအညီများ၊ မြန်မာနိုင်ငံအပါအဝင် အရှေ့တောင်အာရှခြောက်နိုင်ငံအတွက် ဆောင်ရွက်မည့် ငွေကြေးဈေးကွက်နှင့် အသိဉာဏ်ပစ္စည်းဆိုင်ရာ လုပ်ငန်းစီမံကိန်းတို့ကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ငွေကြေးဈေးကွက်နှင့် အသိဉာဏ်ပစ္စည်းဆိုင်ရာ ဥပဒေများ ပြည့်စုံကောင်းမွန်ရေးအတွက် သင်တန်းများနှင့် ဆွေးနွေးပွဲများ စီစဉ်ဆောင်ရွက်ရေးအပေါ် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့သည်။

သတင်းစဉ်

## မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း ကျင်းပ

ကောလင်း ဇန်နဝါရီ ၁၆

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ ပူးပေါင်းကျင်းပသော မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို ဇန်နဝါရီ ၁၅ ရက် မွန်းလွဲ ၁ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးဇော်အောင်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များဖြစ်သော ဒေါ်ဖြူဖြူဝင်းနှင့် ဦးတင်စိုး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်ဝင်းတို့က အမှာစကားပြောကြားကြသည်။ ထို့နောက် မြို့နယ်ဦးစီးဌာနများမှ တာဝန်ရှိသူများက မိမိတို့ဌာန၏ လုပ်ငန်းစဉ်များ၊ ဘဏ္ဍာရေးနှစ်များတွင် ဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်ဆဲနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် တက်ရောက်လာကြသော လုပ်ငန်းရှင်များ၊ မြို့နယ်ပရဟိတအဖွဲ့များ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ ဒေသခံပြည်သူများက မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့်လုပ်ငန်းများ၊ လမ်းတံတားများ အစရှိသည့်ဖွံ့ဖြိုးရေးလုပ်ငန်းများကို မေးမြန်းဆွေးနွေးခဲ့ရာ သက်ဆိုင်ရာဌာနများက ပြန်လည်ဖြေကြားဆွေးနွေးခဲ့ကြောင်းသိရသည်။

မြို့နယ်(ပြန်/ဆက်)

## တပ်ကုန်းမြို့နယ်၌ ငမြောင်တောင်ပိုးကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်

တပ်ကုန်း ဇန်နဝါရီ ၁၆

နေပြည်တော် တပ်ကုန်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ခင်းများအတွင်း ငမြောင်တောင်ပိုးကျရောက်ဖျက်ဆီးမှု မရှိစေရေးအတွက် ကြိုတင်ကာကွယ်နှိမ်နင်းရေး အသိပေးရှင်းလင်းခြင်းကို ယမန်နေ့က မြို့နယ်စိုက်ပျိုးရေးရုံး၌ ကျင်းပသည်။

တွေ့ဆုံပွဲတွင် နေပြည်တော် စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီး ပိုးမွှားတာဝန်ခံ ဒေါ်ခင်မြမြလွင်နှင့် ခရိုင်ပိုးမွှားတာဝန်ခံတို့က ငမြောင်တောင်ပိုး မျိုးစိတ်သစ်သည် သီးနှံအမျိုးပေါင်း ၈၀ ကျော်ကို ဖျက်ဆီးနိုင်သောပိုးဖြစ်သောကြောင့် ကြိုတင်ကာကွယ်နိုင်ရန် နည်းလမ်းများကို စိုက်ပျိုးရေးဝန်ထမ်းများအား ရှင်းလင်းပြောကြားသည်။

ထို့နောက် နေပြည်တော် စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီး ပိုးမွှားတာဝန်ခံနှင့်အဖွဲ့သည် ဆင်သေကျေးရွာရှိ အစေ့ထုတ်ပြောင်းစိုက်ခင်းတွင် ငမြောင်တောင်ပိုး ကြိုတင်ကာကွယ်နှိမ်နင်းရေးအတွက် တောင်သူများနှင့်တွေ့ဆုံကာ နည်းပညာပေးပြီး မီးထောင်ချောက်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

မောင်ကျော်ကြီး



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ကယားပြည်နယ်အတွင်းရှိ အုပ်ချုပ်ရေး၊ ဥပဒေပြုရေးနှင့် တရားစီရင်ရေးမဏ္ဍိုင်တို့မှ တာဝန်ရှိသူများနှင့် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ သတင်းစဉ်

❍ ရှေ့ဖုံးမှ

တိုင်းရင်းသား လူမျိုးပေါင်းစုံဖြင့် ဖွဲ့စည်းထားသည့် နိုင်ငံဖြစ်သည့်အတွက် တိုင်းရင်းသားညီအစ်ကို မောင်နှမများ မပါဘဲ ပြည်ထောင်စုဟု ပြော၍မရပါကြောင်း၊ ထို့ကြောင့် မိမိတို့ နိုင်ငံကို ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတော် တည်ဆောက်မည်ဟု ပြောခြင်းဖြစ်ပါကြောင်း။

**ဒီမိုကရေစီ အခြေခိုင်ရန်ဖြစ်**

အချို့သည် အပြောင်းအလဲကို တွန့်ဆုတ်နေမှု၊ ဝန်လေးနေမှု၊ စိုးရိမ်ပူပန်မှုများ ရှိနေနိုင်ပါကြောင်း၊ အပြောင်းအလဲကို လောကနိယာမတရားဖြင့် ပြောရမည်ဆိုပါက မပြောင်းလဲသည့် အမှန်ကန်ဆုံးတရားမှာ ပြောင်းလဲခြင်းပင်ဖြစ်ပါကြောင်း၊ သက်ရှိသက်မဲ့ အားလုံးသည် အချိန်နှင့်အမျှ ပြောင်းလဲနေပါကြောင်း၊ ယင်းပြောင်းလဲမှုအရှိန်တွင် လိုက်ပါဆောင်ရွက်နိုင်မှသာ ရှင်သန်ရပ်တည်နိုင်မည်ဖြစ်ပါကြောင်း၊ ပြောင်းလဲရာတွင် တိုင်းသူပြည်သားများအတွက်၊ နိုင်ငံတော်အတွက် အခြေခံအုတ်မြစ်မှာ ဒီမိုကရေစီ အခြေခိုင်ရန်ဖြစ်ပါကြောင်း၊ ပြည်ထောင်စုအစိုးရတစ်ဖွဲ့လုံး ပြောင်းသွားရုံဖြင့်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရတစ်ဖွဲ့လုံး ပြောင်းလိုက်ရုံဖြင့် ယင်းကို ဒီမိုကရေစီပြောင်းလဲမှုဟု ပြော၍မရပါကြောင်း၊ အစိုးရအဖွဲ့ ပြောင်းလဲရုံဖြင့် အုပ်ချုပ်မှုယန္တရားတစ်ခုလုံး ပြောင်းလဲသွားခြင်း မဟုတ်ပါကြောင်း၊ အောက်ခြေမှ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းများအားလုံးက နိုင်ငံတော်၏ ပြောင်းလဲလာသည့် မူဝါဒများကို အကောင်အထည်ဖော်ပြီး လိုက်ပါပြောင်းလဲနိုင်မှသာ အပြောင်းအလဲဖြစ်ပေါ်လာမည် ဖြစ်ပါကြောင်း။

အပြောင်းအလဲတစ်ခုကို အောင်မြင်စွာဆောင်ရွက်နိုင်ရန် ဌာနဆိုင်ရာ တာဝန်ရှိသူများအားလုံးက တက်ညီလက်ညီ အကောင်အထည်ဖော်ရန် လိုအပ်ပါကြောင်း၊ မိမိတို့၏ ပုံစံကျနေသည့် အလေ့အထများကို ပြုပြင်ပြောင်းလဲပေးနိုင်မှသာ တိုင်းပြည်နှင့် နိုင်ငံသူနိုင်ငံသားများကလည်း ပြောင်းလဲလာမည်ဖြစ်ပါကြောင်း၊ တာဝန်ရှိသူများအနေဖြင့် အပြောင်းအလဲတစ်ခု ဖော်ဆောင်ရန်အတွက် မိမိကိုယ်ကိုမည်မျှပြောင်းလဲနိုင်ပြီကိုလည်း ဆန်းစစ်ကြရန် လိုအပ်ပါကြောင်း၊ မိမိကိုယ်ကိုယ် ပြောင်းလဲနိုင်မှသာ အခြားသူများကို ပြောင်းလဲပေးနိုင်မည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ အားလုံးက လက်အောက်ရှိ အမှုထမ်း၊ အရာထမ်းများ၏ စိတ်ဓာတ်များ၊ အလေ့အကျင့်များ ပြောင်းလဲစေရေး ဆောင်ရွက်ပေးရန်၊ လမ်းညွှန်ပေးရန်နှင့် ပြုပြင်ပေးရန် လိုအပ်ပါကြောင်း၊ ပြုပြင်ပြောင်းလဲမှုသည် စိုးရိမ်စရာ၊ ကြောက်ရွံ့စရာမဟုတ်ပါကြောင်း၊ အားလုံးက တက်ညီလက်ညီဖြင့် မိမိကိုယ်တိုင်၏ အသိတရား၊ ဆင်ခြင်တုံတရားဖြင့် လိုက်ပါဆောင်ရွက်ရန် လိုအပ်ပါကြောင်း။

**ဥပဒေနှင့်အညီ ဖြစ်ရမည်**

မိမိတို့သွားလိုသည့် အုပ်ချုပ်ရေးသည် နိုင်ငံသူနိုင်ငံသားအားလုံး ဆူကျုံ နိမ့်မြင့်မရွေး၊ ဆင်းရဲချမ်းသာမရွေး၊ ရာထူးဂုဏ်သိမ်မရွေး၊ လူမှုရေးတရားမျှတမှု၊ စီးပွားရေး တရားမျှတမှု၊ နိုင်ငံရေးတရားမျှတမှု ရှိရမည်ဖြစ်ပါကြောင်း၊ ထို့အတူ အခွင့်အလမ်းညီမျှမှု၊ အဆင့်အတန်း ညီမျှမှု၊ ဥပဒေအရညီမျှမှု ရှိရမည်ဖြစ်ပါကြောင်း၊ ဥပဒေ၏အထက်တွင် မည်သူမျှမရှိရပါကြောင်း၊ အားလုံးသည် ဥပဒေရှေ့မှောက်တွင် ဥပဒေပါအတိုင်း၊ ဥပဒေနှင့်အညီ ဖြစ်ရမည်ဖြစ်ပါကြောင်း၊

**“မဏ္ဍိုင် ၃ ရပ်သည် တစ်ခုနှင့်တစ်ခု ဝင်ရောက်စွက်ဖက်မှုမရှိဘဲ အပြန်အလှန် ထိန်းကျောင်း ယှဉ်တွဲလုပ်ဆောင်ရန် လိုအပ်ပြီး ယှဉ်ပြိုင်လုပ်ဆောင်မှုမျိုး မလုပ်စေလိုပါကြောင်း၊ အစိုးရကောင်းတစ်ရပ်သည် တာဝန်ယူမှု၊ တာဝန်ခံမှု၊ ပွင့်လင်းမြင်သာမှု၊ ကြိုတင်ခန့်မှန်းတွက်ချက်မှုနှင့် ပူးပေါင်းဆောင်ရွက်မှု ရှိရန် လိုအပ်ပါကြောင်း၊ တိုင်းဒေသကြီး/ ပြည်နယ်အုပ်ချုပ်မှုယန္တရား တရားမျှတကောင်းမွန်သည်နှင့်အမျှ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မည်ဖြစ်”**

သို့မှသာ ဒီမိုကရေစီတိုင်းပြည်နှင့် ညီညွတ်မည်ဖြစ်ပါကြောင်း၊ ဒီမိုကရေစီဟု ဆိုရာတွင်လည်း တာဝန်ယူမှု၊ တာဝန်ခံမှု ရှိရမည်ဖြစ်ပါကြောင်း၊ ဒီမိုကရေစီသည် စည်းကမ်းကို လိုက်နာရမည်၊ ဥပဒေကို လိုက်နာရမည်ဖြစ်ပါကြောင်း၊ ယင်းသည် ဒီမိုကရေစီ၏ အခြေခံမဏ္ဍိုင်ပင် ဖြစ်ပါကြောင်း။

**တာဝန်ကို ကျေပွန်စွာထမ်းဆောင်**

ယခုအခမ်းအနားသို့ တက်ရောက်လာသူအားလုံးသည် အခြားသူများထက်ပို၍ အလုပ်လုပ်နိုင်ရမည်၊ အနစ်နာခံနိုင်ရမည်၊ စွန့်လွှတ်နိုင်ရမည်ဖြစ်ပါကြောင်း၊ တာဝန်ရှိသူများအနေဖြင့် ပြည်သူက ပေးအပ်သည့် တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ကြရန်ဖြစ်ပါကြောင်း၊ ပြည်သူကို ကောင်းစွာအလုပ်အကျွေးပြုရန် လိုအပ်ပါကြောင်း၊ မိမိတို့သွားချင်သည့် အုပ်ချုပ်ရေးသည် တရားမျှတပြီး တရားဥပဒေစိုးမိုးရေးကို အထောက်အပံ့ပြုသည့် အုပ်ချုပ်ရေးဖြစ်ရမည်ဖြစ်ပါကြောင်း၊ ပြည်သူလူထုကို ဖိနှိပ်ချုပ်ချယ်သည့် အုပ်ချုပ်ရေးမဖြစ်စေရန်လိုအပ်ပါကြောင်း၊ မိမိတို့သွားချင်သည့် ယန္တရားသည် ပြည်သူလူထုကို ဝန်ဆောင်မှုပေးသည့်၊ ပြည်သူကိုဗဟိုပြု၊ ပြည်သူကို မျက်နှာမူသည့် ယန္တရားဖြစ်ရန် ထမ်းဆောင်ကြစေလိုပါကြောင်း။

**ပရကိုဗဟိုပြုပြီး လုပ်ဆောင်ကြ**

ဥပဒေပြုရေးမဏ္ဍိုင်သည် ပြဋ္ဌာန်းထားသည့် လွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများ ညွှန်ကြားချက်များ၊ စည်းမျဉ်းစည်းကမ်းများအတိုင်း လိုက်နာဆောင်ရွက်စေချင်ပါကြောင်း၊ ထိုသို့ လိုက်နာဆောင်ရွက်မှသာ မိမိတို့၏ အုပ်ချုပ်ရေး၊ ဥပဒေပြုရေး၊ တရားစီရင်ရေးမဏ္ဍိုင်ကြီး ၃ ရပ်သည် ဟန်ချက်ညီမည် ဖြစ်ပါကြောင်း၊ ဒီမိုကရေစီကျင့်စဉ်အတိုင်း အပြန်အလှန်သဘောထားကြီးခြင်း၊ သည်းခံခွင့်လွှတ်ခြင်းနှင့် အပြန်အလှန်ထိန်းကျောင်းခြင်းတို့ဖြင့် ဆောင်ရွက်မှသာ လုပ်ငန်းများ အဆင်ပြေချောမွေ့မည်ဖြစ်ပါကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် အတ္တကို ဗဟိုပြုပြီး လုပ်ဆောင်ခြင်းထက် ပရကိုဗဟိုပြုပြီး လုပ်ဆောင်ကြပါက အောင်မြင်မည်ဖြစ်ပါကြောင်း။

**မှန်ကန်သည့် ဆုံးဖြတ်ချက်များ ချမှတ်**

ယခုတက်ရောက်လာကြသည့် ဌာနဆိုင်ရာအဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိသူများအနေဖြင့် မိမိဌာနနှင့်သက်ဆိုင်သည့် လုပ်ငန်းများနှင့် စပ်လျဉ်းပြီး သက်ဆိုင်ရာ အထက်အဖွဲ့အစည်းသို့ မှန်မှန်ကန်ကန် သတင်းအချက်အလက်များ ပေးစေလိုပါကြောင်း၊ သို့မှသာ မှန်ကန်သည့် ဆုံးဖြတ်ချက်များ ချမှတ်နိုင်မည်ဖြစ်ပါကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် ဆောင်ရွက်ရမည့် လုပ်ငန်းများကို မိမိတို့ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်တွင် ဥပဒေနှင့်အညီ ပြီးပြတ်အောင် ဆောင်ရွက်ကြရန်လိုအပ်ပါကြောင်း။

**ဖက်ဒရယ်စနစ်ကို အထောက်အပံ့ဖြစ်**

တရားစီရင်ရေးမဏ္ဍိုင်သည် ဒီမိုကရေစီနိုင်ငံတစ်ခုအတွက် အရေးကြီးသည့် မဏ္ဍိုင်တစ်ခု ဖြစ်ပါကြောင်း၊ ဥပဒေ၏ စံနှုန်း၊ စံထားများဖြင့် မှန်မှန်ကန်ကန် စိစစ်နိုင်မှသာ တရားဥပဒေစိုးမိုးမည်ဖြစ်ပါကြောင်း၊ တရားဥပဒေစိုးမိုးမှု ဒီမိုကရေစီနိုင်ငံတော်ကို အထောက်အပံ့ဖြစ်မည် ဖြစ်ပါကြောင်း၊ တရားစီရင်ရေးနှင့် စပ်လျဉ်း၍ ပြဋ္ဌာန်းထားသောဥပဒေများကို လေးစားလိုက်နာရန် လိုအပ်ပါကြောင်း၊ တရားစီရင်ရေးမဏ္ဍိုင်တည့်မတ်မှ တရားမျှတသည့် လူ့အဖွဲ့အစည်းဖြစ်လာမည်ဖြစ်ပါကြောင်း၊ တရားမျှတသည့် လူ့အဖွဲ့အစည်းခိုင်မာမှ ဒီမိုကရေစီခိုင်မာမည်ဖြစ်ပါကြောင်း၊ ဒီမိုကရေစီ တည်တံ့ခိုင်မြဲခြင်းသည် ဖက်ဒရယ်စနစ်ကို အထောက်အပံ့ဖြစ်ပါကြောင်း၊ ဖက်ဒရယ်စနစ် တည်ထောင်ခြင်းသည်လည်း ဒီမိုကရေစီကို အားပေးပါကြောင်း။

**အခက်အခဲများကို ဖြေရှင်း**

မိမိတို့ကြုံတွေ့နေရသည့် အခက်အခဲများထက် ပြည်သူလူထု နေ့စဉ်ကြုံတွေ့နေရသည့် အခက်အခဲများကို ဦးစားပေးဖြေရှင်းပေးစေလိုပါကြောင်း၊ ယခုသွားနေသည့် နိုင်ငံတော်၏ မူဝါဒများကို တက်ညီလက်ညီ စုပေါင်းအင်အားဖြင့် အားလုံးက ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြ စေလိုပါကြောင်း၊ သို့မှသာ အောင်မြင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက ကယားပြည်နယ် အစိုးရအဖွဲ့၏ ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်နေမှုများကိုလည်းကောင်း၊ ကယားပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးလှထွေးက လွှတ်တော်ရေးရာလုပ်ငန်း ဆောင်ရွက်မှုများကို လည်းကောင်း၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးကျော်လင်းမောင်က တရားလွှတ်တော်ရေးရာ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

စာမျက်နှာ ၄ သို့

*စာမျက်နှာ ၃ မှ*

ထို့နောက် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်က တရားစီရင်ရေးတွင်အမှုများကို မှန်မှန်ကန်ကန် မြန်မြန်ဆန်ဆန် စစ်ဆေးဆုံးဖြတ် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ အမှုစစ်ဆေးစဉ်ကာလအတွင်း အမှုသည်တို့၏ ပညာရေး၊ စီးပွားရေး၊ လူမှုရေး နစ်နာမှုများ မဖြစ်စေရေးအတွက် မှန်မှန်နှင့် မြန်မြန်စစ်ဆေးစီရင်ရန် လိုအပ်ပါကြောင်း၊ သက်သေခံပစ္စည်းများနှင့်စပ်လျဉ်းပြီး နိုင်ငံတော်ဘဏ္ဍာ ဆုံးရှုံးမှုမရှိစေရေး ဆောင်ရွက်သွားရန်လိုပါကြောင်း၊ တရားစီရင်ရေးတွင် လွတ်လပ်သော တရားစီရင်ရေးဖြစ်၍ အုပ်ချုပ်ရေးနှင့် ဥပဒေပြုရေးအပိုင်းမှ ဝင်ရောက်မစွက်ဖက်စေလိုပါကြောင်း၊ အဆင့်ဆင့်သော တရားသူကြီးများက တာဝန်ယူမှု၊ တာဝန်ခံမှု ရှိရန်လိုအပ်ပါကြောင်း၊ မူးယစ်ဆေးဝါးကိစ္စများတွင် ဌာနဆိုင်ရာ အဖွဲ့အစည်းအသီးသီးမှ ပါဝင်ပတ်သက်မှုမရှိစေရန်၊ မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ ဖုံးကွယ်လျစ်လျူရှုမထားစေရန် လိုအပ်ပါကြောင်း၊ မူးယစ်ဆေးဝါးဖမ်းဆီးရာတွင်လည်း အဓိကပင်ရင်း လုပ်ကိုင်နေသူများကို ဖမ်းဆီးရမိရန် လိုအပ်ပါကြောင်း။

**အကျိုးရှိသည့်ဥပဒေများပြဋ္ဌာန်း**

ဥပဒေပြုရေးအပိုင်းတွင် မေးခွန်း၊ အဆိုများနှင့်စပ်လျဉ်း၍ သတ်မှတ်ထားသည့် စည်းကမ်းချက်များ၊ ကန့်သတ်ချက်များနှင့်အညီ တင်သွင်းကြရမည်ဖြစ်ပါကြောင်း၊ ဒေသနှင့်ကိုက်ညီပြီး အကျိုးရှိသည့် ဥပဒေများကိုသာ ပြဋ္ဌာန်းရန်လိုအပ်ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဝန်ထမ်းများ အရည်အချင်းမြင့်မားမှ လွှတ်တော် ဖွံ့ဖြိုးတိုးတက်မည်ဖြစ်ပါကြောင်း။

**ပူးပေါင်းပါဝင်ဆောင်ရွက်**

မဏ္ဍိုင် ၃ ရပ်သည် တစ်ခုနှင့်တစ်ခု ဝင်ရောက်စွက်ဖက်မှုမရှိဘဲ အပြန်အလှန် ထိန်းကျောင်း ယှဉ်တွဲလုပ်ဆောင်ရန် လိုအပ်ပြီး ယှဉ်ပြိုင်လုပ်ဆောင်မှုမျိုး မလုပ်စေလိုပါကြောင်း၊ အစိုးရကောင်း တစ်ရပ်သည် တာဝန်ယူမှု၊ တာဝန်ခံမှု၊ ပွင့်လင်းမြင်သာမှု၊ ကြိုတင်ခန့်မှန်းတွက်ချက်မှုနှင့် ပူးပေါင်းဆောင်ရွက်မှု ရှိရန်လိုအပ်ပါကြောင်း၊ တိုင်းဒေသကြီး/ပြည်နယ် အုပ်ချုပ်မှုယန္တရားတရားမျှတကောင်းမွန်သည်နှင့်အမျှ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မည်ဖြစ်ပါကြောင်း၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရ၏ စီမံခန့်ခွဲမှု ညံ့ဖျင်းပါက ဒီမိုကရေစီအသွင်ကူးပြောင်းရေးကို အဟန့်အတား ဖြစ်စေပါကြောင်း၊ နိုင်ငံသူ နိုင်ငံသားအားလုံးက ပြုပြင်ပြောင်းလဲရေး လမ်းကြောင်းတွင် ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုတည်ဆောက်ရာ၌ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။



**နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချိုတို့ လွိုင်ကော်မြို့ တောင်ကွဲစေတီတော်မြတ်ကြီး၌ အလှူငွေများ ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့က အမှတ်တရ လက်ဆောင် ပြန်လည်ပေးအပ်စဉ်။**

ဓာတ်ပုံ-ကိုသာဗျော

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်သမ္မတသည် တွေ့ဆုံပွဲသို့တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ပါသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် လွိုင်ကော်မြို့ သီရိမင်္ဂလာတောင်တော်ရှိ တောင်ကွဲစေတီတော်မြတ်ကြီးနှင့် မြို့နာမ်စေတီတော်တို့သို့ သွားရောက်ဖူးမြော်ကြည်ညိုပြီး ပန်း၊ ရေချမ်းနှင့် ဆီမီးတို့ ကပ်လှူပူဇော်ကာ ဂေါပကများထံ အလှူငွေများကို ပေးအပ်လှူဒါန်းခဲ့ပါသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် ကယားပြည်နယ် လွိုင်ကော်မြို့မှ တပ်မတော် အထူးလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာကြရာ နေပြည်တော်သို့ မွန်းလွဲပိုင်းတွင် ပြန်လည်ရောက်ရှိကြသည်။

**သတင်းစဉ်**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးအား လက်ခံတွေ့ဆုံ



နေပြည်တော် ဇန်နဝါရီ ၁၆

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စ တိုရှိကို အာဘေး အား ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။**

ထိုသို့ တွေ့ဆုံစဉ် မြန်မာနိုင်ငံအတွင်း ပြည်တွင်းငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်နေမှု အခြေအနေများ၊ ရခိုင်ပြည်နယ်မြောက်ပိုင်းဒေသတွင် ဖြစ်ပွားခဲ့သည့် အရေးကိစ္စများနှင့် လက်ရှိဖြစ်ပွားလျက်ရှိသည့် ပြဿနာများအား အစိုးရနှင့် တပ်မတော်က ဖြေရှင်းဆောင်ရွက်နေမှုအခြေအနေများ၊ ငြိမ်းချမ်းရေးအတွက် လမ်းဖွင့်ပေးထားသည့် အခြေအနေများ၊ မြန်မာနိုင်ငံ၏ ပြည်တွင်းငြိမ်းချမ်းရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ဂျပန်နိုင်ငံက ကူညီဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများ၊ ရခိုင်ပြည်နယ်အတွင်း အကူအညီပေးမှုများ ဆောင်ရွက်ရာတွင် ဒေသခံတိုင်းရင်းသားများကိုပါ သာတူညီမျှရရှိအောင် ဆောင်ရွက်ပေးရန် လိုအပ်မှုအခြေအနေများအား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စ တိုရှိကို အာဘေး အား လက်ခံတွေ့ဆုံစဉ်။**

ဓာတ်ပုံ-တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး

# ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ နာဂဒေသဖွံ့ဖြိုးရေးအတွက် တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေး

ဟုမ္မလင်း ဇန်နဝါရီ ၁၆

**နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေသည် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့၊ နာဂမျိုးနွယ်စု တိုင်းရင်းသားခေါင်းဆောင်များ၊ နာဂရိုးရာစာပေနှင့် ယဉ်ကျေးမှု(ဗဟို)မှ တာဝန်ရှိသူများနှင့် ယနေ့ နံနက် ၈ နာရီတွင် စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လေရှီးမြို့ တောင်ဇလပ်ရိပ်သာ၌ တွေ့ဆုံကာ နာဂဒေသဖွံ့ဖြိုးရေးအတွက် ဆွေးနွေးသည်။** (ယာပုံ)

တွေ့ဆုံဆွေးနွေးပွဲသို့ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးသန်း၊ ဒုတိယဝန်ကြီးများ ဖြစ်ကြသော ဗိုလ်ချုပ်သန်းထွဋ်၊ ဦးကြည်မင်း၊ ဦးကျော်လင်း၊ ဦးလှမော်ဦး၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဖုန်းမြတ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးကေဆိုင်းနှင့် တာဝန်ရှိသူများ၊ နာဂမျိုးနွယ်စု တိုင်းရင်းသားခေါင်းဆောင်များနှင့် နာဂရိုးရာစာပေနှင့်ယဉ်ကျေးမှု(ဗဟို)မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေက နိုင်ငံတော်မှ နာဂဒေသဘက်ပေါင်းစုံ ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ပေးနေမှု အခြေအနေများကို ပြောကြားသည်။

ထို့နောက် စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်က နာဂဒေသအား ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်နေမှုနှင့် ရင်းနှီးမြှုပ်နှံမှုများဝင်ရောက်လာရန် ဖိတ်ခေါ်နေမှု အခြေအနေများနှင့် စပ်လျဉ်းပြီး ရှင်းလင်းပြောကြားသည်။



ဆက်လက်၍ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးကေဆိုင်း၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် နာဂမျိုးနွယ်စု တိုင်းရင်းသားခေါင်းဆောင်များက ဒေသတွင် ကြုံတွေ့နေရသည့် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ဆက်သွယ်ရေးနှင့် လျှပ်စစ်မီးအခက်အခဲများကို တင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက တင်ပြလာသည့် အခက်အခဲများကို တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများအား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးကေဆိုင်းနှင့် တာဝန်ရှိသူများ၊ နာဂမျိုးနွယ်စု တိုင်းရင်းသားခေါင်းဆောင်များနှင့် နာဂရိုးရာစာပေနှင့်ယဉ်ကျေးမှု(ဗဟို) ကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများအား အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် လေရှီးမြို့မှ တပ်မတော် ရဟတ်ယာဉ်ဖြင့် ဟုမ္မလင်းလေဆိပ်သို့ သွားရောက်၍ ယင်းမှတစ်ဆင့် မြန်မာ့အမျိုးသားလေကြောင်းလိုင်းဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

**သတင်းစဉ်**

# ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီ အစည်းအဝေး ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၆**

ပြည်ထောင်စုအစိုးရအဖွဲ့က ပေးပို့လာသော အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီ အစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် ပြည်ထောင်စုလွှတ်တော် D ဆောင် ဒုတိယထပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

**တက်ရောက်**

အစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ ဥပဒေကြမ်းပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီဥက္ကဋ္ဌ ဦးထွန်းအောင် (ခ) ဦးထွန်းထွန်းဟိန်၊ ဥပဒေကြမ်းပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီတို့မှ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ တွဲဖက်အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်သော ဦးမောင်မောင်ဝင်းနှင့် ဦးဆက်အောင်၊ ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် အဖွဲ့ဝင်များ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုလွှတ်တော်ရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**





# ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ နိုင်ငံခြားဘာသာတက္ကသိုလ်(ရန်ကုန်) ကြည့်ရှုလေ့လာ

**ရန်ကုန် ဇန်နဝါရီ ၁၆**

ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စ တိုရှိကို အာဘေး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ တက္ကသိုလ်ရိပ်သာလမ်းရှိ နိုင်ငံခြားဘာသာတက္ကသိုလ်(ရန်ကုန်)သို့ ရောက်ရှိပြီး YUFL IR Office ရုံးခန်း၌ ပါမောက္ခချုပ် ဒေါက်တာကြည့်ရှင်၊ ဒုတိယပါမောက္ခချုပ်နှင့် ဆရာ ဆရာမများအား တွေ့ဆုံသည်။

ထို့နောက် ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စ တိုရှိကို အာဘေး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် နိုင်ငံခြားဘာသာတက္ကသိုလ်(ရန်ကုန်) တိုးချဲ့ဆောင်တွင် ဂျပန်ဘာသာ သင်ကြားနေသော စတုတ္ထနှစ်ကျောင်းသား ကျောင်းသူများနှင့် နိုင်ငံတကာမှ မြန်မာဘာသာသင်ကြားနေကြသော ကျောင်းသား ကျောင်းသူများအား တွေ့ဆုံ၍ အားပေးစကားပြောကြားသည်။ **(အောက်ပုံ)**

ယင်းနောက် ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ ည ၆ နာရီ ၅၅ မိနစ်တွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာရာ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး H.E. Mr. Ichiro Maruyama တို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၁၆**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းသည် ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စ တိုရှိကို အာဘေး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(အပေါ်ပုံ)**

တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ နိုင်ငံရေးနှင့် စီးပွားရေးဖြစ်ပေါ်တိုးတက်မှုများ၊ နှစ်နိုင်ငံ စီးပွားရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် နည်းပညာပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီး H.E.Mr. Ichiro Maruyama လည်း တက်ရောက်သည်။

**သတင်းစဉ်**



# ရန်ကုန်မြို့တော် စည်ပင်သာယာရွေးကောက်ပွဲများ မတ် ၃၁ ရက်တွင် ကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၁၆**

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဝင်နှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီဝင် ရွေးကောက်ပွဲများအား မတ် ၃၁ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အစည်းအဝေးခန်းမ (၄)၌ ယနေ့ပြုလုပ်သော သတင်းစာရှင်းလင်းပွဲမှ သိရသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လူဦးရေစာရင်းအပေါ် အခြေခံ၍ မဲစာရင်းကို ခွဲထုတ်ဆောင်ရွက်သွားမည်ဖြစ်ပြီး ဆန္ဒမဲပေးခွင့်ရှိသော လူဦးရေစာရင်းကို တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ကောက်ယူရန် စီစဉ်ထားကြောင်း သိရသည်။ ၂၀၁၄ ခုနှစ် စည်ပင်သာယာရွေးကောက်ပွဲများ၌ အိမ်ထောင်စုတစ်စုလျှင် ဆန္ဒမဲတစ်မဲသာ ပေးခွင့်ရှိသော်လည်း ယခုကျင်းပမည့် စည်ပင်သာယာရွေးကောက်ပွဲတွင် အသက် ၁၈ နှစ်ပြည့်ပြီးသူတိုင်း ဆန္ဒမဲပေးခွင့်ရရှိမည်ဖြစ်သည်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဝင်အဖြစ် ရွေးချယ်ရန် မဲဆန္ဒနယ် ခြောက်ခု ခွဲခြားသတ်မှတ်ထားကြောင်း သိရသည်။ အဆိုပါ မဲဆန္ဒနယ်များမှ မဲဆန္ဒနယ်တစ်ခုလျှင် ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီဝင်တစ်ဦးကို ရွေးချယ်ပေးရမည်ဖြစ်သည်။ သို့ဖြစ်ရာ မဲဆန္ဒနယ် ခြောက်ခုမှ ကော်မတီဝင် ခြောက်ဦးနှင့် အစိုးရမှ ခန့်အပ်ထားသော ကော်မတီဝင် ငါးဦး အပါအဝင် ကော်မတီဝင် ၁၁ ဦး ရှိလာမည်ဖြစ်သည်။ ၎င်းကော်မတီဝင် ၁၁ ဦးပါဝင်ကာ ပြည်သူလူထု ရွေးချယ်ထားသော ကော်မတီဝင် ခြောက်ဦးအနက်မှ တစ်ဦးကို ဒုတိယမြို့တော်ဝန်အဖြစ် ရွေးချယ်ရမည်ဖြစ်သည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီဝင်အဖြစ် ဝင်ရောက်အရွေးချယ်ခံမည့် ပုဂ္ဂိုလ်များအတွက် မဲဆန္ဒနယ်များ သတ်မှတ်ရာတွင် မဲဆန္ဒနယ်(၁)တွင် တောင်ဥက္ကလာပ၊ မြောက်ဥက္ကလာပ၊ သင်္ဃန်းကျွန်း မြို့နယ်များ၊ မဲဆန္ဒနယ်(၂)တွင် ဒဂုံမြို့သစ်(တောင်ပိုင်း၊ မြောက်ပိုင်း၊ အရှေ့ပိုင်း၊ ဆိပ်ကမ်း)မြို့နယ်များ၊ မဲဆန္ဒနယ်(၃)တွင် ကြည့်မြင်တိုင်၊ စမ်းချောင်း၊ ဆိပ်ကမ်း၊ ဒဂုံ၊ ပန်းဘဲတန်း၊ ဗဟန်း၊ လသာ၊ လမ်းမတော်၊ အလုံ၊ တာမွေ၊ ကမာရွတ်၊ ရန်ကင်းမြို့နယ်များ၊ မဲဆန္ဒနယ်(၄)တွင် ကျောက်တံတား၊ ဒေါပုံ၊ ပုဇွန်တောင်၊ ဗိုလ်တထောင်၊ မင်္ဂလာတောင်ညွန့်၊ ဒလ၊ သာကေတ၊ ဆိပ်ကြီးခနောင်တို မြို့နယ်များ၊ မဲဆန္ဒနယ် (၅)တွင် လှိုင်သာယာ၊ အင်းစိန်မြို့နယ်များ၊ မဲဆန္ဒနယ် (၆)တွင် မရမ်းကုန်း၊ လှိုင်၊ မင်္ဂလာဒုံ၊ ရွှေပြည်သာမြို့နယ်များ ပါဝင်ကြောင်း သိရသည်။

"မြို့နယ်အဆင့် ကိုယ်စားလှယ်လောင်း တင်သွင်းတဲ့ ပုဂ္ဂိုလ်တွေဟာ မိမိနေထိုင်ရာ မြို့နယ်မှာပဲ ကိုယ်စားလှယ်လောင်း အဖြစ် တင်သွင်းရမှာဖြစ်ပါတယ်။ မဲဆန္ဒနယ်အလိုက် ဝင်ရောက်အရွေးချယ်ခံမည့် ကော်မတီဝင်တွေဟာ မိမိနေထိုင်ရာ မြို့နယ်ကော်မရှင်ရုံးတွင်သာ အမည်စာရင်းတင်သွင်းရမှာဖြစ်ပါတယ်" ဟု ရန်ကုန်မြို့တော် စည်ပင်သာယာရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ခိုင်က ပြောကြားသည်။

မြို့နယ်အဆင့် စည်ပင်သာယာရေးကော်မတီများ ရွေးချယ်ရာတွင် ဥက္ကဋ္ဌ၊ အဖွဲ့ဝင်(၁)၊ အဖွဲ့ဝင်(၂)ဟူ၍ မြို့နယ်တစ်မြို့နယ်လျှင် သုံးဦးစီ ရွေးချယ်ရမည်ဖြစ်သည်။ ကိုယ်စားလှယ်လောင်းများအနေဖြင့် ဇန်နဝါရီ ၁၈ ရက်မှ ၂၈ ရက်အထိ မိမိနေထိုင်ရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲရုံးတွင် အမည်စာရင်းတင်သွင်းနိုင်မည် ဖြစ်သည်။ ကိုယ်စားလှယ်လောင်း စိစစ်ခြင်းများကို ဇန်နဝါရီ ၃၁ ရက်မှ ဖေဖော်ဝါရီ ၆ ရက်အထိ ဆောင်ရွက်မည်ဖြစ်ပြီး ဖေဖော်ဝါရီ ၁၈ ရက်တွင် အမည်စာရင်းကို ထုတ်ပြန်ပေးမည်ဖြစ်သည်။ ထို့ပြင် ဖေဖော်ဝါရီ ၂၈ ရက်မှ မတ် ၂၉ ရက်အထိ မဲဆွယ်စည်းရုံးခြင်းကာလအဖြစ် သတ်မှတ်ထားပြီး မတ် ၃၁ ရက်တွင် ကော်မတီအဆင့်ဆင့် ရွေးကောက်ပွဲများ ကျင်းပမည်ဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ဇန်နဝါရီ ၁၀ ရက်တွင် ရန်ကုန်မြို့တော်စည်ပင်သာယာ ရွေးကောက်ပွဲကော်မရှင်အား အဖွဲ့ဝင် ၁၅ ဦးဖြင့် ဖွဲ့စည်းကာ စည်ပင်သာယာရွေးကောက်ပွဲအဆင့်ဆင့် ဆောင်ရွက်နိုင်ရေးအတွက် တာဝန်ပေးအပ်ထားကြောင်း သိရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**

# စီမံခန့်ခွဲရေးသင်တန်း၊ အဆင့်မြင့်စက်ချုပ်နည်းပြ သင်တန်းနှင့် စာရေးဝန်ထမ်းသင်တန်းများ ဖွင့်

**ရန်ကုန် ဇန်နဝါရီ ၁၆**

နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ ဗဟိုလေ့ကျင့်ရေးကျောင်းတွင် ဝန်ထမ်းများလုပ်ငန်းစွမ်းဆောင်ရည် မြှင့်တင်ရေး သင်တန်းများဖြစ်သော စီမံခန့်ခွဲရေးသင်တန်းအမှတ်စဉ် (၇၁)၊ အဆင့်မြင့် စက်ချုပ်နည်းပြသင်တန်းအမှတ်စဉ် (၃၄)နှင့် စာရေးဝန်ထမ်းသင်တန်းအမှတ်စဉ်(၁၀၄) သင်တန်းများ ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၄ ရက် နံနက် ၉ နာရီက သင်တန်းကျောင်းခန်းမ၌ ပြုလုပ်ခဲ့ရာ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ကျော် တက်ရောက်၍ သင်တန်းဖွင့် အမှာစကားပြောကြားသည်။ သင်တန်းဖွင့်ပွဲအခမ်းအနားကို ဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၂၀၅ ဦး တက်ရောက်သည်။

အဆိုပါသင်တန်းများကို အရည်အသွေးထက်မြက်ပြီး အတွေးအခေါ် မှန်ကန်မြင့်မားစေရန်၊ မိမိရာထူးအဆင့်နှင့်အညီ လုပ်ငန်းတာဝန်များကို ကျွမ်းကျင်ပိုင်နိုင်စွာ ဆောင်ရွက်နိုင်စေရန်၊ ချမှတ်ထားသည့် အမိန့်၊ ညွှန်ကြားချက်၊ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများကို တတ်သိနားလည်ပြီး လုပ်ငန်းခွင်စွမ်းဆောင်ရည်မြင့်မားစေရန်နှင့် စိတ်ဓာတ်၊ စည်းကမ်းကောင်းမွန်မှု၊ ခံယူချက်၊ ယုံကြည်ချက်မှန်ကန်မှု၊ စိတ်ရင်းစေတနာ မှန်ကန်မှုတို့ကို အခြေခံပြီး အကြီးအကဲများ၏ မူဝါဒ၊ လမ်းညွှန်ချက်များကို အောင်မြင်စွာဆောင်ရွက်နိုင်သော ပြည်သူ့အကျိုးပြုဝန်ထမ်းကောင်းများ ဖြစ်လာစေရန် ရည်ရွယ်ဖွင့်လှစ် လေ့ကျင့်သင်ကြားပေးနေခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# စားသုံးသူတွေ အကာအကွယ်ရနိုင်ပြီလား

တက္ကသိုလ်ဇော်ထူးဦး

**စားသုံးသူအခွင့်အရေး ဖောက်ဖျက်မှုများ**

မြန်မာနိုင်ငံတွင် ကူးစက်တတ်သောရောဂါများထက် မကူးစက်နိုင်သောရောဂါများက ပိုမိုဖြစ်ပွားလာနေသည်ကိုတွေ့ရ၏။ အစားအသောက်၊ နေထိုင်မှုပုံစံ၊ အမူအကျင့်တွေကြောင့် ဖြစ်၏။ ယင်းသည် အစားအသောက်နှင့် ဆေးဝါးများ ထုတ်လုပ်မှုနှင့် ရောင်းချမှု စျေးကွက်ကြောင့် ဖြစ်ရသည်ဟုဆိုရမည်။ စျေးကွက်နှင့် ဝယ်လိုအား တောင်းဆိုမှု များကြောင့် အရည်အသွေးပျက်ယွင်းပြီး စံချိန်မမီသော အစားအသောက်နှင့် ဆေးဝါးများသည် စားသုံးသူတို့၏အခွင့်အရေးကို ဖောက်ဖျက်လျက်ရှိသည်။ အဆိုပါ စားသုံးသူအခွင့်အရေး ဖောက်ဖျက်မှုများကို အစားအသောက်နှင့် ဆေးဝါးများသာမက အကျိုးဆောင်လုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်းများတွင်ပါ တွေ့မြင်နေရသည်။



စားသုံးသူဆိုသည်မှာ ကုန်စည် (သို့မဟုတ်) ဝန်ဆောင်မှုကို ကုန်သွယ်ရောင်းဝယ်မှုအတွက် မဟုတ်ဘဲ စားသောက်ခြင်း (သို့မဟုတ်) သုံးစွဲခြင်းပြုသူကို ဆိုလို၏။ စားသုံးသူများသည် စျေးကွက်အတွင်း ရောင်းချသော ကုန်စည်များကို မိမိတို့၏ အသက်ရှင်နေထိုင်ရေးနှင့် ကျန်းမာရေးအတွက် ဝယ်ယူစားသုံးကြ၏။ အဆိုပါ ရောင်းကုန်ပစ္စည်းတို့သည် စားသုံးသူတို့၏ ကျန်းမာရေးနှင့် အသက်အန္တရာယ်ကို ထိခိုက်စေသည်ဆိုပါက ထုတ်လုပ်ရောင်းချသူများသည် အလွန် သစ္စာမဲ့သူများပင်ဖြစ်သည်။

**စားသုံးသူများပြောသော ပြဿနာများ**

စားသုံးသူများကပြောလာသော စားသုံးသူဆိုင်ရာပြဿနာများကို လေ့လာချက်များအရ ပြဿနာအများစုတို့မှာ အစားအသောက်နှင့် ဆေးဝါးဆိုင်ရာများ ဖြစ်နေ၏။ အများစုမှာ သန့်ရှင်းမှုမရှိခြင်း၊ မလတ်ဆတ်ခြင်း၊ ကျန်းမာရေးနှင့်မညီညွတ်ခြင်းစသည့် ပြဿနာဖြစ်နေ၏။ ဓာတုဗေဒပစ္စည်းများ၊ ပိုးသတ်ဆေးများ၊ ဆိုးဆေးများ အသုံးပြုခြင်း၊ သက်တမ်းလွန် အစားအသောက်နှင့် ဆေးဝါးများကို ရောင်းချခြင်း၊ စျေးသက်သာပြီး အရည်အသွေးညံ့သော မုန့်နှင့် ဆေးဝါးများ၊ စံမမီ မသန့်ရှင်းသော သောက်ရေသန့်များ၊ အရည်အသွေးနိမ့် စားသုံးဆီများ၊ ရောနှောဆီများ၊ ပြန်သုံးဆီများမှာ စားသုံးသူများ အများဆုံး ပြောပြကြသည့် အရည်အသွေးပျက်ယွင်းမှု၊ စံချိန်မမီမှုများ ဖြစ်သည်။

မျက်မှောက်ကာလတွင် ပဲပင်ပေါက် ဖောက်ရာ၌ လျှင်မြန်စွာပေါက်စေရန် ဓာတုဗေဒဆေးများသုံးစွဲခြင်း၊ ကန်စွန်းရွက်များလတ်ဆတ်စေရန် နိုက်ထရိုဂျင်အရည်ဆွတ်ထားသော အဝတ်များဖြင့် အုပ်ထားခြင်း၊ သင်္ဘောသီး၊ ငှက်ပျောသီး၊ ခရမ်းချဉ်သီး၊ ဖရဲသီး စသည့် အသီးအနှံများကို မှည့်ဝင်းစေရန် ဓာတုဗေဒပစ္စည်းများသုံးခြင်း၊ မျှစ်၊ တို့ဟူး၊ မုန့်ဟင်းခါးဖတ်နှင့် ခေါက်ဆွဲဖတ် စသည်တို့တွင် ဆိုးဆေးများ၊ ဖော်မလင်များကို အသုံးပြုခြင်း၊ ငရုတ်သီး သိုလှောင်သိမ်းဆည်းရာတွင် အလေးချိန်တိုးစေရန် ရေ သို့မဟုတ် ဆားရည်ပက်ဖျန်းခြင်း၊ သန့်ချောပြီးသော ဆန်များကို ပိုးမတက်စေရန် ပိုးသတ်ဆေးသုံးခြင်း၊ စားသုံးဆီ၊ ငရုတ်ဆီ၊ ချက်နို့ဆီတို့တွင်သာမက နို့မှုန့်၊ မုန့်ပဲသွားရည်စာများနှင့် ကော်ဖီမှုန့်များတွင် ဆိုးဆေးနှင့် ဓာတုဆေးများသုံးခြင်းတို့ကို တွေ့နေရ၏။ ထို့အပြင် စားသောက်ကုန် အတုအပများကိုလည်း တွေ့ရပြန်၏။ ကြက်ဥအတု၊ ဆန်အတု၊ ဆေးဝါးအတု၊ အရက်အတု စသည်တို့ ဖြစ်ကြသည်။

အစားအသောက်နှင့်ပတ်သက်ပြီး ဝန်ဆောင်မှု၌ မကျေနပ်မှုအများစုမှာ အစားအသောက်များ ပြင်ဆင်ပြုလုပ်ရောင်းချရာတွင် ပတ်ဝန်းကျင်သည် ကျန်းမာရေးနှင့် ညီညွတ်မှုမရှိခြင်း၊ မသန့်ရှင်းခြင်း၊ စားသုံးသူထံမှ ကုန်သွယ်ခွန် ယူသော်လည်း အခွန်တံဆိပ်ခေါင်း မကပ်ပေးခြင်း၊ အစားအသောက်များမှာယူရာတွင် ကြာမြင့်စွာ စောင့်ဆိုင်းရခြင်း၊ မှာယူသောအစားအသောက်ကို လွဲမှားစွာချပေးခြင်း၊ အစားအသောက်များကို ပလတ်စတစ်အိတ်ဖြင့် ထုပ်ပိုးထားခြင်း၊ အစား အသောက်တွင် အရည်အသွေးနိမ့် စျေးပေါသော ပစ္စည်းများ ထည့်သွင်းထားခြင်း စသည့်အချက် များကို တွေ့ရ၏။

ထို့အပြင် အချို့သော စားသောက်ဆိုင်နှင့် မုန့်စျေးတန်းများတွင် အိမ်မွေးတိရစ္ဆာန်များ ရှိနေခြင်း၊ အမှိုက်ပုံးအနီးတွင် ရောင်းချခြင်း၊ အဖုံးပွင့်နေသော မသန့်ရှင်းသော သောက်ရေသန့်ဘူးများကို အသုံးပြုခြင်း စသည်တို့လည်း ပါဝင်သည်။

**စားသုံးသူအား ထိခိုက်နစ်နာစေမှုများ**

အရည်အသွေးနိမ့် စံချိန်မမီသော ထုတ်ကုန်များ၊ ဘေးအန္တရာယ် မကင်းရှင်းသော အစားအသောက်များနှင့် စံနှုန်းမမီသော ဝန်ဆောင်မှုများကြောင့် စားသုံးသူများကိုသာမက မိမိတို့နေထိုင်ရာ ပတ်ဝန်းကျင်ကိုပါ ထိခိုက်နေ၏။ ထို့အပြင် မိမိကိုယ့်ကျိုးအတွက်သာကြည့်သော အတ္တကြီးသည့် စီးပွားရေးသမားတို့၏ ခေါင်းပုံဖြတ် အကျိုးအမြတ်ရှာနေမှုများကြောင့် အသိပညာ ဗဟုသုတနည်းသော စားသုံးသူများအား မလိုလားအပ်သော ထိခိုက်နစ်နာမှုများ ဖြစ်စေလျက်ရှိသည်။

နိုင်ငံတကာစားသုံးသူများအဖွဲ့ (Consumers International-CI)က စားသုံးသူရပိုင်ခွင့် အခွင့်အရေး (၈)ချက်ကို ဖော်ပြထားသည်။ ယင်းတို့မှာ-

**၁။ အခြေခံလိုအပ်ချက်များအား ပြည့်စုံစွာ ခံစားပိုင်ခွင့်**

**၂။ ဘေးအန္တရာယ်ကင်းရှင်းစွာ ဝယ်ယူသုံးစွဲပိုင်ခွင့်**

**၃။ သတင်းအချက်အလက်များကို ပြည့်စုံစွာ သိရှိခံစားပိုင်ခွင့်**

**၄။ ရွေးချယ်ပိုင်ခွင့်**

**၅။ ထုတ်ကုန်/ဝန်ဆောင်မှုများ သုံးစွဲမှုနှင့် ပတ်သက်၍ မကျေနပ်မှုများကို အရေးဆိုပြောကြားနိုင်ခွင့်**

**၆။ အလျော်အစား ပြန်လည်ရပိုင်ခွင့်**

**၇။ စားသုံးသူဆိုင်ရာအသိပညာ ရပိုင်ခွင့်**

**၈။ သန့်ရှင်းကျန်းမာသော ပတ်ဝန်းကျင်တွင် ရှင်သန်နေထိုင်ခွင့်-**

စသည်တို့ဖြစ်ကာ စားသုံးသူများသည် ထိုအချက်များကို ရပိုင်ခွင့်ရှိကြရမည်ဖြစ်သည်။

အစားအသောက်၊ ဆေးဝါး၊ သောက်ရေ၊ သုံးရေ၊ ရေထုနှင့် လေထုကို သုံးစွဲရပ်တည်ခြင်း၊ တည်းခိုခြင်း၊ နေထိုင်ခြင်း၊ ခရီးသွားခြင်း၊ မော်တော်ယာဉ်နှင့် အခြားသောယာဉ်များ အသုံးပြုခြင်း၊ ကုန်ပစ္စည်းများ သုံးစွဲခြင်း၊ ကျန်းမာရေးစောင့်ရှောက်ခြင်း၊ ကုသမှုခံယူခြင်း၊ အာမခံထားခြင်းအမျိုးမျိုး စသော ဝန်ဆောင်မှုများကို အသုံးပြုခြင်းနှင့်ဆိုင်သော လူထုအခွင့်အရေးများကို ကာကွယ်စောင့်ရှောက် မြှင့်တင်ပေးရန် အကောင်အထည်ဖော်ပေးခြင်းသည် စားသုံးသူအကာအကွယ်ပေးရေးဖြစ်သည်။

**မြန်မာနိုင်ငံမှ စားသုံးသူအကာအကွယ်ပေးရေး**

မြန်မာနိုင်ငံ စားသုံးသူအကာအကွယ်ပေးရေး ဥပဒေကို ၂၀၁၄ ခုနှစ် မတ်လ ၁၄ ရက်နေ့က ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် (၁၀)ဖြင့် ပြဋ္ဌာန်းခဲ့၏။ အဆိုပါဥပဒေကို ဖြည့်စွက်မွမ်းမံထားသည့် စားသုံးသူကာကွယ်ရေး ဥပဒေကြမ်းသစ်တစ်ရပ်ကို ပြည်ထောင်စုရှေ့နေချုပ်ရုံးမှတစ်ဆင့် ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ရယူရန် တင်ပြထား၏။

ဥပဒေသစ်တစ်ရပ်မပေါ်ပေါက်မီ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေး ဗဟိုကော်မတီကို ဖွဲ့စည်းထားရှိကာ စားသုံးသူများအရေး ကိုင်တွယ်ဖြေရှင်းပေးလျက်ရှိ၏။ စားသုံးသူရေးရာ ဦးစီးဌာနသည် စားသုံးသူ သတင်းပြန်ကြားရေးနှင့် တိုင်ကြားမှုလက်ခံဆောင်ရွက်ရေး စင်တာများကို တိုင်းဒေသကြီး၊ ပြည်နယ်များနှင့် ခရိုင်အချို့တွင် ဖွင့်ထားကြောင်းလည်း သိရသည်။

စားသုံးသူများ၏အကျိုးအတွက် အထောက်အကူပြုပေးရန် လုပ်ဆောင်ပေးနေသော အဖွဲ့အစည်း များစွာရှိနေသော်လည်း စားသုံးသူရပိုင်ခွင့် အခွင့်အရေးများနှင့် စားသုံးသူ အကာအကွယ်ပေးရေးကို လုပ်ဆောင်နေသော တရားဝင်မှတ်ပုံတင်ထားသည့် အဖွဲ့အစည်းနှစ်ခုမှာ မြန်မာစားသုံးသူများသမဂ္ဂနှင့် စားသုံးသူ ကာကွယ်ရေးအသင်းတို့ ဖြစ်သည်။

လက်ရှိ မြန်မာနိုင်ငံတွင် ဖြစ်ပေါ်နေသော အပြောင်းအလဲများထဲတွင် စျေးကွက်စီးပွားရေးစနစ်သို့ အသွင်ကူးပြောင်းနေမှုကလည်း အရေးပါသော ပြောင်းလဲမှုတစ်ခုဖြစ်၏။ စားသောက်ကုန်စည်၊ ပို့ကုန်သွင်းကုန်လုပ်ငန်းများ တိုးတက်ကြီးထွားလာမှုနှင့်အတူ အစားအသောက်များ ဘေးအန္တရာယ်ကင်းရှင်းရေးသည် စားသုံးသူများအတွက် စိန်ခေါ်မှုတစ်ရပ်ဖြစ်နေ၏။

၁၉၉၇ ခုနှစ်တွင် အမျိုးသားအစားအသောက်ဥပဒေကို ပြဋ္ဌာန်းခဲ့ပြီး ပြန်လည်ပြင်ဆင်ဖြည့်စွက်သည့် ဥပဒေကို ၂၀၁၃ တွင် ပြဋ္ဌာန်းခဲ့၏။ ယခုအခါ အမျိုးသားအစားအသောက်ဥပဒေကြမ်းကိုလည်း အသစ် ပြန်လည်ရေးဆွဲလျက်ရှိ၏။ အစားအသောက်နှင့် ဆေးဝါး ကွပ်ကဲရေးဦးစီးဌာန(FDA)သည် အစားအသောက်နှင့် ဆေးဝါးများ၊ အလှကုန်များ ဘေးအန္တရာယ်ကင်းရှင်းရေးကို ကြီးကြပ်ထိန်းကျောင်းပေးသော အဓိကအဖွဲ့အစည်း ဖြစ်သည်။

စားသုံးသူများသည် အမြဲတမ်း အမှန်ဘက်က ရှိနေ၏။ စားသုံးသူသည် သင့်လျော်သောစျေးဖြင့် ဝယ်ယူစားသုံးမှုအပေါ် ထုတ်လုပ်ရောင်းချသူက တာဝန်ယူမှု၊ တာဝန်ခံမှု ရှိရမည်ဖြစ်၏။ တာဝန်ယူမှု၊ တာဝန်ခံမှု၊ မရှိသော ထုတ်လုပ်ရောင်းချသူများကြောင့် စားသုံးသူအား အကာအကွယ်ပေးရေး လိုအပ်လာခြင်းဖြစ်၏။ ယနေ့မြန်မာနိုင်ငံတွင် စားသုံးသူများ လုံလောက်သော အကာအကွယ် ရရှိနိုင်ပါပြီလား။ ။

**"မျက်မှောက်ကာလတွင် ပဲပင်ပေါက်ဖောက်ရာ၌ လျှင်မြန်စွာပေါက်စေရန် ဓာတုဗေဒဆေးများသုံးစွဲခြင်း၊ ကန်စွန်းရွက်များလတ်ဆတ်စေရန် နိုက်ထရိုဂျင်အရည်ဆွတ်ထားသော အဝတ်များဖြင့် အုပ်ထားခြင်း၊ သင်္ဘောသီး၊ ငှက်ပျောသီး၊ ခရမ်းချဉ်သီး ဖရဲသီးစသည့် အသီးအနှံများကို မှည့်ဝင်းစေရန် ဓာတုဗေဒပစ္စည်းများ သုံးခြင်း၊ မျှစ်၊ တို့ဟူး၊ မုန့်ဟင်းခါးဖတ်နှင့် ခေါက်ဆွဲဖတ် စသည်တို့တွင် ဆိုးဆေးများ၊ ဖော်မလင်များကို အသုံးပြုခြင်း၊ ငရုတ်သီး သိုလှောင်သိမ်းဆည်းရာတွင် အလေးချိန်တိုးစေရန် ရေ သို့မဟုတ် ဆားရည်ပက်ဖျန်းခြင်း၊ သန့်ချောပြီးသောဆန်များ ပိုးမတက်စေရန် ပိုးသတ်ဆေးသုံးခြင်းတို့ကို တွေ့နေရသည်"**

## မြင်းခြံဒေသရှိ ပြောင်းစိုက်တောင်သူများ ပြောင်းစျေးကောင်းသော်လည်း အထွက်နှုန်းမကောင်း၍ အဆင်မပြေ

**မြင်းခြံ ဇန်နဝါရီ ၁၆**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ်ရှိ ပြောင်းစိုက်ခင်းများ ခုတ်သိမ်းလျက်ရှိပြီး ပြောင်းစျေးကောင်းသော်လည်း အထွက်နှုန်းမကောင်း၍ ပြောင်းစိုက်တောင်သူများ အဆင်မပြေကြောင်း



မြင်းခြံမြို့နယ် ဖက်ရင်းကျေးရွာမှ ပြောင်းစိုက်တောင်သူများထံမှ သိရသည်။

"ကျွန်တော်တို့ဒေသမှာ ရွှေနီပြောင်းနဲ့ ရိုးရိုးပြောင်းနှစ်မျိုး စိုက်ကြတယ်။ ကျွန်တော်ကတော့ ရွှေနီပြောင်း သုံးကေခွဲ စိုက်ထားတာကို တင်း ၂၀ လောက်ပဲ ထွက်တယ်။ မနှစ်က ပြောင်းတစ်ကေကို ၁၅ တင်း၊ တင်း ၂၀ ခန့်ထွက်ပါတယ်။ ဒီနှစ်က ပြောင်းစျေးကောင်းပေမယ့် အထွက်နှုန်းမကောင်းတော့ တောင်သူတွေ အဆင်မပြေပါဘူး" ဟု ပြောင်းစိုက်တောင်သူတစ်ဦးက ပြောသည်။

"ပြောင်းတစ်ကေလောက်စိုက်ရင် နွားတစ်ရှဉ်း တစ်နှစ်စာ နွားစာဖူလုံပါတယ်။ တစ်ကေကို ပြောင်းလေးပြည်ခန့် စိုက်ပျိုးရပါတယ်။ ရွှေနီပြောင်းက စိုက်ပျိုးရက် ၇၅ ရက်ကျော်ကြာပြီး ရိုးရိုးပြောင်းက စိုက်ပျိုးရက် ခြောက်လလောက်ကြာပါတယ်။ မြင်းခြံမြို့ပေါ်မှာ ပြောင်းတစ်တင်းကို ငွေကျပ် ၁၂၀၀၀ ကျော် စျေးပေါက်နေပါတယ်" ဟု ဒေသခံတစ်ဦးက ပြောသည်။

မြင်းခြံဒေသရှိ ပြောင်းစိုက်တောင်သူများသည် နွားစာဖူလုံရေးအတွက် အဓိကထားစိုက်ပျိုးသော်လည်း ပြောင်းစျေးနှုန်းကောင်းသော်လည်း ပြောင်းစိုက်ခင်း အထွက်နှုန်းမကောင်း၍ ပြောင်းစိုက်တောင်သူများ အဆင်မပြေကြောင်း သိရသည်။

**သန်းဇော်မင်း (ပြန်/ဆက်)**



ဥတ္တရသီရိမြို့နယ် ဥတ္တရသီရိရပ်ကွက်၌ ဘုရားကုန်းမြို့မရဲစခန်းမှ ဒုတိယရဲမှူး မင်းဒင်နှင့် တပ်ဖွဲ့ဝင်များ ဇန်နဝါရီ ၁၅ ရက်က ရပ်ကွက်နေပြည်သူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် မှုခင်းဆိုင်ရာ အသိပညာပေး ဟောပြောစဉ်။

ဇော်ဘီ

# ပြည်ထောင်စုဝန်ကြီး ဦးမင်းသူ လွိုင်ကော်တွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများနှင့် တွေ့ဆုံ

## အုပ်ချုပ်ရေးယန္တရားသည် ပြည်သူ၏ဝန်ကိုထမ်းဆောင်ရသည့် ပြည်သူ့ဝန်ထမ်းဟု ရှုမြင်ခံယူရန်မှာကြား

လွိုင်ကော် ဇန်နဝါရီ ၁၆

ကယားပြည်နယ် လွိုင်ကော်မြို့၌ ရောက်ရှိနေသည့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသူသည် ယနေ့မွန်းလွဲပိုင်းတွင် လွိုင်ကော်မြို့ မြို့နယ်ခန်းမ၌ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီးအား ကယားပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပြည်နယ်အုပ်ချုပ်ရေးမှူးက ပြည်နယ်အစိုးရအဖွဲ့ ညွှန်ကြားရေးမှူး၊ ခရိုင်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးများနှင့် မိတ်ဆက်ပေးသည်။

**ရှင်းလင်းတင်ပြ**

ယင်းနောက် ကယားပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဝင်းက ဌာန၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

**မူဝါဒနှင့်အညီ ဆောင်ရွက်**

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသူက ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် ကျင်းပသည့် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂၃/၂၀၁၈) ဆုံးဖြတ်ချက်အရ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကို ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန လက်အောက်သို့ ပြောင်းရွှေ့ဖွဲ့စည်း တာဝန်ထမ်းဆောင်စေခဲ့ပြီး ဖြစ်ပါကြောင်း၊ အဓိက ရည်ရွယ်ချက်မှာ ၂၀၁၈ ခုနှစ် ဧပြီလ မြန်မာ့ရိုးရာနှစ်သစ်ကူးမိန့်ခွန်းတွင် နိုင်ငံတော်သမ္မတ ပြောကြားခဲ့သည့်အတိုင်း အုပ်ချုပ်ရေး ပြုပြင်ပြောင်းလဲရေးအတွက် အစိုးရပြုပြင်ပြောင်းလဲရေးနှင့် ဗဟိုချုပ်ကိုင်မှုလျှော့ချရေးတို့ကို ဆောင်ရွက်သွားရန်ဆိုသည့် မူဝါဒနှင့်အညီ ဆောင်ရွက်ခြင်း ဖြစ်ပါကြောင်း။

**လိုက်ပါပြောင်းလဲဆောင်ရွက်**

လက်ရှိ နိုင်ငံတော်ကလျှောက်လှမ်းနေသည့် နိုင်ငံရေးစနစ်နှင့် လိုက်လျောညီထွေဖြစ်မည့် အုပ်ချုပ်ရေးယန္တရား ဖြစ်ပေါ်လာရေး၊ အုပ်ချုပ်မှုကောင်း (Good Governance) ဖြစ်ပေါ်လာစေရေးအတွက် စီစဉ်ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါကြောင်း၊ မိမိတို့၏အုပ်ချုပ်ရေးယန္တရားသည် ခေတ်အဆက်ဆက် အုပ်ချုပ်သူအမြင်နှင့် အခွင့်အာဏာပိုင်းက ရှုမြင်ပြီး ဆောင်ရွက်ခဲ့သည့် ဓလေ့ထုံးစံများရှိခဲ့ပါကြောင်း၊ ယင်းမှာ နိုင်ငံရေးစနစ်နှင့် ဆက်စပ်နေပါကြောင်း၊ ယနေ့ မိမိတို့နိုင်ငံတွင် ပြည်သူလူထုက ရွေးချယ်တင်မြှောက်သည့် ပြည်သူ့အစိုးရ ပေါ်ပေါက်လာချိန်တွင် အုပ်ချုပ်ရေးယန္တရားသည် ပြည်သူ၏ဝန်ကို ထမ်းဆောင်ရသည့် ပြည်သူ့ဝန်ထမ်းဟု ရှုမြင်ခံယူပြီး လိုက်ပါပြောင်းလဲဆောင်ရွက်ပေးရန် အရေးကြီးပါကြောင်း၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနအနေဖြင့် နိုင်ငံရေးစနစ်အရ ဆက်စပ်ပြောင်းလဲရမည်ဖြစ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များကို အခြေခံ၍ လိုက်လျောညီထွေ ဆောင်ရွက်နိုင်ရန် လိုအပ်ပါကြောင်း။

**အရှိန်အဟုန်ဖြင့် မြှင့်တင်ဆောင်ရွက်**

ထို့ပြင် နိုင်ငံတော်က ဦးတည်လျှောက်လှမ်းနေသည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးအတွက် အဆင်သင့်ဖြစ်နေစေရန် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဦးဆောင်ကြိုးပမ်းနေသည့် အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့် ဆက်စပ်ပြီး ဆောင်ရွက်နိုင်ရန်လည်း လိုအပ်ပါကြောင်း၊ ထိုသို့ နိုင်ငံရေးစနစ်၊ နိုင်ငံတော်၏ မူနှင့် မျှော်မှန်းချက်များကို အကောင်အထည်ဖော်ရင်းမှာပင် ပြုပြင်ပြောင်းလဲမှုများကို တစ်ဆင့်ပြီးတစ်ဆင့် အရှိန်အဟုန်ဖြင့် မြှင့်တင်ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း။



ပြည်ထောင်စုဝန်ကြီး ဦးမင်းသူ ကယားပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများနှင့် တွေ့ဆုံပွဲတွင် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

**ပြုပြင်ပြောင်းလဲမှုများ စနစ်တကျ ဖော်ဆောင်**

ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာနအနေဖြင့် ပညာရှင်များ၏ အကြံဉာဏ်များ၊ အထွေထွေအုပ်ချုပ်ရေးဝန်ထမ်းများ၏ အတွေ့အကြုံများကို အခြေခံပြီး သိသာထင်ရှားသည့် အပြောင်းအလဲများကို အကောင်အထည်ဖော်ရာတွင် အုပ်ချုပ်ရေးယန္တရား၏ ကျောရိုးဖြစ်သည့် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနက ကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ထိုသို့ ပြုပြင်ပြောင်းလဲမှုများကို တစ်ဆင့်ပြီးတစ်ဆင့် အကောင်အထည်ဖော်ရာတွင် စွမ်းဆောင်ရည်မြှင့်တင်ရန်၊ လုပ်နည်းလုပ်ဟန်များ ပိုမိုထိရောက်ရန်နှင့် လုပ်ငန်းစဉ်များပေါ်မူတည်ပြီး လိုအပ်သည့်ဖွဲ့စည်းမှုများ ဆောင်ရွက်သွားရန်အတွက် မိမိတို့၏ဝန်ကြီးဌာနအနေဖြင့် ပေါင်းစပ်ညှိနှိုင်းရေးနှင့် ကြီးကြပ်ထိန်းကျောင်းရေးကို အဓိကထားပြီး ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် မိမိတို့ အထွေထွေအုပ်ချုပ်ရေးဝန်ထမ်းများအနေဖြင့် ပြုပြင်ပြောင်းလဲရမည်ကို မကြောက်ကြဘဲ ပြုပြင်ပြောင်းလဲမှုများကို စနစ်တကျနှင့် တစိုက်မတ်မတ် ဖော်ဆောင်ကြရန်လိုပါကြောင်း။

**ဂုဏ်ယူကြစေလို**

မိမိအနေဖြင့် အထွေထွေအုပ်ချုပ်ရေးဝန်ထမ်းများနှင့် မကြာခဏတွေ့ဆုံရသည့်အချိန်တွင် မေးကြည့်ပါကြောင်း၊ တစ်ဦးချင်း တစ်ဦးချင်းကလည်း ပွင့်ပွင့်လင်းလင်းနှင့် ပြောကြားကြပါကြောင်း၊ ၎င်းတို့ပြောသည်များကို ချုပ်ကြည့်ပါက "ဘယ်နေရာမှာ ဘာတွေကို၊ ဘယ်လိုပြောင်းလိုက်ရင် ကောင်းသွားမည်" ဆိုသည်ကို သိကြပါကြောင်း၊ လက်တွေ့အလုပ်ခွင်ထဲတွင်ပင် အပြောင်းအလဲများ လုပ်နိုင်မည်ဆိုသည်ကို သိကြပါကြောင်း၊ သို့သော် အသားကျနေသည့် လုပ်ငန်းစဉ်များကို ပြောင်းလဲပစ်ရန် စိုးရိမ်မှုများရှိနေပါကြောင်း၊ ထို့ကြောင့် ပြုပြင်ပြောင်းလဲရမည်ကို မကြောက်ကြပါဘဲ ပြုပြင်ပြောင်းလဲနိုင်ခြင်းကို ဂုဏ်ယူကြစေလိုပါကြောင်း။

**တက်တက်ကြွကြွပါဝင်**

လက်ရှိ အုပ်ချုပ်ရေးယန္တရားသည် ပြည်ထောင်စုမှ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကျေး အဆင့်အထိ အပေါ်၊ အောက် တိုက်ရိုက်ဖြစ်လာပြီဖြစ်ပါကြောင်း၊ ယင်းနေရာတွင် လူထုနှင့်အနီးစပ်ဆုံး လုပ်ကိုင်နေကြသည့် အထွေထွေအုပ်ချုပ်ရေးဝန်ထမ်းများအနေဖြင့် မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားမှုများကို တိုက်ဖျက်ရာတွင် တက်တက်ကြွကြွ ပါဝင်ကြရန် အလေးအနက်ထား မှာကြားလိုပါကြောင်း၊ ရပ်ရွာများတွင် နေထိုင်ကြသည့်သူများက မည်သူတွေ ရောင်းနေသည်ကို သိကြသော်လည်း ဖော်ထုတ်တိုင်ကြားရန် မဝံ့မရဲဖြစ်နေကြခြင်းများ ရှိနေပါကြောင်း၊ ဒီနေရာတွင် အောက်ခြေလူထုနှင့် အနီးကပ်ဆုံးတွင် တာဝန်ထမ်းဆောင်နေကြသည့် မိမိတို့ဝန်ထမ်းများ "ဘာမှမသိကြခြင်းလား၊ မသိချင်ယောင်ဆောင်နေကြခြင်းလား"။

**တာဝန်ကျေပွန်ရန်လို**

နောက်တစ်ခုမှာ ကျူးကျော်များကိစ္စဖြစ်ပါကြောင်း၊ မိမိတာဝန်ယူရသည့် နယ်မြေဒေသများတွင် တစ်အိမ်ကျူး၊ နှစ်အိမ်ကျူးနှင့် ဖြစ်လာသည်ကို လျစ်လျူရှုထားကြသည့်အတွက် နောက်ဆုံးတွင် လူများအုံနှင့်ကျင်းနှင့် နေထိုင်သည့်အခါမှ ရှင်းရလင်းရ လုပ်ကြရသည့်အခါ အစိုးရအတွက်ရော၊ လူထုအတွက်ရော အခက်အခဲများနှင့် ကြုံတွေ့လာကြရပါကြောင်း၊ မြေယာကိစ္စများမှာလည်း အလားတူဖြစ်ပါကြောင်း၊ မိမိတို့ဝန်ထမ်းများ တာဝန်သိပြီး တာဝန်ကျေပွန်ရန်လိုပါကြောင်း၊ ရှေ့ကိုဆက်ပြီး များစွာကြိုးပမ်းကြရဦးမည် ဖြစ်ပါကြောင်း။

**တည်တည်ငြိမ်ငြိမ်ဖြင့် လည်ပတ်နေ**

အထွေထွေအုပ်ချုပ်ရေးဝန်ထမ်းများကို နိုင်ငံတော်အစိုးရ၏ မူဝါဒများနှင့်ပတ်သက်ပြီး အလေးအနက်ထား မှာကြားလိုသည့်အဓိက အချက်နှစ်ချက်ရှိပါကြောင်း၊ ပထမအချက်မှာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကြီးကို မိမိတို့ဝန်ကြီးဌာနအောက် ပြောင်းရွှေ့လိုက်သည့်အတွက် ဘာတွေများဖြစ်လာမလဲဆိုသည့် စိုးရိမ်ပူပန်မှုများ မရှိကြရန် ပထမဦးစွာ ပြောကြားလိုပါကြောင်း၊ အုပ်ချုပ်ရေးယန္တရား တည်တည်ငြိမ်ငြိမ်နှင့် လည်ပတ်နေပြီး နောက်တစ်ဆင့်အနေဖြင့် အပြောင်းအလဲများ ဖော်ဆောင်နိုင်ရန် အရေးကြီးပါကြောင်း၊ ဝန်ထမ်းများအနေဖြင့် မိမိတာဝန်ကို ကျေပွန်အောင် ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ကြရန်၊ ပြောင်းလဲလာသည့် မူဝါဒ၊ လုပ်ငန်းစဉ်များနှင့်အညီ ပြုပြင်ပြောင်းလဲမှုများကို တက်တက်ကြွကြွ လိုက်ပါဖော်ဆောင်ပေးကြရန် မှာကြားလိုပါကြောင်း၊ ဝန်ကြီးဌာန ရွှေ့ပြောင်းလိုက်သော်လည်း တည်တည်ငြိမ်ငြိမ် မှန်မှန်ကန်ကန်ဖြင့် လည်ပတ်နေပြီး ပြောင်းလဲမှုများကို အရှိန်အဟုန်ဖြင့် တွန်းအားပေးဆောင်ရွက်သွားကြရန် ဖြစ်ပါကြောင်း။

ဒုတိယအချက်မှာ မိမိတို့၏ ပြုပြင်ပြောင်းလဲမှုသည် လူထုကို မျက်နှာမူပြီး အပြောင်းအလဲများ သိသိသာသာ မြင်တွေ့နိုင်အောင် ကြိုးပမ်းကြရန်ဖြစ်ပါကြောင်း၊ ပြည်သူများ မြင်တွေ့လိုသည့် အပြောင်းအလဲများရရှိလာအောင် စိတ်ဓာတ်နှင့်ခံယူချက်များ ပြောင်းရမည်ဖြစ်ပါကြောင်း၊ ပြည်သူလူထု၏ လိုအပ်ချက်များကို အစဉ်အမြဲ ဖြည့်ဆည်းပေးနိုင်ရေးအတွက် အချိန်မရွေး အဆင်သင့်ရှိရမည် ဖြစ်ပါကြောင်း၊ လူထုနှင့်နီးစပ်၊ လူထုနှင့်အတူ ပူးပေါင်းလုပ်ကိုင်ပြီး လူထုက ယုံကြည်ရသည့် စီမံခန့်ခွဲမှုစနစ်ဖြင့် အားကိုးရသည့် အုပ်ချုပ်ရေးမှူးကောင်းများ ဖြစ်လာအောင် မိမိတို့အားလုံး ကြိုးပမ်းကြရန်အတွက် အလေးအနက် တိုက်တွန်းမှာကြားလိုပါကြောင်း။

**ဝိုင်းဝန်းကြိုးပမ်းအားထုတ်ပေး**

ယနေ့တွေ့ဆုံမှုကို မိမိအနေဖြင့် အထူးအလေးအနက်ထားပါကြောင်း၊ မိမိတို့ဝန်ထမ်းများ စိတ်ချမ်းသာ၊ ပျော်ပျော်ရွှင်ရွှင်ဖြင့် ပြုပြင်ပြောင်းလဲမှုများကို အရှိန်အဟုန်ဖြင့် ဖော်ဆောင်ပြီး ဝိုင်းဝန်းကြိုးပမ်းအားထုတ်ပေးကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် ကယားပြည်နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများက လိုအပ်ချက်များကို တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းပေးပြီး ဆောင်ရွက်ရန်အချက်များကို လမ်းညွှန်မှာကြားသည်။

**သတင်းစဉ်၊ ဓာတ်ပုံ-ကိုသာဗျော**

❐ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာနအနေဖြင့် ပညာရှင်များ၏ အကြံဉာဏ်များ၊ အထွေထွေ အုပ်ချုပ်ရေးဝန်ထမ်းများ၏ အတွေ့အကြုံများကို အခြေခံပြီး သိသာထင်ရှားသည့် အပြောင်းအလဲ များကို အကောင်အထည်ဖော်ရာတွင် အုပ်ချုပ်ရေးယန္တရား၏ ကျောရိုးဖြစ်သည့် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနက ကြိုးပမ်းဆောင်ရွက်သွားမည်

❐ အထွေထွေအုပ်ချုပ်ရေးဝန်ထမ်းများအနေဖြင့် ပြုပြင်ပြောင်းလဲရမည်ကို မကြောက်ကြဘဲ ပြုပြင်ပြောင်းလဲမှုများကို စနစ်တကျနှင့် တစိုက်မတ်မတ် ဖော်ဆောင်ကြရန်လို

# နေပြည်တော်၌ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ကြီးမှူးကျင်းပသည့် နှစ်ဦးတရားပွဲ ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၁၆

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ကြီးမှူးကျင်းပသည့် "ကျန်းမာရေးနှင့် အားကစားကဏ္ဍတွင် သတိပဋ္ဌာန် အခြေခံသော စိတ်ခံစားမှု ဖွံ့ဖြိုးရေး" ဓမ္မသဘင် အခမ်းအနားကို ယနေ့ ညနေ ၄ နာရီခွဲတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိ အားကစားကွင်း ဘီရုံ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။** (ယာပုံ)

ရှေးဦးစွာ ဓမ္မကထိက ဗဟုဇနဟိတဓရ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ၊ ရှမ်းပြည်နယ် ဗုဒ္ဓတက္ကသိုလ်ပါမောက္ခချုပ်၊ ကမ္ဘာ့ဗုဒ္ဓသာသနာပြု အောက်စဖို့ဒ်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တဓမ္မသာမိထံမှ တရားနာပရိသတ်များက ငါးပါးသီလခံယူ ဆောက်တည်ကြသည်။

**စိတ်ခံစားမှုဖွံ့ဖြိုးရေး**

ထို့နောက် အောက်စဖို့ဒ်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တဓမ္မသာမိ က "ကျန်းမာရေးနှင့် အားကစားကဏ္ဍတွင် သတိပဋ္ဌာန် အခြေခံသော စိတ်ခံစားမှု ဖွံ့ဖြိုးရေး" အမည်ရှိ တရားတော်ကို ဟောကြားသည်။

ဓမ္မသဘင်အခမ်းအနားသို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဝန်ထမ်းမိသားစုများ၊ တရားချစ်ခင် မြတ်နိုးသူများ တက်ရောက်၍ ရိုသေစွာ နာယူကြည်ညိုကြပြီး သိရှိလိုသည်များကို မေးမြန်းလျှောက်ထားကြရာ အောက်စဖို့ဒ် ဆရာတော်က ပြန်လည်ရှင်းလင်း ဟောကြားတော်မူသည်။

ထို့နောက် အောက်စဖို့ဒ် ဆရာတော်ထံ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးနှင့်ဇနီးတို့က ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ၏ အလှူငွေများကို လည်းကောင်း၊ ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်က လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် သင်္ကန်းတို့ကို လည်းကောင်း ဆက်ကပ်လှူဒါန်းကြသည်။



**ရေစက်သွန်းလောင်း**

ယင်းနောက် ဒေသ့ပရိသတ်များက အောက်စဖို့ဒ်ဆရာတော်ထံမှ အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။ **သတင်းစဉ်**

# ပါဠိပထမပြန်နှင့် ဓမ္မာစရိယစာမေးပွဲများ ကျင်းပမည်

**နေပြည်တော် ဇန်နဝါရီ ၁၆**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနမှ ကြီးမှူး၍ ပါဠိပထမပြန်နှင့် ဓမ္မာစရိယစာမေးပွဲကို နှစ်စဉ် ကျင်းပလျက်ရှိရာ ယခုနှစ်တွင်ဓမ္မာစရိယစာမေးပွဲကို မတ် ၂၆ ရက်မှ ဧပြီ ၄ ရက်အထိ၊ ပါဠိပထမပြန်စာမေးပွဲကို ဧပြီ ၂ ရက်မှ ၈ ရက်အထိ တစ်နိုင်ငံလုံးရှိ စာဖြေဌာနများတွင် အောက်ဖော်ပြပါ အချိန်ဇယားများအတိုင်း ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည် -

**ပါဠိပထမပြန်စာမေးပွဲအချိန်စာရင်း**

| ရက်စွဲ | အချိန် | အတန်း | ဘာသာရပ် |
|---|---|---|---|
| ၁၃၈၀ပြည့်နှစ်၊ တပေါင်းလပြည့်ကျော်(၁၃)ရက် (၂-၄-၂၀၁၉)၊ အင်္ဂါနေ့ | မွန်းတည့်(၁၂)နာရီ မှ ညနေ (၃)နာရီထိ | အခြေပြုမူလတန်း<br>ပထမငယ်တန်း<br>ပထမလတ်တန်း<br>ပထမကြီးတန်း | ဝိနည်းကျင့်ဝတ်၊ သုကုမာရမဂ္ဂဒီပနီ<br>ဘိက္ခုပါတိမောက်ဘာသာ<br>ဒွေမာတိကာဘာသာ<br>။ |
| ၁၃၈၀ပြည့်နှစ်၊ တပေါင်းလပြည့်ကျော်(၁၄)ရက် (၃-၄-၂၀၁၉)၊ ဗုဒ္ဓဟူးနေ့ | မွန်းတည့်(၁၂)နာရီ မှ ညနေ (၃)နာရီထိ | အခြေပြုမူလတန်း<br>ပထမငယ်တန်း<br>ပထမလတ်တန်း<br>ပထမကြီးတန်း | ကစ္စည်းသဒ္ဒါကြီးဘာသာ<br>။<br>။<br>။ |
| ၁၃၈၀ပြည့်နှစ်၊ တပေါင်းလကွယ် (၄-၄-၂၀၁၉)၊ ကြာသပတေးနေ့ | မွန်းတည့်(၁၂)နာရီ မှ ညနေ (၃)နာရီထိ | အခြေပြုမူလတန်း<br>ပထမငယ်တန်း<br>ပထမလတ်တန်း<br>ပထမကြီးတန်း | အဘိဓမ္မတ္ထသင်္ဂဟဘာသာ<br>။<br>။<br>။ |
| ၁၃၈၀ပြည့်နှစ်၊ နှောင်းတန်ခူး လဆန်း(၁)ရက် (၅-၄-၂၀၁၉)၊ သောကြာနေ့ | မွန်းတည့်(၁၂)နာရီ မှ ညနေ (၃)နာရီထိ | အခြေပြုမူလတန်း<br>ပထမငယ်တန်း<br>ပထမလတ်တန်း<br>ပထမကြီးတန်း | တိကမာတိကာ<br>တိကမာတိကာ၊ဒုကမာတိကာနှင့် ဓာတုကထာဘာသာ<br>သုတ္တန္တိကမာတိကာနှင့် ဓာတုကထာ ဘာသာ<br>အဘိဓာန်၊ အလင်္ကာ၊ ဆန်းဘာသာ |
| ၁၃၈၀ပြည့်နှစ်၊ နှောင်းတန်ခူး လဆန်း(၂)ရက် (၆-၄-၂၀၁၉)၊ စနေနေ့ | မွန်းတည့်(၁၂)နာရီ မှ ညနေ (၃)နာရီထိ | ပထမငယ်တန်း<br>ပထမလတ်တန်း<br>ပထမကြီးတန်း | ဘာသာပြန်ဘာသာ<br>ယမိုက်အောက်(၅)ကျမ်းဘာသာ<br>ယမိုက်အထက်(၅)ကျမ်းဘာသာ |
| ၁၃၈၀ပြည့်နှစ်၊ နှောင်းတန်ခူး လဆန်း(၃)ရက် (၇-၄-၂၀၁၉)၊ တနင်္ဂနွေနေ့ | မွန်းတည့်(၁၂)နာရီ မှ ညနေ (၃)နာရီထိ | ပထမလတ်တန်း<br>ပထမကြီးတန်း | ဘာသာပြန်ဘာသာ<br>ပဋ္ဌာန်းကုသလတိက်ဘာသာ |
| ၁၃၈၀ပြည့်နှစ်၊ နှောင်းတန်ခူး လဆန်း(၄)ရက် (၈-၄-၂၀၁၉)၊ တနင်္လာနေ့ | မွန်းတည့်(၁၂)နာရီ မှ ညနေ (၃)နာရီထိ | ပထမကြီးတန်း | ဘာသာပြန်ဘာသာ |

မှတ်ချက်။ လူနှင့်သီလရှင်များသည် (၂-၄-၂၀၁၉)ရက်နေ့တွင် ဝိနည်းဘာသာအစား ပထမကြီးတန်း၌ ဓမ္မပဒပါဠိ အဋ္ဌကထာ (သုခဝဂ်မှ အဆုံးထိ)၊ ပထမလတ်တန်း၌ ဓမ္မပဒပါဠိအဋ္ဌကထာ (ပဏ္ဍိတဝဂ်မှ ဗုဒ္ဓဝဂ်အဆုံးထိ)၊ ပထမငယ်တန်း၌ ဓမ္မပဒပါဠိအဋ္ဌကထာ (အစမှ ဗာလဝဂ်အဆုံးထိ)၊ အခြေပြုမူလတန်း၌ သုကုမာရမဂ္ဂဒီပနီ(လယ်တီ) တို့ကို ဖြေဆိုကြရန် ဖြစ်ပါသည်။

**ဓမ္မာစရိယစာမေးပွဲ အချိန်စာရင်း**

| ရက်စွဲ | အချိန် | ဘာသာ |
|---|---|---|
| ၁၃၈၀ပြည့်နှစ်၊ တပေါင်းလပြည့်ကျော်(၆)ရက် (၂၆-၃-၂၀၁၉)၊ အင်္ဂါနေ့ | မွန်းတည့်(၁၂)နာရီ မှ ညနေ (၄) နာရီအထိ | ကျမ်းရင်း<br>ပါရာဇိကကဏ္ဍပါဠိအဋ္ဌကထာ (၁) |
| ၁၃၈၀ပြည့်နှစ်၊ တပေါင်းလပြည့်ကျော်(၈)ရက် (၂၈-၃-၂၀၁၉)၊ ကြာသပတေးနေ့ | မွန်းတည့်(၁၂)နာရီ မှ ညနေ (၄) နာရီအထိ | ကျမ်းရင်း<br>ပါရာဇိကကဏ္ဍပါဠိအဋ္ဌကထာ (၂) |
| ၁၃၈၀ပြည့်နှစ်၊ တပေါင်းလပြည့်ကျော်(၉)ရက် (၂၉-၃-၂၀၁၉)၊ သောကြာနေ့ | မွန်းတည့်(၁၂)နာရီ မှ ညနေ (၄) နာရီအထိ | ကျမ်းရင်း<br>သီလက္ခန္ဓဝဂ္ဂပါဠိအဋ္ဌကထာ (၁) |
| ၁၃၈၀ပြည့်နှစ်၊ တပေါင်းလပြည့်ကျော်(၁၀)ရက် (၃၀-၃-၂၀၁၉)၊ စနေနေ့ | မွန်းတည့်(၁၂)နာရီ မှ ညနေ (၄) နာရီအထိ | ကျမ်းရင်း<br>သီလက္ခန္ဓဝဂ္ဂပါဠိအဋ္ဌကထာ (၂) |
| ၁၃၈၀ပြည့်နှစ်၊ တပေါင်းလပြည့်ကျော်(၁၁)ရက် (၃၁-၃-၂၀၁၉)၊ တနင်္ဂနွေနေ့ | မွန်းတည့်(၁၂)နာရီ မှ ညနေ (၄) နာရီအထိ | ကျမ်းရင်း<br>ဓမ္မသင်္ဂဏီပါဠိအဋ္ဌကထာ (၁) |
| ၁၃၈၀ပြည့်နှစ်၊တပေါင်းလပြည့်ကျော်(၁၂)ရက် (၁-၄-၂၀၁၉)၊ တနင်္လာနေ့ | မွန်းတည့်(၁၂)နာရီ မှ ညနေ (၄) နာရီအထိ | ကျမ်းရင်း<br>ဓမ္မသင်္ဂဏီပါဠိအဋ္ဌကထာ (၂) |
| ၁၃၈၀ပြည့်နှစ်၊ တပေါင်းလပြည့်ကျော်(၁၃)ရက် (၂-၄-၂၀၁၉)၊ အင်္ဂါနေ့ | မွန်းတည့်(၁၂)နာရီ မှ ညနေ (၄) နာရီအထိ | **မြန်မာဂုဏ်ထူး**<br>ပါစိတျာဒိပါဠိအဋ္ဌကထာ<br>သုတ်မဟာဝါ၊ သုတ်ပါထိကပါဠိအဋ္ဌကထာ<br>မဇ္ဈိမနိကာယပါဠိအဋ္ဌကထာ<br>သံယုတ္တနိကာယပါဠိအဋ္ဌကထာ<br>အင်္ဂုတ္တရနိကာယပါဠိအဋ္ဌကထာ<br>ဝိဘင်္ဂါဒိပါဠိအဋ္ဌကထာ<br>ပဋ္ဌာနသမ္ဘိဒါမဂ္ဂပါဠိအဋ္ဌကထာ |
| ၁၃၈၀ပြည့်နှစ်၊တပေါင်းလပြည့်ကျော်(၁၄)ရက် (၃-၄-၂၀၁၉)၊ ဗုဒ္ဓဟူးနေ့ | မွန်းတည့်(၁၂)နာရီ မှ ညနေ (၄) နာရီအထိ | **ပါဠိဂုဏ်ထူး**<br>ပါစိတျာဒိပါဠိအဋ္ဌကထာ (၁)<br>သုတ်မဟာဝါသုတ်ပါထိကပါဠိအဋ္ဌကထာ(၁)<br>ဝိဘင်္ဂါဒိပါဠိအဋ္ဌကထာ (၁) |
| ၁၃၈၀ပြည့်နှစ်၊ တပေါင်းလကွယ် (၄-၄-၂၀၁၉)၊ ကြာသပတေးနေ့ | မွန်းတည့်(၁၂)နာရီ မှ ညနေ (၄) နာရီအထိ | **ပါဠိဂုဏ်ထူး**<br>ပါစိတျာဒိပါဠိအဋ္ဌကထာ (၂)<br>သုတ်မဟာဝါသုတ်ပါထိကပါဠိအဋ္ဌကထာ(၂)<br>ဝိဘင်္ဂါဒိပါဠိအဋ္ဌကထာ (၂) |

## နေရာကွက်ကျား မိုးရွာနိုင်

**နေပြည်တော် ဇန်နဝါရီ ၁၆**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့အများအားဖြင့် သာယာမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးဆက်လက်ရွာနိုင်သည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ငါးပေခန့်ရှိနိုင်သည်။ **မိုး/ဇလ**

# ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ တည်ရှိရာ အစိမ်းရောင်စမတ်မြို့တော် မန္တလေး

သန်းဇော်မင်း (ပြန်/ဆက်)

**မန္တလေးမြို့တော်သည် ယခုအခါ လူဦးရေ ၁ဒသမ ၂၅သန်းခန့်ရှိပြီး မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီနှင့် ပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှုကြောင့် ချောမွေ့ကောင်းမွန်သည့် လမ်းများ၊ လင်းလက်တောက်ပနေသည့် လမ်းမီးများနှင့် သန့်ရှင်းသာယာလှသည့် မြို့တော်တစ်ခုအဖြစ် လာရောက်လည်ပတ်သူများ၊ အခြေစိုက်နေထိုင်သူများက အသိအမှတ်ပြုလာကြပြီဖြစ်သည်။**

၂၀၁၈ ခုနှစ် မတ်လတွင် ကျင်းပခဲ့သည့် (၃၂)ကြိမ်မြောက် အာဆီယံ ထိပ်သီးအစည်းအဝေး၌ စင်ကာပူနိုင်ငံ ဝန်ကြီးချုပ် လီရှန်လွန်းက အာဆီယံစမတ် မြို့တော် ကွန်ရက် (အေအက်စ်စီအင်န်)တည်ထောင်ရန် အဆိုပြုခဲ့ရာ အရှေ့တောင်အာရှနိုင်ငံများအဖွဲ့၏ အဖွဲ့ဝင်နိုင်ငံအားလုံးက အတည်ပြုပေးခဲ့သည်။

အဆိုပါ အရှေ့တောင်အာရှ၏ ထိပ်တန်းစမတ်မြို့တော် ၁၀ မြို့တွင်လည်း မန္တလေးမြို့တော် ပါဝင်လျက်ရှိသည်။ မန္တလေးမြို့ကို အစိမ်းရောင်စမတ်မြို့တော်ဖြစ်စေရန်အတွက် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီနှင့် အိုးအိမ် ဦးစီးဌာနတို့ ပူးပေါင်း၍ မြို့ပြဖွံ့ဖြိုးမှု (၂၅)နှစ်စီမံကိန်းကို စတင်ပြင်ဆင်နေပြီဖြစ်သည်။

သာယာလှပသော ရေမြေတောတောင်သဘာဝအလှတရားများတည်ရှိနေသော မန္တလေးမြို့တော်သည် ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များ၊ သမိုင်းဝင်နေရာများ၊ ရှေးဟောင်းအဆောက်အအုံများ၊ စေတီပုထိုးများ၊ မြန်မာ့ယဉ်ကျေးမှုဗိသုကာလက်ရာများစွာတို့ကို လေ့လာတွေ့ရှိနိုင်သကဲ့သို့ ခေတ်မီစမတ်မြို့တော်အဖြစ် ဖွံ့ဖြိုးလာစေရန်အတွက်လည်း စီမံဆောင်ရွက်နေပြီဖြစ်ရာ ပြည်တွင်း ပြည်ပခရီးသွားများအတွက် အထူးဆွဲဆောင်လျက်ရှိသော မြို့တော်တစ်မြို့အဖြစ် ဂုဏ်ယူဖွယ်ရာ ရေးသားတင်ပြအပ်ပါသည်။



နန်းမြို့ရိုးနှင့်ကျုံးအလှ (မန္တလေးမြို့ကို ၁၂၂၁ ခုနှစ်က မင်းတုန်းမင်းကြီး တည်ထောင်ခဲ့ရာ ကျုံးအပါအဝင် နေရာခုနစ်ခုတို့ကို တစ်ပြိုင်နက် အုတ်မြစ်ချ၍ တည်ခဲ့သည်။)



ရှေးဘုရင်မင်းများ နန်းစိုက်ခဲ့သည့် မန္တလေးမြို့၏ ထင်ရှားကျော်ကြားသော မြနန်းစံကျော် ရွှေနန်းတော်



မန္တလေးမြို့ရောက်ညေ့်သည်တို့ ဦးဆုံးဖူးမြော်လေ့ရှိကြသော မဟာမုနိဘုရားကြီး



ကမ္ဘာ့အကြီးဆုံးစာအုပ်ကြီးအဖြစ် ကျော်ကြားပြီး ကမ္ဘာ့ယဉ်ကျေးမှု အမွေအနှစ်စာရင်းဝင် ကုသိုလ်တော်ဘုရားအတွင်း တည်ရှိသော ပိဋကတ်ကျောက်စာများ



ကုန်းဘောင်ခေတ် မြန်မာမှုအနုပညာဗိသုကာလက်ရာများဖြင့် ဖော်ကျူးထားသော ရွှေနန်းတော်ကျောင်း (ရွှေကျောင်း)



မန္တလေးမြို့၏ တောင်ဘက်ရှိ ဦးပိန်တံတားနှင့်တောင်သမန်အင်း နေဝင်ဆည်းဆာအလှ



ကမ္ဘာလှည့်ခရီးသွားများကို အထူးဆွဲဆောင်ထားနိုင်သော မန္တလေးတောင်တော်မှ နေဝင်ဆည်းဆာချိန်

# လူမှုဖူလုံရေးသည် ပိုမိုကောင်းမွန်သော ကျန်းမာရေးဝန်ဆောင်မှုဆီသို့၊ ပိုမိုကောင်းမွန်သော စီမံခန့်ခွဲရေးဆီသို့ အလုပ်ရှင်၊ အလုပ်သမားအားကိုးတဲ့ ဌာနကြီးဖြစ်အောင် ဦးတည်ချက်နဲ့ သွားနေပါတယ်

ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်အေး

## လူမှုဖူလုံရေးအကျိုးခံစားခွင့်များနှင့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များဆိုင်ရာ စကားဝိုင်း

**လူမှုဖူလုံရေးအကျိုးခံစားခွင့်များနှင့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များအတွက် စကားဝိုင်းဆွေးနွေးပွဲ တတိယပိုင်းကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ရိုက်ကူးထုတ်လွှင့်ခဲ့သည်။ စကားဝိုင်းဆွေးနွေးပွဲတွင် လူမှုဖူလုံရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်အေး၊ ညွှန်ကြားရေးမှူး ဒေါ်သန်းသန်းနု၊ အလုပ်ရှင်ကိုယ်စားလှယ် ဦးဝင်းနိုင်၊ အလုပ်သမားကိုယ်စားလှယ် ဒေါ်ဖြိုးစန္ဒာစိုးနှင့် ILO မှ အရာရှိ ဒေါက်တာ သိန်းသန်းဌေးတို့က ပါဝင်ဆွေးနွေးခဲ့ကြသည်။**

*ယမန်နေ့မှအဆက်*



**အစီအစဉ်မှူး ။ ။ လူမှုဖူလုံရေး အလုပ်သမားတွေအပေါ် ဝန်ဆောင်မှုပေးတယ်။ ပြုပြင်ပြောင်းလဲမှုတွေ တစ်ပြိုင်နက် လုပ်ဆောင်ပေးနေတဲ့အပေါ်မှာ အလုပ်ရှင်တွေရဲ့ အမြင်တွေကရော ဘယ်လိုများရှိမလဲ သိပါရစေ။**

**အလုပ်ရှင်ကိုယ်စားလှယ်** ။ ။ အတူတူပါပဲ အင်မတန် ကောင်းတဲ့ အစီအစဉ်တွေလို့ ပြောလိုပါတယ်။ IT Reform ဆိုရင် အလုပ်သမားကိုယ်စားလှယ် ပြောကြားသွားသလိုပါပဲ။ ကျွန်တော်တို့ အလုပ်ရှင်တွေက ကိုယ့်အလုပ်သမားဟာ မှတ်ပုံတင်ထားသလား၊ အကျုံးဝင်လုပ်သားဖြစ်ရဲ့လားဆိုတဲ့ အနေအထားကို ကြုံရပါတယ်။ အချို့ကျတော့ သူတို့ရဲ့ နိုင်ငံသားစိစစ်ရေးကတ်ပြားကိုက လက်လွှဲပြီးသုံးထားတယ်။ ဒါကြောင့် ဒီဘက်မှာ SSB နဲ့ ပတ်သက်တဲ့ နံပါတ်ရဖို့ ခက်တာတွေရှိတယ်။ အခု Reform တွေက အများကြီးအကျိုးရှိတယ်။ Medical Reform ဆိုတာလည်း ကျွန်တော်တို့အားလုံး မျှော်လင့်နေကြပါတယ်။ အလုပ်သမားတွေ အဆင်ပြေပြေနဲ့ ကျန်းမာရေးအနီးကပ်စောင့်ရှောက်မှု ရနိုင်မှာပါ။

**အစီအစဉ်မှူး ။ ။ ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်။ အလုပ်သမား ကိုယ်စားလှယ်ဘက်ကလည်း ပြောပြပေးပါဦး။**

**အလုပ်သမားကိုယ်စားလှယ်** ။ ။ ကျွန်မ တို့ကလည်း အခုလို ပြုပြင်ပြောင်းလဲမှု လုပ်ငန်းစဉ်တွေကို ကြိုဆိုပါတယ်။ ဒီနေရာကနေ ပြောချင်တာကတော့ ကျွန်မတို့ရဲ့ အလုပ်သမား ညီအစ်ကို မောင်နှမတွေ နည်းပညာစနစ်ကို သုံးတဲ့နေရာမှာ လိုက်ပါပေးကြဖို့ လိုအပ်ပါတယ်။ ကျွန်မတို့ ကိုယ်တိုင်လည်း ဒီလိုနည်းပညာသစ်တွေကို မသုံးဘဲနေလို့ မရတော့ပါဘူး။ အကျိုးခံစားခွင့်တွေကို ပိုပြီး လွယ်လွယ်ကူကူ ခံစားလို့ရမယ်။ အခုလို ရုံးစာအဝင်အထွက်ကို အီလက်ထရွန်နစ်နဲ့သွားမယ်။ အီးမေးလ်အသုံးပြုပြီး အချက်အလက်တွေ ပေးပို့မယ်။ ဒီလိုမျိုးဆိုရင် အရာရာမြန်ဆန်ပြီး ပိုထိရောက်လာနိုင်သလို ကုန်ကျစရိတ်လည်း အများကြီး သက်သာသွားမယ်။ ဒီနေရာမှာ အရေးကြီးတာက ကျွန်မတို့ ညီအစ်ကိုမောင်နှမ အလုပ်သမားတွေဟာ အမီလိုက်ပြီး ဒီစနစ်ထဲမှာ အသားကျစွာနဲ့ လိုက်ပါပြောင်းလဲနိုင်ကြဖို့ ကျွန်မက အကြံပြုပါတယ်။

နောက်တစ်ခုကတော့ Legal Reform နဲ့ ပတ်သက်ပြီး အလုပ်ရှင်၊ အလုပ်သမား၊ အစိုးရ သုံးပွင့်ဆိုင် သဘောတူညီပြီးပါပြီ။ ကျွန်မတို့က အလုပ်သမား၊ အလုပ်ရှင် အဓိပ္ပာယ်ဖွင့်ဆိုချက်ကအစ ခေတ်မီအောင် လိုက်ပြောင်းလဲဖို့ လိုပါတယ်။ ကျွန်မတို့ တတ်နိုင်တဲ့ဘက်ကနေ အားလုံး ပူးပေါင်းပါဝင်ဖို့ လိုပါတယ်။ အဓိကစဉ်းစားတာမှာ နိုင်ငံက အရာရာနောက်ကျနေသေးတယ်ဆိုပေမယ့် နောက်ကျတာကို အခွင့်အလမ်းတစ်ခုအနေနဲ့လည်း ပြန်သုံးကြဖို့ လိုပါတယ်။ သူများနိုင်ငံမှာ မှားခဲ့တဲ့ အမှားတွေကို ကျွန်မတို့ မမှားတော့ဘူး။ ခုန်ပျံကျော်လွှားသွားကြမယ်။ ပိုပြီးတော့ ခေတ်နဲ့ညီတဲ့စနစ်ကို ကူးပြောင်းကြမယ်။ မူဝါဒတွေ ချမှတ်ရာမှာ ပိုပြီးအားလုံးပါဝင်နိုင်အောင် အားလုံး စာဖတ်ကြဖို့၊ ပြောင်းချင်တဲ့ အမြော်အမြင်ရှိဖို့ လိုပါတယ်။ ဒါတွေကိုလည်း အားလုံးသိရှိအောင် သက်ဆိုင်ရာအဆင့်ဆင့်ကို ပေးပို့ဖို့ လိုအပ်ပါတယ်။ ဒါတွေကို ထည့်သွင်းပြီးတော့လည်း စဉ်းစားပေးဖို့ လိုပါတယ်။

ဥပမာပြောရရင် Technical Expect တွေ ရှိပါတယ်။ ကျွန်မတို့ ကိုယ်မကျွမ်းကျင်တဲ့အပိုင်းမှာ မပါနိုင်ပေမယ့် ရှိထားပြီးသား ပညာရှင်တွေရဲ့ လုပ်ဆောင်ချက်အပေါ် ကိုယ်နိုင်တဲ့ဘက်ကနေ အားလုံးအကျုံးဝင်ဖြစ်စေဖို့ ပူးပေါင်းပါဝင်ကြပါလို့ ထပ်လောင်းပြောကြားလိုပါတယ်။

**အစီအစဉ်မှူး ။ ။ အခုဆွေးနွေးရမှာက Reform (ပြုပြင်ပြောင်းလဲမှု) နဲ့ ပတ်သက်ပြီး ဆောင်ရွက်တဲ့အခါ ILO နဲ့ ဆောင်ရွက်တာဖြစ်တဲ့အတွက် ILO ရဲ့ National Officer ဒေါက်တာ သိန်းသန်းဌေးကို မေးမြန်းလိုပါတယ်။ ဘယ်လိုပူးပေါင်းဆောင်ရွက်နေတယ်ဆိုတာကို အများပြည်သူသိအောင် ပြောပြပေးပါ။**

**ILO ကိုယ်စားလှယ်** ။ ။ ကျွန်တော်တို့ ILO က တကယ်ကို ထဲထဲဝင်ဝင် ဆောင်ရွက်နေတာဖြစ်လို့ ပထမဆုံးမြင်တာကတော့ လက်ရှိလူမှုဖူလုံရေးစနစ်သည် လွန်ခဲ့တဲ့ နှစ်ပေါင်း ၆၀ ကနေ အမွေခံလာတဲ့ လူမှုဖူလုံရေး ဖြစ်ပါတယ်။ စနစ်ကတော့ ဥပဒေသစ်နဲ့ သွားနေပါတယ်။ လွန်ခဲ့တဲ့ ၂၀၁၂၊ ၂၀၁၃ ကြားမှာ အာမခံအလုပ်သမား ခုနစ်သိန်းပဲ ရှိခဲ့တယ်။ ၂၀၁၄ ပြီကနေ အခုအချိန်အထိ လေးနှစ်ကျော်မှာ အာမခံအလုပ်သမားဦးရေက နှစ်ဆလောက် တိုးလာတယ်။ ၁၂ သိန်းခွဲ ဖြစ်သွားပါတယ်။ ဒါပေမယ့် ဝန်ထမ်းက နှစ်ဆတိုးမလာဘူး။ စနစ်က နှစ်ဆပိုမြန်မလာဘူး။

လူမှုဖူလုံရေး အဖွဲ့အစည်းဆိုတာမျိုးဟာ ရေတိုအဖွဲ့အစည်း မဟုတ်ပါဘူး။ မြန်မာနိုင်ငံကြီး တည်ရှိနေသရွေ့ လူမှုဖူလုံရေးဟာ ဆက်လက်တည်ရှိနေရမှာပါ။ အာမခံအလုပ်သမားတွေရဲ့ ထည့်ဝင်ကြေးသည် တစ်နှစ်ကစပြီး နှစ်ပေါင်း ၆၀ အထိ ထိန်းသိမ်းထားဖို့ လိုပါတယ်။ အခုလက်ရှိ အနေအထားအရ အာမခံစနစ်သုံးမျိုးမှာ မိသားစုအာမခံစနစ်ဆိုရင် ဒီစနစ်ကို အကျိုးခံစားခွင့်ရဖို့ ၃၆ လ ထည့်ဝင်ကြေးကို တစ်ရှက်ချင်း ပြန်လှန်တယ်ဆိုရင် ၃၆ ခါ ပြန်လှန်ရတယ်။ အယောက်တစ်သန်းရဲ့လုပ်ငန်းဆိုရင် ဘယ်လောက်ဖြစ်မလဲ။ ဒီအတိုင်းဆက်သွားဖို့ မဖြစ်ဘူးဆိုတာ ကျွန်တော်တို့ လူမှုဖူလုံရေးက ကောင်းကောင်းသဘောပေါက်ပါတယ်။

### အိုင်တီစနစ်

ဒါကြောင့် ILO နဲ့ ပေါင်းပြီး အိုင်တီစနစ်ကို စပြီးပြုပြင်ပြောင်းလဲရေးလုပ်ရအောင်၊ နိုင်ငံတကာ စံချိန်စံညွှန်းမီတဲ့ စနစ်ကြီးလုပ်ရအောင်၊ အဲဒီမှာ လူမှုဖူလုံရေးအဖွဲ့ရဲ့စဉ်းစားပုံလေး ကောင်းတာကို ချီးကျူးပါတယ်။ အိုင်တီစနစ်ပြုပြင်ပြောင်းလဲရေးသည် အလုပ်ရှင်လည်း သုံးရပါမယ်၊ အလုပ်ရှင်ကလည်း ထည့်ဝင်ကြေးပေးထားတာကြောင့် အလုပ်သမားက အကျိုးခံစားရတာပါ။ ဒါကြောင့် သူတို့လည်း အိုင်တီစနစ်မှာ ပါဝင်သင့်ပါတယ်။ ဒီစနစ်ကြီးက သုံးနှစ်ပြီးသွားရင် အလုပ်ရှင် အလုပ်သမား အစိုးရ ဘက်ပေါင်းစုံက သုံးလာရမယ့် နည်းပညာစနစ်ကြီး ဖြစ်လာပါမယ်။ ပြည့်စုံတဲ့ သတင်းအချက်အလက်အတော်များများဟာ အလုပ်ရှင်ဆီကနေ လူမှုဖူလုံရေးကို လာပါတယ်။ လူမှုဖူလုံရေး အကျိုးခံစားခွင့်သည် အလုပ်သမားကို ပေးလိုက်တဲ့ အချို့ကိစ္စတွေသည် အလုပ်ရှင်လည်း သိရှိနိုင်ပါတယ်။ အားလုံးသိရမယ်ဆိုတဲ့ စနစ်ဟာ ဘုံစနစ်ဖြစ်ရပါမယ်။ ဒါကြောင့် ဒီစနစ်ကို လုပ်ဖို့ သဘောတူပြီးမှ တွန်းတွန်းတိုက်တိုက် လုပ်ကြရပါတယ်။

အဲဒီမှာ တွေ့လာရတာက Admin Reform ဖြစ်ပါတယ်။ နှစ်ပေါင်း ၆၀ ကျော်က လုပ်ထုံးလုပ်နည်းတွေ ပါတယ်။ ရှေးရိုးစွဲပုံစံတွေကို မြင်ရတယ်။ ဒါကြောင့် နောင်နှစ်မှာ ရန်ကုန်နဲ့ မန္တလေးတွေမှာ ရှေ့ပြေးစမ်းသပ်အစီအစဉ်တွေ စတင်မယ်။ ဖြေလျှော့ထားတဲ့ လုပ်ငန်းတွေကို အကျိုးခံစားခွင့်တွေ မြန်မြန်ရအောင်၊ ထည့်ဝင်ကြေးပေးတဲ့ အလုပ်ရှင်တွေကလည်း ထည့်ဝင်ကြေးကို မြန်မြန်ပေးသွင်းအောင်ဆိုတာမျိုး လုပ်ပါတယ်။

### စိန်ခေါ်မှုတွေ

IT Reform ကြီး ဖြစ်လာပြီဆိုရင် ခုနက ပြောသွားတဲ့ ပင်စင်စနစ်ကို ကျွန်တော်တို့ ကောင်းကောင်းကိုင်တွယ်နိုင်သွားပြီ။ လူငါးသန်းလာမလား၊ ရှစ်သန်းလာမလား အေးအေးဆေးဆေးလုပ်နိုင်သွားပြီ။ အဲဒီမှာ ပထမဆုံး Admin Reform လုပ်မယ်။ ဥပဒေကနေလည်း အကျပ်အတည်းတွေ ရှိပါတယ်။ အချို့ကိစ္စတွေကို လုပ်ကိုင်မယ်ဆိုရင် ဥပဒေကို မပြင်ဆင်ဘဲနဲ့ မရပါဘူး။ ဥပဒေပြင်ဆင်မှုရမယ့် အနေအထားတွေ ရှိပါတယ်။ တကယ်တော့ အဆုံးသတ်သည် IT Reform Admin Reform ပြီးတော့ Legal Reform ဖြစ်လိမ့်မယ်။

တစ်ပြိုင်နက်မှာ ကျန်းမာရေးစောင့်ရှောက်မှုကိုလည်း ထည့်သွင်းစဉ်းစားရမှာ ဖြစ်ပါတယ်။ ဒါက ILO ကလည်း အကြံပြုထားတယ်။ Reform သုံးခုမှာ Medical Reform ကို ဖြည်းဖြည်းပဲ လုပ်စေချင်တယ်။ နိုင်ငံတကာအတွေ့အကြုံတွေကို ယူပြီးမှ သူမှားတဲ့ အတွေ့အကြုံတွေကို ယူပြီး ဘာတွေကြုံတွေ့ခဲ့ကြသလဲ၊ ဘယ်လိုစိန်ခေါ်မှုတွေ ရှိသလဲ ဆိုတာနဲ့ လက်ရှိအနေအထားမှာ ဘယ်လို ရှောင်လွှဲသွားကြမလဲဆိုတာတွေကို သိနိုင်ဖို့ ဖြစ်ပါတယ်။

အဆုံးသတ်အနေနဲ့ ကျွန်တော်တို့ ILO က လက်ရှိ မြန်မာနိုင်ငံ လူမှုဖူလုံရေးပြုပြင်ပြောင်းလဲမှုမှာ အလုပ်ရှင်၊ အလုပ်သမား၊ အစိုးရရဲ့ ပူးပေါင်းဆောင်ရွက်မှုက အားရဖို့ကောင်းတယ်လို့ မြင်ပါတယ်။ အခြားနိုင်ငံတွေနဲ့လည်း မတူညီပါဘူး။ ဒီပုံစံအတိုင်းကို ဆက်ပြီးသွားမယ်ဆိုရင် နောက်မကြာမီကာလအတွင်း လူမှုဖူလုံရေးရဲ့ သမိုင်းမျက်နှာစာသစ်တစ်ခုကို ဖွင့်လှစ်နိုင်မယ်လို့ ကျွန်တော်တို့က ယူဆပါတယ်။

**အစီအစဉ်မှူး ။ ။ ပြုပြင်ပြောင်းလဲမှု လုပ်ငန်းစဉ်တွေ ပြီးဆုံးသွားရင် ဘယ်လိုအကျိုးကျေးဇူးတွေ ရလာမလဲ ဆိုတဲ့အပေါ်ကိုလည်း သုံးသပ်ဆွေးနွေးပေးဖို့ ညွှန်ကြားရေးမှူးချုပ်ကို ပြောကြားစေလိုပါတယ်။**

**ညွှန်ကြားရေးမှူးချုပ်** ။ ။ အခုလို ပြုပြင်ပြောင်းလဲရေးတွေကို လုပ်ဆောင်ခြင်းအားဖြင့် အကျိုးကျေးဇူးရတာကတော့ အလုပ်ရှင်ကော၊ အလုပ်သမားကော၊ အစိုးရကော သုံးဦးစလုံး ရမှာပါ။ လူမှုဖူလုံရေးအဖွဲ့ဟာ ရုံးချုပ်၊ ရုံးခွဲ၊ ဆေးရုံ၊ ဆေးခန်းတွေကို ဒီ Network ချိတ်ဆက်ထားတဲ့ အိုင်တီစနစ်နဲ့ သွားနေတဲ့အတွက် မြန်လာမယ်။ လွယ်ကူချောမွေ့လာမယ်။ ဥပမာပြောရရင် အကျိုးခံစားခွင့်ပေးတဲ့ လုပ်ငန်းတွေ၊ နှောင့်နှေးကြန့်ကြာတာတွေ ပိုမြန်လာမယ်။ ဆေးကုသမှု ဝန်ဆောင်မှုကလည်း ပိုကောင်းလာမယ်။ ခေတ်မီတဲ့ ဆေးရုံတွေနဲ့ ချိတ်ဆက်ပြီးတော့ စာချုပ်ချုပ်ဆိုနိုင်မှာဖြစ်တဲ့အတွက် အာမခံအလုပ်သမားတွေလည်း လွယ်ကူစွာ ချိတ်ဆက်ကုသနိုင်မယ်။

ကျွန်တော်တို့ရဲ့ ဥပဒေက နိုင်ငံတကာ ကျင့်သုံးမှုနဲ့ ပိုပြီးတော့ တူလာပြီးတော့ မြန်ဆန်လာမယ်လို့ ယုံကြည်ပါတယ်။ Paper Based အစား Electronic Based ကိုသွားတဲ့ စနစ်မို့ နိုင်ငံတော်လျှောက်လှမ်းမယ့် e-Government နဲ့ ချိတ်ဆက်နိုင်မယ်။ နိုင်ငံတစ်ဝန်းမှာ ခေတ်မီတဲ့ ဆေးခန်းတွေရှိသလို လူမှုဖူလုံရေးကလည်း ဒေသတွင်း၊ နိုင်ငံတွင်းမှာရှိတဲ့ ဆေးရုံ၊ ဆေးခန်းတွေနဲ့ စာချုပ်ချုပ်ထားတာဖြစ်တဲ့အတွက် ပိုကောင်းတဲ့ ကျန်းမာရေးဝန်ဆောင်မှုတွေ ပေးနိုင်မယ်။

အလုပ်ရှင်တွေကလည်း လက်ရှိအခက်အခဲဖြစ်နေတဲ့ Contribution အပိုင်းပေါ့။ ကျွန်တော့်ဆီလာရင် ထည့်ဝင်ကြေးပေးတာတွေက ကြာတယ်။ ကြာတဲ့အတွက် ဒီစနစ်အတိုင်းသွားမယ်။ မြန်လာမယ်။ ဒီလိုအကျိုးကျေးဇူးတွေရမယ်။ ထည့်ဝင်ကြေးပေးတဲ့ ကိစ္စတင်မဟုတ်ဘဲ မှတ်ပုံတင်ကိစ္စတွေလည်း ပိုမြန်လာမယ်။ e Payment ဖြစ်လာလို့ ထည့်ဝင်ကြေးကိစ္စတွေဟာ ပိုမြန်လာမယ်။

### ပိုကောင်းတဲ့ဝန်ဆောင်မှု

အလုပ်သမားအတွက်ကတော့ လက်ရှိကျင့်သုံးနေတဲ့ ကျန်းမာရေးဝန်ဆောင်မှုထက် ပိုကောင်းတဲ့ ဝန်ဆောင်မှုကို ရလာမှာပါ။ အလုပ်သမားတွေဟာ နံနက် ၈ နာရီက ည ၈ နာရီအထိ ဆေးကုသမှုဝန်ဆောင်မှုကို ရရှိသွားမှာ ဖြစ်ပါတယ်။ စာချုပ်ချုပ်တဲ့ ဆေးခန်းတွေကနေ ဝန်ဆောင်မှုကောင်းတွေရလာမယ်။ ဒီကနေ လူမှုဖူလုံရေးကို ယုံကြည်မှုတွေ ရှိလာမယ်။

အလုပ်သမားတွေအနေနဲ့ ဆွေးနွေးခဲ့သလို လုပ်ငန်းခွင်မှာပျော်ရွှင်ပြီး ဝန်ဆောင်မှုတွေ ကောင်းလာတာနဲ့အမျှ ကျန်းမာရေးတွေ ကောင်းလာပြီး လုပ်ဆောင်မှုတွေ တိုးတက်လာမယ်။ အလုပ်ရှင်ကိုလည်း အကျိုးပြုနိုင်ပြီး အပြန်အလှန်လူမှုဘဝတွေလည်း လုံခြုံလာမှာဖြစ်ပါတယ်။

နိဂုံးချုပ်ဆွေးနွေးလိုတာက လူမှုဖူလုံရေးအဖွဲ့က လူမှုရေးစီမံကိန်းအောင်မြင်အောင် အပတ်တကုတ် ကြိုးစားဆောင်ရွက်နေပါတယ်။ လိုအပ်ချက်တွေလည်း ရှိနေပါသေးတယ်။ ဒါတွေကို ပြုပြင်ဆောင်ရွက်မှုတွေလည်း လုပ်ဆောင်လျက်ရှိပါတယ်။ အဲဒီလို ဆောင်ရွက်တဲ့အခါ အလုပ်ရှင်၊ အလုပ်သမား၊ အစိုးရ ပူးပေါင်းပြီးတော့ တစ်ယောက်ကိုတစ်ယောက် ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီ ညီအစ်ကိုစိတ်ဓာတ်နဲ့ ILO အပါအဝင် ဝိုင်းဝန်းဆောင်ရွက်ပေးမှသာ လူမှုဖူလုံရေးစီမံကိန်းကြီးက မျှော်မှန်းခဲ့သလို တစ်မျိုးသားလုံး အကျိုးဝင်တဲ့ စီမံကိန်းဖြစ်လာမယ်လို့ ယုံကြည်ပါတယ်။

လူမှုဖူလုံရေးသည် ပိုမိုကောင်းမွန်သော ကျန်းမာရေးဝန်ဆောင်မှုဆီသို့၊ ပိုမိုကောင်းမွန်သော စီမံခန့်ခွဲရေးဆီသို့ အလုပ်ရှင်၊ အလုပ်သမားအားကိုးတဲ့ ဌာနကြီးဖြစ်အောင် ဦးတည်ချက်နဲ့ သွားနေပါတယ်။ နောက်ဆုံးအနေနဲ့ ကျွန်တော်တို့ အရင်တုန်းက လူမှုဖူလုံရေးသည် SSB Centric နဲ့ သွားတယ်။ အခုတော့ Client Centric နဲ့ သွားတယ်ဆိုတာ အားလုံးကို အသိပေးရင်း နိဂုံးချုပ်ပါတယ်။ ။

**ခင်ရတနာ၊ ဓာတ်ပုံ- မေဦးမိုး**

**"အဆုံးသတ်အနေနဲ့ ကျွန်တော်တို့ ILO က လက်ရှိ မြန်မာနိုင်ငံ လူမှုဖူလုံရေးပြုပြင်ပြောင်းလဲမှုမှာ အလုပ်ရှင်၊ အလုပ်သမား၊ အစိုးရရဲ့ ပူးပေါင်းဆောင်ရွက်မှုက အားရဖို့ကောင်းတယ်လို့ မြင်ပါတယ်။ အခြားနိုင်ငံတွေနဲ့လည်း မတူညီပါဘူး။ ဒီပုံစံအတိုင်းကို ဆက်ပြီးသွားမယ်ဆိုရင် နောက်မကြာမီကာလအတွင်း လူမှုဖူလုံရေးရဲ့ သမိုင်းမျက်နှာစာသစ်တစ်ခုကို ဖွင့်လှစ်နိုင်မယ်လို့ ကျွန်တော်တို့က ယူဆပါတယ်"**

## မူးယစ်ဆေးဝါးပပျောက်ရေးဆောင်ပုဒ်များ ပါဝင်ယှဉ်ပြိုင်ရန် ဖိတ်ခေါ်

**နေပြည်တော် ဇန်နဝါရီ ၁၆**

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့က ကြီးမှူးကျင်းပမည့် ၂၀၁၉ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ (၂၂)ကြိမ်မြောက် ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ တေးသီချင်း၊ ဓာတ်ပုံ၊ ကွန်ပျူတာပိုစတာ၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီပြိုင်ပွဲများ၌ခေါင်းစဉ်အဖြစ် အသုံးပြုရန်အတွက် မူးယစ်ဆေးဝါးပပျောက်ရေး ဆောင်ပုဒ်ငါးခု ရွေးချယ်မည်ဖြစ်၍ ပါဝင်ယှဉ်ပြိုင်ရန် ဖိတ်ခေါ်ထားကြောင်း သိရသည်။

(၁) တစ်ဦးလျှင် ဆောင်ပုဒ်နှစ်ခု ပါဝင်ယှဉ်ပြိုင်နိုင်ပါသည်။
(၂) ဆောင်ပုဒ်တစ်ခုချင်းစီအား မြန်မာ-အင်္ဂလိပ် နှစ်ဘာသာဖြင့် ယှဉ်ပြိုင်ရမည်။
(၃) မြန်မာဘာသာအတွက် Font size- 13, Myanmar-3 ဖြင့် လည်းကောင်း၊ အင်္ဂလိပ်ဘာသာအတွက် Font size -12, Myanmar -3 ဖြင့်လည်းကောင်း ယှဉ်ပြိုင်ရမည်ဖြစ်သည်။
(၄) ပြိုင်ပွဲဝင်ဆောင်ပုဒ်များအား ၁၅-၂-၂၀၁၉ ရက်နေ့အရောက် ပေးပို့ယှဉ်ပြိုင်ရမည်။
(၅) ဆောင်ပုဒ်ယှဉ်ပြိုင်သူများသည် Fax ၀၆၇၃ - ၄၀၁၇၁၆နှင့် Email ccdacpm@gmail.com သို့ ပေးပို့ရမည်။
(၆) ဆောင်ပုဒ်ယှဉ်ပြိုင်သူများ၏ ဆက်သွယ်ရန် ဖုန်းနံပါတ်နှင့် အမည်၊ နေရပ်လိပ်စာပြည့်စုံစွာ ပါရှိရမည်။


ပြန်ကြားရေးဝန်ကြီးဌာန ၊ ပညာရေးဝန်ကြီးဌာန နှင့် ကချင်ပြည်နယ်အစိုးရအဖွဲ့တို့ ပူးပေါင်းကျင်းပသော

ကလေးစာပေပွဲတော်

ကလေးစာပေပြပွဲ နှင့် စာအုပ်ဈေးရောင်းပွဲ

( မြစ်ကြီးနားမြို့ )

၂၀၁၉ ခုနှစ် ၊ ဇန်နဝါရီလ (၂၀၊ ၂၁၊ ၂၂)ရက်၊ (တနင်္ဂနွေ၊ တနင်္လာ၊ အင်္ဂါ)နေ့များတွင် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ မည်သူမဆို ပါဝင်ဆင်နွှဲနိုင်ပါသည်။

မြစ်ကြီးနားတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ ၊ မြစ်ကြီးနားမြို့။






## (၇၁)နှစ်မြောက် ကချင်ပြည်နယ်နေ့ ဂုဏ်ပြုအထိမ်းအမှတ် မြန်မာ့ကျောက်စိမ်းရတနာစိုက်ထူ

**မြစ်ကြီးနား ဇန်နဝါရီ ၁၆**

(၇၁) နှစ်မြောက် ကချင်ပြည်နယ်နေ့ ဂုဏ်ပြုအထိမ်းအမှတ် မြန်မာ့ကျောက်စိမ်းရတနာ စိုက်ထူပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီက မြန်မာ့ကျောက်စိမ်းရတနာစိုက်ထူမည့် မြစ်ကြီးနား လေဆိပ်အဆောက်အအုံရှေ့၌ ကျင်းပသည်။

အခမ်းအနားတွင် ကချင်ပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာခက်အောင်က အမှာစကား ပြောကြားရာတွင် ယနေ့ အခမ်းအနားသည် (၇၁) နှစ်မြောက် ကချင်ပြည်နယ်နေ့ ဂုဏ်ပြုအထိမ်းအမှတ်အဖြစ် ပြည်နယ်အထိမ်းအမှတ် ကျောက်စိမ်းရတနာကို မြစ်ကြီးနားမြို့လေဆိပ်အဆောက်အအုံရှေ့၌ စိုက်ထူသည့် အခမ်းအနားဖြစ်ပါကြောင်း၊ ယခုကဲ့သို့ စိုက်ထူရသည့် ရည်ရွယ်ချက်မှာ မိမိတို့ပြည်နယ်သည် ကျောက်စိမ်းထွက်ရှိသည့် ပြည်နယ်ဖြစ်သည့်အတွက် ပြည်နယ်အထိမ်းအမှတ် ကျောက်စိမ်းကို ပြည်သူများလေ့လာသိရှိနိုင်ရန် အများပြည်သူဝင်ထွက်သွားလာရာ လေဆိပ်တွင် ထားရှိစိုက်ထူခြင်းဖြစ်ပါကြောင်း၊ လေဆိပ်တွင် စိုက်ထူထားရှိသည့်အတွက် ပြည်တွင်းခရီးသွားများအပြင် ပြည်ပခရီးသွားများလည်း မြန်မာ့ကျောက်စိမ်းရတနာကို လေ့လာသိရှိနိုင်ကြမည်ဖြစ်ပါကြောင်း၊ ထိုသို့ လေ့လာသိရှိခဲ့သည့်အတွက် ကျောက်စိမ်းနှင့်အတူ မိမိတို့၏ ပြည်နယ်ကိုလည်း တွဲဖက်အမှတ်ရနေကြမည်ဖြစ်ပါကြောင်း၊ ထို့ပြင် မိမိတို့ပြည်နယ်၏ အထိမ်းအမှတ် ကျောက်စိမ်းကို အများပြည်သူများ တန်ဖိုးထားသိရှိနိုင်ရန်နှင့် လေ့လာနိုင်ရန် ရည်ရွယ်၍ အခြားနေရာများတွင် ထပ်မံစိုက်ထူသွားမည့် အစီအစဉ်လည်း ရှိပါကြောင်း၊ ယခုကဲ့သို့ ပြည်နယ်အထိမ်းအမှတ် ကျောက်စိမ်းကို အများပြည်သူလေ့လာနိုင်ရန် လှူဒါန်းပေးပါသော အလှူရှင်မိသားစုအားလည်း အထူးကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ယင်းနောက် မြန်မာ့ကျောက်စိမ်းရတနာ အလှူရှင် ဒေါက်တာ ဘန်လွန်ဒူဝါဘွမ်ယန်က လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ဂုဏ်ပြုအထိမ်းအမှတ် မြန်မာ့ကျောက်စိမ်းရတနာကို လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးဝင်းညွှန့်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီး ဦးHလအောင်၊ စည်ပင်သာယာရေးဝန်ကြီး ဦးနေဝင်းနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်၍ လည်းကောင်း၊ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်နှင့် အလှူရှင် ဒေါက်တာ ဘန်လွန်ဒူဝါဘွမ်ယန်တို့က စက်ခလုတ်နှိပ်၍ လည်းကောင်း (**အပေါ်ပုံ**)ဖွင့်လှစ်ပေးသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က လှူဒါန်းမှု ဂုဏ်ပြုမှတ်တမ်းလွှာကို အလှူရှင်ထံ ပေးအပ်သည်။

အဆိုပါ ကျောက်စိမ်းတုံးမှာ တန်ချိန် ၆ ဒသမ ၃၇ တန်၊ အမြင့် ရှစ်ပေနှင့် အကျယ် လေးပေရှိကြောင်း သိရသည်။

**သတင်းစဉ်**

## အော်ဂဲနစ်စိုက်ပျိုးရေး စနစ်တကျဖွံ့ဖြိုးရေးအတွက် မြန်မာ့အော်ဂဲနစ်စံချိန်စံညွှန်းရေးဆွဲပြဋ္ဌာန်းရန် ညှိနှိုင်း

**နေပြည်တော် ဇန်နဝါရီ ၁၆**

အစားအစာဘေးကင်းလုံခြုံပြီး အာဟာရပြည့်ဝသော စိုက်ပျိုးရေးထွက်ကုန်များကို ပြည်သူများ ဖူလုံစွာစားသုံးနိုင်ရေးအတွက် အော်ဂဲနစ်စိုက်ပျိုးရေး စနစ်တကျဖွံ့ဖြိုးလာစေရေးနှင့် အော်ဂဲနစ်နှင့် ပတ်သက်သည့် စံချိန်စံညွှန်းများကို တိကျစွာလိုက်နာကျင့်သုံးနိုင်ရေးတို့အတွက် စိုက်ပျိုးရေးဦးစီးဌာနမှ ဦးဆောင်၍ မြန်မာ့အော်ဂဲနစ် စံချိန်စံညွှန်းရေးဆွဲပြဋ္ဌာန်းရန် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၁၄ ရက် နံနက်ပိုင်းက နေပြည်တော် အမျိုးသားပရဆေးဥယျာဉ်၌ ကျင်းပရာ စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ဆက်စပ်ဌာနများမှ တာဝန်ရှိသူများ တက်ရောက်ဆွေးနွေးကြသည်။

အဆိုပါ အစည်းအဝေးကို နိုင်ငံအလိုက် အော်ဂဲနစ်စံချိန် စံညွှန်းကို သတ်မှတ်ဆောင်ရွက်ကြသည့်နည်းတူ မြန်မာနိုင်ငံ၏ အခြေခံလိုအပ်ချက်များနှင့် လိုက်လျောညီထွေမှုရှိသည့် အော်ဂဲနစ်စနစ် ကျင့်သုံးနိုင်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးရေးသုတေသန၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ အခြားဝန်ကြီးဌာနများအောက်ရှိ ဆက်စပ်ဌာနများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ ၊ အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ ပါဝင်ဆွေးနွေးသည့် မြန်မာ့အော်ဂဲနစ် စံချိန်စံညွှန်းရေးဆွဲပြဋ္ဌာန်းရန် ကျင်းပရခြင်းဖြစ်ကြောင်း၊ အစည်းအဝေးမှ ရရှိလာမည့် အကြံဉာဏ်များနှင့် ဆွေးနွေးချက်များကို အခြေခံ၍ အော်ဂဲနစ်စံချိန်စံညွှန်း ရေးဆွဲပြဋ္ဌာန်းရေးလုပ်ငန်းစဉ်ကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက ပြောကြားသည်။

အော်ဂဲနစ်စံချိန်စံညွှန်း ပြဋ္ဌာန်းခြင်းသည် ဆောင်ရွက်နေသူအားလုံးကို စည်းမျဉ်းစည်းကမ်းများနှင့် တင်းကျပ်အောင် ဆောင်ရွက်လိုခြင်းမဟုတ်ဘဲ ထုတ်လုပ်လိုက်သည့် ထုတ်ကုန်များ အရည်အသွေးပြည့်ဝရေး၊ ဘေးအန္တရာယ်ကင်းရှင်း၍ အာဟာရပြည့်ဝသော အော်ဂဲနစ်ထုတ်ကုန်များဖြစ်ရေးတို့အတွက် ရည်ရွယ်ခြင်းဖြစ်ကြောင်း ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးလှမြင့်အောင်က ပြောကြားသည်။

သီးနှံအားလုံးကို အော်ဂဲနစ်ကျင့်သုံးခြင်းသည် အကောင်း ဆုံးဖြစ်သော်လည်း မိမိတို့နိုင်ငံအနေဖြင့် အော်ဂဲနစ်သီးနှံများကို ဈေးပိုမိုပေး၍ ဝယ်ယူသုံးစွဲမှုတွင် အလွန်အားနည်းလျက်ရှိနေသေးကြောင်း၊ လတ်တလောတွင် ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများကိုသာ အော်ဂဲနစ်စနစ် စတင်ကျင့်သုံးနိုင်မည်ဖြစ်ကြောင်း ညွှန်ကြားရေးမှူး ဦးသူရစိုးက ပြောကြားသည်။

ထို့အပြင် မြန်မာ့အော်ဂဲနစ် စံချိန်စံညွှန်း ရေးဆွဲပြဋ္ဌာန်းရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးမှရရှိသည့် အချက်အလက်များကို ဇန်နဝါရီလနောက်ဆုံးပတ်တွင် လှည်းကူးမြို့နယ်ရှိ VFRTC ၌ သက်ဆိုင်သူအားလုံးပါဝင်သည့် အခမ်းအနားပြုလုပ်ပြီး အော်ဂဲနစ်စံချိန်စံညွှန်း ကြေညာသည့်ပွဲ ဆောင်ရွက်မည်ဖြစ်ပြီး စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် တောင်သူများ စိုက်ပျိုးထုတ်လုပ်သည့် သီးနှံများ အရည်အသွေးပြည့်မီရေးနှင့် ဈေးကွက်ရရှိရေးအတွက် ဦးတည်ဆောင်ရွက်ရာ၌ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ(GAP)လုပ်ငန်းစဉ်များကို သီးနှံ ၁၅ မျိုး စိုက်ပျိုးထုတ်လုပ်ရာတွင် စတင်ဆောင်ရွက်ရေးကြိုးပမ်းခဲ့မှုအပေါ် မြန်မာGAPကို တောင်သူများနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များက လိုလားစွာ လိုက်နာကျင့်သုံးလျက်ရှိကာ ပြည်ပဈေးကွက်များကလည်း မြန်မာ GAP ထွက်ကုန်များကို စိတ်ဝင်စားမှုရှိလာကြသဖြင့် မြန်မာ GAP လမ်းကြောင်း အကောင်အထည်ပေါ်လာပြီဖြစ်ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။

**သိမ့်သိမ့်မိုး**

## အမေရိကန်ဒေါ်လာ သုံးဘီလီယံကျော်တန်ဖိုးရှိ ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်း ၁၂၀ကျော်ကို နေပြည်တော်တွင် ပြသမည်

**နေပြည်တော် ဇန်နဝါရီ ၁၆**

နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန -၂ တွင် အမေရိကန် ဒေါ်လာ ၃ ဘီလီယံတန်ဖိုးရှိသည့် ပြည်နယ်နှင့် တိုင်းဒေသကြီးများနှင့် ပုဂ္ဂလိကကဏ္ဍမှ ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းပေါင်း ၁၂၀ ကျော်ကို Invest Myanmar Summit 2019 ၌ ခင်းကျင်းပြသသွားမည် ဖြစ်ကြောင်း မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)မှ သိရသည်။

အဆိုပါအခမ်းအနားကို ဇန်နဝါရီ ၂၈ ရက်နှင့် ၂၉ ရက်တွင် ကျင်းပသွားမည်ဖြစ်ပြီး ပြည်တွင်း ပြည်ပ ရင်းနှီးမြှုပ်နှံသူများအနေဖြင့် မြန်မာနိုင်ငံရှိ အဓိကရင်းနှီးမြှုပ်နှံနိုင်သည့် စီမံကိန်းများကို ပထမဦးဆုံး တစ်စုတစ်စည်းတည်း လေ့လာခွင့်ရရှိနိုင်မည်ဖြစ်သည်။

“ဒီ အခမ်းအနားမှာ ပြည်တွင်း ပြည်ပက ရင်းနှီးမြှုပ်နှံသူတွေ အားလုံးနီးပါးက ခင်းကျင်းပြသွားမှာဖြစ်ပါတယ်။ ဒီလို ရင်းနှီးမြှုပ်နှံနိုင်တဲ့ စီမံကိန်းတွေကို လေ့လာနိုင်သလို မြန်မာနိုင်ငံမှာ ဘယ်လိုစီးပွားရေးကဏ္ဍတွေက ဘယ်လိုပုံစံနဲ့ သွားနေသလဲ။ စီမံကိန်းကြီးတွေက ဘယ်လိုတွေလဲဆိုတာတွေကို ရှင်းရှင်းလင်းလင်းသိသွားနိုင်မယ်။ ဒီလိုဆိုရင် နိုင်ငံရဲ့ စီးပွားရေးကဏ္ဍကို အများကြီး အကူအညီကောင်းတွေရလာနိုင်မယ်” ဟု UMFCCI ၏ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းက ပြောကြားသည်။

ယခုSummit တွင် အရေးပါသည့် အလားအလာကောင်းသော စီးပွားရေးလုပ်ငန်းများ ပါဝင်လာပြီး ဥပမာအားဖြင့် မန္တလေးတိုင်းဒေသကြီးရှိ မြို့သာစက်မှုစီမံကိန်းမျိုးလည်း ပါဝင်ကြောင်း သိရှိရပြီး လက်ရှိတွင် မြို့သာစီမံကိန်းသည် ပြည်သူ့ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ စီမံကိန်းဘဏ်၏ စီမံကိန်းများအနက် တန်ဖိုးမြင့်မားသည့် စီမံကိန်းဖြစ်ပြီး အခြေခံအဆောက်အအုံနှင့် လုပ်သားအင်အားများစွာ လိုအပ်သော စားသောက်ကုန်လုပ်ငန်းများ၊ သစ်အချောထည်ပစ္စည်းထုတ်လုပ်သည့် လုပ်ငန်းများ၊ အရင်းအနှီးများများလိုအပ်သည့် ဆေးဝါးထုတ်လုပ်ခြင်းလုပ်ငန်းများ၊ ပြည့်ဖြိုးမြစွမ်းအင် ထုတ်လုပ်အသုံးပြုမှုများနှင့် ဘဏ်လုပ်ငန်းများ၊ ငွေကြေးလုပ်ငန်းများ စသည်ဖြင့် အလုပ်အကိုင် ဖန်တီးမှုများစွာကို ကဏ္ဍပေါင်းငါးရပ်ဖြင့် အခွင့်အလမ်း ၃၃၇၀၀ ကျော်အထိ တိုးမြှင့်ထောက်ပံ့ပေးနိုင်မည်ဖြစ်သည်ဟု စီမံကိန်းလျာထားချက်များတွင် ဖော်ပြထားသည်။

“ကျွန်တော်တို့ကတော့ ဒီနေရာမှာ မြန်မာနိုင်ငံအတွက် အရေးကြီးသတင်းအချက်အလက် နှစ်ခုကို မိတ်ဆက်ပေးသွားဖို့ရှိတယ်။ နိုင်ငံရဲ့ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီတဲ့ ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းနဲ့ ပြည်သူ့ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ စီမံကိန်းဘဏ်တို့ ဖြစ်ပါတယ်။ တွေ့ဆုံဆွေးနွေးပွဲကို တက်ရောက်ကြမယ့် ပြည်သူတွေက စီမံကိန်းတွေရဲ့ အရေးပါမှုတွေနဲ့ အလားအလာတွေကို တက်ရောက်နားဆင်နိုင်ပါတယ်”ဟု Invest Myanmar Summit 2019 ၏ ဥက္ကဋ္ဌ ဦးဝေဖြိုးက ပြောကြားသည်။

Invest Myanmar Summit 2019 တွင် တက်ရောက်လာသူများမှာ ဝန်ကြီးဌာနနှင့် လုပ်ငန်းကဏ္ဍအသီးသီးမှ အထူးကိုယ်စားလှယ်များနှင့်လည်း တွေ့ဆုံဆွေးနွေးခွင့်ရရှိနိုင်မည် ဖြစ်ပြီး ပြည်တွင်း ပြည်ပမှ ရင်းနှီးမြှုပ်နှံသူ ၈၀၀ ကို ဖိတ်ကြားထားကြောင်း သိရသည်။ အဆိုပါ Invest Myanmar Summit 2019 ကို UMFCCI နှင့်အတူ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**ခင်ရတနာ**

# ရဲချုပ်တံခွန်စိုက်ဒိုင်း ပြေးခုန်ပစ်အားကစားပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ



**ရန်ကုန် ဇန်နဝါရီ ၁၆**

မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ (၃၁)ကြိမ်မြောက် ရဲချုပ်တံခွန်စိုက်ဒိုင်း ပြေးခုန်ပစ် အားကစားပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီက ရန်ကုန်မြို့ ကျိုက္ကဆံအားကစားကွင်း၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး အောင်ဝင်းဦးနှင့် ဇနီးအပါအဝင် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ အရာရှိကြီးများနှင့် ဇနီးများ၊ အားကစားနှင့်ကာယပညာသိပ္ပံ ကျောင်းအုပ်ကြီး ဦးစိုးအောင်၊ မြန်မာနိုင်ငံ ပြေးခုန်ပစ်အဖွဲ့ချုပ်မှ ဖိတ်ကြားထားသူများနှင့် အားကစားသမားများ ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ်က အမှာစကားပြောကြားပြီး ဆုရရှိသူများကို တာဝန်ရှိသူများက ဆုချီးမြှင့်ပေးပြီး ရဲချုပ်တံခွန်စိုက်ဒိုင်း (အမျိုးသမီး)ဆုရ ယာဉ်ထိန်းရဲတပ်ဖွဲ့အသင်းအား ရဲချုပ်၏ဇနီး က လည်းကောင်း၊ ရဲချုပ်တံခွန်စိုက်ဒိုင်း (အမျိုးသား)နှင့် ရဲချုပ်တံခွန်စိုက်ဒိုင်း (အမျိုးသား/အမျိုးသမီး)ဆုရ ယာဉ်ထိန်းရဲတပ်ဖွဲ့အသင်းအား ရဲချုပ်က လည်းကောင်း **(အပေါ်ပုံ)** ဆုများ ပေးအပ်ချီးမြှင့်သည်။

ပြိုင်ပွဲသို့ တိုင်းဒေသကြီး/ပြည်နယ် ရဲတပ်ဖွဲ့များ၊ လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့များ၊ တပ်ဖွဲ့များ၊ လေ့ကျင့်ရေးသင်တန်းကျောင်းများမှ ပြိုင်ပွဲဝင်အသင်းပေါင်း ၃၂ သင်းနှင့် အားကစားသမား အမျိုးသား ၅၇၅ ဦး၊ အမျိုးသမီး ၁၄၅ ဦးတို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြန်မာ ယူ-၂၂ နှင့် ယူ-၁၈ အမျိုးသားအသင်းတို့အတွက် နည်းပြချုပ်သစ်များ ခန့်အပ်

ရန်ကုန် ဇန်နဝါရီ ၁၆

**နိုင်ငံတကာပြိုင်ပွဲများယှဉ်ပြိုင်ရန် လေ့ကျင့်ပြင်ဆင်နေသည့် မြန်မာ ယူ-၂၂ အသင်းနှင့် မြန်မာ ယူ-၁၈ အမျိုးသားအသင်းကို နည်းပြချုပ်သစ်များ ဇန်နဝါရီ ၁၆ ရက်က ပြောင်းလဲခန့်အပ်သည်။ မြန်မာ ယူ-၂၂ အသင်းနည်းပြချုပ်အဖြစ် ဘူဂေးရီးယားနိုင်ငံသားနည်းပြချုပ် ဗယ်လီဇာပိုပေါ့ဗ်၊ မြန်မာ ယူ-၁၈ အသင်းနည်းပြချုပ်အဖြစ် ဦးစိုးမြတ်မင်းတို့ကို တာဝန်ပေးအပ်ခဲ့ကြောင်း သိရသည်။**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် မြန်မာ့ဘောလုံးအားကစားတိုးတက်ရေးအတွက် လေးနှစ်စီမံကိန်း ချမှတ်ဆောင်ရွက်မည်ဖြစ်ပြီး လိုအပ်သည့်အသင်းများအား နည်းပြအပြောင်းအလဲ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ မြန်မာယူ-၁၈ အသင်း၏ ယခင်နည်းပြ ဦးညီညီလတ်ကို အကယ်ဒမီများအတွက် လူငယ်ဖွံ့ဖြိုးရေးဒါရိုက်တာအဖြစ် ပြောင်းလဲခန့်အပ်လိုက်သောကြောင့် ဦးစိုးမြတ်မင်းကို အစားထိုးခန့်အပ်ခဲ့ခြင်းဖြစ်ပြီး မြန်မာ ယူ-၂၂ အသင်း နည်းပြချုပ် ဦးကြည်လွင်မှာမူ နည်းပြလိုင်စင်နှင့် အခြားကိစ္စရပ်များကြောင့် လမ်းခွဲကာ နည်းပြသစ်ခန့်အပ်ခဲ့ခြင်းဖြစ်သည်။ ဦးကြည်လွင်သည် မြန်မာဘောလုံးအသင်းများတွင် နည်းပြချုပ်၊ လက်ထောက်နည်းပြအဖြစ် ကာလရှည်ဆောင်ရွက်ခဲ့သောကြောင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်အနေဖြင့် အနေအထားများအားလုံးအပေါ် ချင့်ချိန်သုံးသပ်ပြီးမှ လမ်းခွဲရန်ဆုံးဖြတ် ခဲ့ခြင်းဖြစ်သည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် ဦးကြည်လွင်ကို တစ်လလျှင် ငွေကျပ် ၂၅ သိန်းဖြင့် ခန့်အပ်ထားခြင်းဖြစ်ပြီး လမ်းခွဲခဲ့သောကြောင့် လျော်ကြေးအဖြစ် သုံးလစာ ၇၅ သိန်း ပေးအပ်မည်ဖြစ်သည်။ မြန်မာယူ-၂၂ အသင်းနည်းပြချုပ်အဖြစ် ခန့်အပ်ခံရသည့် ပိုပေါ့ဗ်သည် ဖေဖော်ဝါရီလဆန်းတွင် အသင်းအား စတင်ကိုင်တွယ်မည်ဖြစ်ပြီး ပထမဆုံးပြိုင်ပွဲအဖြစ် ဖေဖော်ဝါရီ ၁၈ ရက်မှ မတ် ၂ ရက်အထိ ကျင်းပမည့် အာဆီယံ ယူ-၂၂ ပြိုင်ပွဲယှဉ်ပြိုင်ရမည်ဖြစ်သည်။ ပိုပေါ့ဗ်သည် ယူအီးအက်ဖ်အေ ပရိုလိုင်စင်ရထားသူဖြစ်ပြီး လက်ရွေးစင်အသင်းအဖြစ် မော်လ်ဒိုက်အသင်းကိုသာ ၂၀၁၅ ခုနှစ်က ကိုင်တွယ်ဖူးသူဖြစ်သည်။ မြန်မာ ယူ-၂၂ အသင်းသည် အာဆီယံယူ-၂၂ ပြိုင်ပွဲပြီးဆုံးပါက မတ်လတွင် အာရှ ယူ-၂၃ ခြေစစ်ပွဲနှင့် နိုဝင်ဘာတွင် ဆီးဂိမ်းပြိုင်ပွဲ ယှဉ်ပြိုင်ရမည်ဖြစ်သည်။ မြန်မာ ယူ-၁၈ အသင်း နည်းပြချုပ် ဦးစိုးမြတ်မင်းမှာမူ ယခုရက်ပိုင်းအတွင်း စတင်ကိုင်တွယ်မည်ဖြစ်ပြီး ယင်းအသင်းမှာ MNL ယူ-၂၁ ပြိုင်ပွဲတွင် ယှဉ်ပြိုင်မည်ဖြစ်သောကြောင့် အမြန်ဆုံးကိုင်တွယ်ခြင်းဖြစ်သည်။ ဦးစိုးမြတ်မင်းသည် မြန်မာ့လက်ရွေးစင်အသင်း လက်ထောက်နည်းပြအဖြစ် နောက်ဆုံးဆောင်ရွက်ခဲ့ပြီး မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် နည်းပြအားလုံးကို နှစ်နှစ်စာချုပ် ချုပ်ဆိုခြင်းဖြစ်သည်။

ထို့ပြင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းနည်းပြချုပ်အဖြစ် ဦးဝင်းသူမိုး၊ မြန်မာ ယူ-၁၉ အမျိုးသမီး အသင်းနည်းပြချုပ်အဖြစ် ဒေါ်သက်သက်ဝင်း၊ မြန်မာ ယူ-၁၆ အမျိုးသမီး အသင်းနည်းပြချုပ်အဖြစ် ဒေါ်စန်းစန်းသိန်း၊ မြန်မာ ယူ-၁၅ အမျိုးသား အသင်းနည်းပြချုပ်အဖြစ် တာကာမူ (ဂျပန်)တို့ကို ဆက်လက်တာဝန်ပေးအပ်ခဲ့ကြောင်း သိရသည်။

**ညီမြတ်သော်တာ**

## နိုင်ငံတကာဘောလုံးလောကသတင်းတိုများ

- အာဆင်နယ်ဂိုးသမား ပီတာချက်ဇ်သည် ယခုရာသီအကုန်တွင် ဘောလုံးလောကမှ အနားယူဖွယ်ရှိကြောင်း ဘီဘီစီသတင်းတစ်ရပ်၏ ဖော်ပြချက်အရ သိရသည်။ အသက် ၃၆ နှစ်ရှိ အဆိုပါဂိုးသမားသည် အာဆင်နယ်အသင်းအတွက် ၁၁၀ ပွဲ ကစားထားပြီး ပွဲ ၄၀ ဂိုးမပေးရအောင် စွမ်းဆောင်ထားနိုင်ကြောင်း သိရသည်။
- တော့တင်ဟမ်တိုက်စစ်မှူး ဟယ်ရီကိန်းသည် တနင်္ဂနွေနေ့က မန်ယူအသင်းအား တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သောပွဲစဉ်တွင် ခြေချင်းဝတ်ဒဏ်ရာရရှိခြင်းကြောင့် မတ်လအထိ အနားယူရဖွယ်ရှိကြောင်း ဘီဘီစီသတင်းတစ်ရပ်၏ ဖော်ပြချက်အရ သိရသည်။ တော့တင်ဟမ်အသင်းသည် အင်္ဂလန်အသင်း ခေါင်းဆောင် ဟယ်ရီကိန်း (၂၅နှစ်) အနေဖြင့် မတ်လအစောပိုင်းလောက်တွင်မှ လေ့ကျင့်ရေးအစီအစဉ်သို့ ပြန်လာဖွယ်ရှိပြီး ချန်ပီယံလိဂ် ၁၆ သင်း အဆင့်တွင် ဒေါ့မွန်အသင်းနှင့် ယှဉ်ပြိုင်ကစားမည့် ပွဲစဉ်နှစ်ကျော့စလုံးအား လွဲချော်ဖွယ်ရှိကြောင်းလည်း သိရသည်။
- ဖူလ်ဟမ်အသင်းသည် လီဗာပူးတောင်ပံကစားသမားဟောင်း ရှိုင်ရယ်ဘာဘယ်အား တူရကီကလပ် ဘက်ဆီးတပ်စ်အသင်းမှ ခေါ်ယူလိုက်ပြီဖြစ်ကြောင်း ဘီဘီစီသတင်းတစ်ရပ်၏ ဖော်ပြချက်အရ သိရသည်။ လီဗာပူးအသင်းတွင် သုံးနှစ်ခွဲကစားခဲ့ဖူးသော အသက် ၃၂ နှစ်အရွယ် အဆိုပါ နယ်သာလန်ကစားသမားသည် ဖူလ်ဟမ်အသင်းနှင့် ရာသီကုန်အထိ ပူးပေါင်းလိုက်ခြင်းဖြစ်ကြောင်း သိရသည်။ ဖူလ်ဟမ်အသင်းသည် ပရီမီယာလိဂ် ၂၂ ပွဲ ကစားထားပြီးချိန်၌ ရမှတ် ၁၄ မှတ်ဖြင့် အမှတ်ပေးဇယားအဆင့် ၁၉ နေရာတွင် ရပ်တည်နေကြောင်း သိရသည်။
- မန်ယူအသင်းသည် ဘယ်လ်ဂျီယံကွင်းလယ်ကစားသမား ဖယ်လိုင်နီအား ယခုအပြောင်းအရွှေ့ကာလတွင် ပေါင် ၁၅ သန်းဝန်းကျင်ဖြင့် လက်လွှတ်ရဖွယ်ရှိနေကြောင်း မေရာ၏ ဖော်ပြချက်အရ သိရသည်။ အဆိုပါ အသက် ၃၁ နှစ်အရွယ် ကစားသမားကို အေစီမီလန်၊ ပေါ်တိုနှင့် တရုတ်ကလပ် ကွမ်ကျိုး အဲဗားဂရင်ဒီအသင်းတို့က ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း သိရသည်။
- အာဆင်နယ်အသင်းသည် တရုတ်ကလပ် ဒါလီယန် ယိဖန်းအသင်းမှ ဘယ်လ်ဂျီယံတောင်ပံကစားသမား ကာရက်စ်ကို (၂၅ နှစ်)အား ခေါ်ယူချင်နေသော်လည်း ၎င်းတို့အနေဖြင့် အသက် ၃၀ အရွယ် ဂျာမနီကွင်းလယ်ကစားသမား အိုးဇေးလ်ကို မရောင်းထုတ်မချင်း ခေါ်ယူနိုင်မှာမဟုတ်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။
- လက်စတာစီးတီးသည် ဆဲလ်တစ်နည်းပြ ရော်ဂျာအား အသင်းနည်းပြ ကလောက်ဒီ ဖျူရယ်၏ နေရာကို အစားထိုးရန် ထည့်သွင်းလျာထားကြောင်း သည်ဆန်းတွင် ဖော်ပြထားသည်။
- မန်ယူခံစစ်ကစားသမား ရိုဂျိုသည် နွေရာသီအပြောင်းအရွှေ့ကာလတွင် အသင်းမှ ထွက်ခွာဖွယ်ရှိကြောင်း တယ်လီဂရပ်၏ ဖော်ပြချက်အရ သိရသည်။ အဆိုပါ အသက် ၂၉ နှစ်အရွယ် အာဂျင်တီးနားကစားသမားသည် ယခုနှစ် ရာသီတွင် အသင်းအတွက် ၁၄၉ မိနစ်သာ ပါဝင်ကစားခွင့်ရထားကြောင်း သိရသည်။ **အောင်ဇော်**

## ဒေသတွင်းထုတ်ကုန်ပစ္စည်းများပြပွဲပြိုင်ပွဲ မြိတ်မြို့၌ ကျင်းပမည်

**နေပြည်တော် ဇန်နဝါရီ ၁၆**

အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီက ဦးစီးကျင်းပသည့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၏ ဒေသတွင်းထုတ်ကုန်ပစ္စည်းများပြပွဲပြိုင်ပွဲကို ဇန်နဝါရီ ၂၅ ရက်မှ ၂၇ ရက်အထိ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ပြပွဲပြိုင်ပွဲကို မြန်မာနိုင်ငံအတွင်းရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် အလှည့်ကျကျင်းပလျက်ရှိပြီး ဒေသတွင်း အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းရှင်များ၏ ထုတ်ကုန်ပစ္စည်းပြခန်းများ၊ ထုတ်ကုန်ပစ္စည်းပြိုင်ပွဲများ၊ စီးပွားရေးဆိုင်ရာ ဟောပြောပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။ **မောင်မောင်မျိုး**

## နေပြည်တော်၌ ဂျပန်ဂီတပညာရှင်များဖျော်ဖြေမည့် မြန်မာ-ဂျပန်ဂီတပွဲတော် ကျင်းပမည်

**နေပြည်တော် ဇန်နဝါရီ ၁၆**

ဂျပန်ဂီတပညာရှင်များ ပါဝင်ဖျော်ဖြေမည့် မြန်မာ-ဂျပန်ဂီတပွဲတော်ကို ဇန်နဝါရီ ၂၃ ရက် ညနေ ၆ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ (MICC-II)၌ ကျင်းပသွားမည်ဖြစ်သည်။

"Myanmar National Symphony Orchestra With Japan Concert 2019" ဟု အမည်ပေးထားသည့် အဆိုပါ မြန်မာ-ဂျပန်ဂီတပွဲတော်တွင် နိုင်ငံတော်သံစုံတီးဝိုင်း၊ ဂျပန်ဂီတစာဆိုတီးဝိုင်းခေါင်းဆောင် Mr. Yunosuke Yamamoto (Conductor & Composer) ဦးဆောင်သည့် ဂျပန်သံစုံတီးဝိုင်းနှင့် ဂျပန်ဂီတပညာရှင်တို့က နားပန်းဆံ၊ ရွှေဘိုသနပ်ခါး စသည့်မြန်မာသီချင်းများ အပါအဝင် ဂျပန်နှင့် အနောက်တိုင်းသံစဉ်များကိုလည်း ဖျော်ဖြေတီးခတ်သွားကြမည်ဖြစ်ပြီး ဂီတချစ်မြတ်နိုးသည့် ပြည်သူများလာရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။ **မောင်မောင်မျိုး**

## ဆုရပြိုင်ပွဲဝင်တေးသီချင်းများ ထုတ်လုပ်ဖြန့်ချိနိုင်ရေး မိတ်ဆက်ပွဲကျင်းပမည်

**နေပြည်တော် ဇန်နဝါရီ ၁၆**

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြားက ကြီးမှူးကျင်းပခဲ့သည့် ငြိမ်းချမ်းရေးဂီတပွဲတော်မှ ဆုရအဆိုရှင်များ၏ ပြိုင်ပွဲဝင်တေးသီချင်းများ ဒီဗွီဒီထုတ်လုပ်ဖြန့်ချိနိုင်ရေး အသိပေးမိတ်ဆက်ပွဲကို ဇန်နဝါရီ ၁၇ ရက် မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား စတူဒီယို(A)၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **မောင်မောင်မျိုး**

## Southeast Asia Video Festival For Children ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပမည်

**နေပြည်တော် ဇန်နဝါရီ ၁၆**

Southeast Asia Video Festival For Children (SEAVFC) ပြိုင်ပွဲ၏ ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဇန်နဝါရီ ၁၉ ရက် နံနက် ၁၁ နာရီတွင် ရန်ကုန်မြို့ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားစတူဒီယို (A) ၌ ကျင်းပသွားမည်ဖြစ်သည်။ **မောင်မောင်မျိုး**

## တရုတ်ရုပ်သံဇာတ်လမ်းတွဲ လွှဲပြောင်းပေးအပ်ခြင်းအခမ်းအနားနှင့် ''Happy Life''ဓာတ်ပုံပြပွဲကျင်းပမည်

**နေပြည်တော် ဇန်နဝါရီ ၁၆**

၂၀၁၉ ခုနှစ် ဇန်နဝါရီ ၁၇ ရက်မှ ၂၁ ရက်အထိ မြန်မာနိုင်ငံ၌ ကျင်းပသွားမည့် China-Myanmar Culture Week အတွက် Yunnan Media Group က "You Are My Eyes"တရုတ်ရုပ်သံဇာတ်လမ်းတွဲ လွှဲပြောင်းပေးအပ်ခြင်းအခမ်းအနားနှင့် Happy Life ဓာတ်ပုံပြပွဲကို ဇန်နဝါရီ ၁၇ ရက်တွင် တပ်ကုန်းမြို့ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်မောင်မျိုး**

## အရေးပေါ်အသက်ကယ်သင်တန်းဌာန ဖွင့်ပွဲအခမ်းအနားကျင်းပမည်

**နေပြည်တော် ဇန်နဝါရီ ၁၆**

နေပြည်တော် ဇဗ္ဗူသီရိခုတင်(၅၀)ဆံ့ဆေးရုံကြီးရှိ အရေးပေါ်အသက်ကယ် သင်တန်းဌာန ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၇ ရက် နံနက် ၈ နာရီတွင် နေပြည်တော် ဇဗ္ဗူသီရိခုတင်(၅၀)ဆံ့ဆေးရုံကြီးရှိ အဆိုပါ သင်တန်းဌာန၌ ကျင်းပမည်ဖြစ်ပြီး ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးနှင့် တာဝန်ရှိသူများက တက်ရောက်ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

**မောင်မောင်မျိုး**

## နိုင်ငံတကာစက်မှုနည်းပညာပြပွဲနှင့် တီထွင်ဖန်တီးမှုစွမ်းရည်ပြိုင်ပွဲ ကျင်းပမည်

**နေပြည်တော် ဇန်နဝါရီ ၁၆**

စက်မှုဝန်ကြီးဌာနနှင့် Myanmar Promotional Services (MPS) Co., Ltd တို့ ပူးပေါင်း၍ (၆)ကြိမ်မြောက် နိုင်ငံတကာစက်မှုနည်းပညာပြပွဲနှင့် တီထွင်ဖန်တီးမှုစွမ်းရည်ပြိုင်ပွဲ “The 6th International Industrial Technology & Machinery Show 2019” ကို ရန်ကုန်မြို့ရှိ တပ်မတော်ခန်းမ၌ ဇန်နဝါရီ ၂၇ ရက်မှ ၂၉ ရက်အထိ သုံးရက်ကြာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ နိုင်ငံတကာစက်မှုနည်းပညာပြပွဲနှင့် တီထွင်ဖန်တီးမှုစွမ်းရည်ပြိုင်ပွဲ၏ ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၇ ရက် နံနက်ပိုင်းတွင် အဆိုပါပြပွဲပြိုင်ပွဲကျင်းပရာ တပ်မတော်ခန်းမ၌ ကျင်းပသွားမည်ဖြစ်သည်။

**မောင်မောင်မျိုး**

## ဗိုလ်ချုပ်အောင်ဆန်း၏ မွေးနေ့ပွဲအထိမ်းအမှတ် အခမ်းအနားများ စည်ကားသိုက်မြိုက်စွာကျင်းပရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပမည်

**နေပြည်တော် ဇန်နဝါရီ ၁၆**

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ပူးပေါင်း၍ လွတ်လပ်ရေးဗိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်း၏ မွေးနေ့ပွဲအထိမ်းအမှတ်အခမ်းအနားများကို မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ တက္ကသိုလ်များနှင့် အခြေခံပညာကျောင်းများတွင် စည်ကားသိုက်မြိုက်စွာကျင်းပရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၂၁ ရက် နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **မောင်မောင်မျိုး**

## မြန်မာ့ရုပ်မြင်သံကြား

၁၇-၁-၂၀၁၉ (ကြာသပတေးနေ့)

**နံနက်ပိုင်း**

၆း၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၃၅ - "အင်းသားလေ့လှော် ကမ္ဘာကျော်"
၈း၃၅ - "မီးတစ်ပွင့်ရဲ့ရာဇဝင်" (အပိုင်း-၆)
၉း၂၀ - လုပစုံလင်အာဆီယံတစ်ခွင်
၁၀း၃၀ - အလုပ်သမားရေးရာအစီအစဉ်
၁၁း၀၀ - မြစ်မခမီဒီယာ "စာတတ်ဖို့ ဝင်ငွေကောင်းဖို့ အသက်ရှည်ဖို့"
၁၁း၃၀ - ဘဝထဲကဝတ္ထု၊ ဝတ္ထုထဲကဘဝ "လိုင်းနဲ့သောင်" (သတ္တိ၊ ဖူးစုံ၊ နန္ဒာဝင်း၊ မာမာကြည်၊ ကောင်းပြည့်စုံ) (ဒါရိုက်တာ-သိမ်းစိုး(သီဟရတနာ)
၁၂း၃၀ - မြန်မာဇာတ်လမ်းတွဲ "စုံထောက်တင်မောင်ဆွေနှင့် မှုခင်းဇာတ်လမ်းတွဲ" (အပိုင်း -၇) "သံလက်သီးဂိုဏ်း" (ပထမပိုင်း)
၁၃း၃၀ - နိုင်ငံခြားဇာတ်လမ်းတွဲ "မျဉ်းဖြောင့်တစ်ကြောင်းရဲ့ မှတ်တမ်း"(အပိုင်း-၁၇)
၁၅း၄၀ - လောကနီတိ "ရေမြင့်သည် ကြာပဒုမ္မာသို့"

**ညပိုင်း**

၁၆း၃၀ - "၂၀၁၉ ခုနှစ်၊ မတ်လ တက္ကသိုလ်ဝင်စာမေးပွဲတွင် စတင်အသုံးပြုမည့်မေးခွန်း ပုံစံသစ်ဆိုင်ရာ သိမှတ်ဖွယ်ရာများ" (ဘောဂဗေဒဘာသာရပ်)
၁၇း၃၅ - လူမှုစီးပွားမြင်ကွင်းများ
၁၈း၂၅ - မျက်မှောက်ရေးရာအဖြာဖြာ
၁၉း၁၅ - မြန်မာဇာတ်လမ်းတွဲ "စုံထောက်တင်မောင်ဆွေနှင့် မှုခင်းဇာတ်လမ်းတွဲ" (အပိုင်း-၈) "သံလက်သီးဂိုဏ်း" (ဒုတိယပိုင်း)
၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသ အခြေအနေ
၂၀း၃၅ - "MSMES မုံရွာ၊ စစ်ကိုင်းတိုင်းဒေသကြီးအသေးစား စီးပွားရေးလုပ်ငန်း (Small Level) တတိယဆုကျော်မိသားစု စက်မှုလက်မှုလုပ်ငန်း"
- မြန်မာဇာတ်လမ်းတွဲ "မော်လမြိုင်ရဲ့ည" (အပိုင်း-၁၁)(ဇာတ်သိမ်း)
- မှတ်မှတ်ထင်ထင်မြန်မာ့ရုပ်ရှင် (အပိုင်း-၄) (ဒါရိုက်တာ-ကြည်စိုးထွန်း၊ အကယ်ဒမီမေဝင်းမောင်)

# ကွန်ဟိန်းမြို့နယ်တွင် ငွေကျပ်သိန်းပေါင်း ၁၅၀၀၀၀ တန်ဖိုးရှိ အိုက်စ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၁၆**

မူးယစ်တပ်ဖွဲ့စု(၂၇) လွိုင်လင်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၁၅ ရက် နံနက် ၈ နာရီခွဲက ကွန်ဟိန်းမြို့နယ် တာကော်တံတား ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် မြင့်အောင် မောင်းနှင်လာသည့် DONGFENG အမျိုးအစား မော်တော်ယာဉ်ကို ရပ်တန့်ရှာဖွေစစ်ဆေးရာ မော်တော်ယာဉ်၏ ဘော်ဒီရှေ့ပိုင်း အံဝှက်အတွင်းမှ အိုက်စ် ၆၀၀ ကီလို ဒေသပေါက်ဈေး ငွေကျပ်သိန်းပေါင်း ၁၅၀၀၀၀ နှင့် လက်ကိုင်ဖုန်း တစ်လုံးတို့ကို သိမ်းဆည်းရမိသည်။

အလားတူ ယင်းနေ့ညနေ ၄ နာရီ ၁၀ မိနစ်က မူးယစ်တပ်ဖွဲ့စု(၂၁) ကွမ်းလုံမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် လောက်ကိုင်မြို့နယ် ချင်းရွှေဟော်မြို့အဝင်၊ လောက်ကိုင်-ချင်းရွှေဟော်သွားကားလမ်းတွင် ဖန်းကိုင် မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေစစ်ဆေးရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၃၄၀၀ သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

သတင်းစဉ်



မြင့်အောင်အား ဖမ်းဆီးရမိသည့် အိုက်စ်များနှင့်အတူ တွေ့ရစဉ်။

## ဒေါ်နန္ဒမာလာအား လှိုင်မြို့နယ်တရားရုံးက ငွေကျပ်သိန်း ၁၀၀၀၀ ဖြင့် အာမခံအမိန့်ချမှတ် ငွေကျပ် သိန်း ၅၀၀၀ တန် ခံဝန်နှစ်ဦး မတင်ပြနိုင်သဖြင့် ရုံးချိန်းနှစ်ပတ်ချိန်း

**ရန်ကုန် ဇန်နဝါရီ ၁၆**

ခေတ်ရိုက်ခေတ်ဆင် အကြားအမြင်ဖြင့် နာမည်ကြီးသော ဒေါ်နန္ဒမာလာ ကို ရွှေကိန္နရီခရီးသွားလုပ်ငန်းရှင် ဦးနေမျိုးနိုင် က ငွေကြေးလိမ်လည်မှုဖြင့် လှိုင်မြို့နယ်တရားရုံးတွင် ဦးတိုက်လျှောက် တရားစွဲဆိုထားမှုအတွက် ဇန်နဝါရီ ၁၅ ရက် နံနက်က ရန်ကုန်အနောက်ပိုင်းခရိုင် လှိုင်မြို့နယ်တရားရုံးသို့ ရုံးချိန်းရောက်ရှိလာခဲ့ပြီး ၎င်း၏အကျိုးဆောင်ရှေ့နေက အာမခံလျှောက်ထားတောင်းခံရာ အာမခံပေးနိုင်သည့်အမှုဖြစ်၍ အာမခံပေးမိန့်ချမှတ်ခဲ့ကြောင်း အဆိုပါတရားရုံးမှ သိရသည်။

လှိုင်မြို့နယ်တရားရုံး သတင်းနှင့် ပြန်ကြားရေး အရာရှိ မြို့နယ်တရားသူကြီး ဦးအောင်မြင့်သန်း က "ဒီကနေ့ ဒေါ်နန္ဒမာလာနဲ့ ပတ်သက်တဲ့ အမှုအကြောင်းအရာက နိုင်ငံခြားကို စက်သုံးဆီတင်သွင်းတဲ့ လုပ်ငန်းလုပ်ကိုင်ဖို့ နိုင်ငံခြားက မြဝတီဦးပိုင်မှာ အစုရှယ်ယာထည့်ဝင်ပါက အကျိုးအမြတ်ရမယ်ဆိုလို့ ယုံကြည်မှုနဲ့ ငွေကျပ်သိန်း ၂၆၀၀ ပေးလိုက်ရာက အကျိုးအမြတ်မခံစားရဘူးဆိုပြီး လိမ်လည်မှု နဲ့ ဒေါ်နန္ဒမာလာကို ၂၀၁၈ ခုနှစ် မတ်လ ၁၆ ရက်မှာ ဦးနေမျိုးနိုင်က ကျွန်တော်တို့ တရားရုံးမှာ ပြစ်မှုဥပဒေပုဒ်မ ၄၂၀ နဲ့ ဦးတိုက်လျှောက်တရားစွဲဆိုတဲ့ အမှုဖြစ်ပါတယ်။ ဒီကနေ့တော့ ဒေါ်နန္ဒမာလာရဲ့ ရှေ့နေက အာမခံလျှောက်တယ်။ တရားလိုရှေ့နေက ကန့်ကွက်တယ်။ ဒါနဲ့ နှစ်ဖက်လျှောက်လဲချက် ကြားနာပြီး အာမခံပေးမိန့်ချပါတယ်။ ဒီပုဒ်မက ရာဇသတ်ကြီးပုဒ်မ ၄၂၀ ရာဇဝတ်ကျင့်ထုံးဥပဒေ နောက်ဆက်တွဲဇယားစာပိုဒ် ၅ အရလဲ အာမခံပေးရမယ့် ပြစ်မှုဖြစ်တယ်။ ဒါကြောင့် ခိုင်လုံတဲ့ခံဝန်ပေးနိုင်မယ့်သူရှိပါက အချုပ်လွတ်အာမခံ ပြုသင့်ပြုထိုက်က ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၄၉၆ အရ အာမခံအတွက် ခံဝံ့သူတစ်ယောက်ကို ငွေကျပ်သိန်း ၅၀၀၀ အာမခံနှစ်ယောက်အတွက်ဆို ငွေကျပ်သိန်း ၁၀၀၀၀ အချုပ်လွတ် အာမခံအမိန့်ချမှတ်ပေးခဲ့တာပါ။ ဒီနေ့မှာ ခံဝန်သူနှစ်ယောက် မတင်ပြနိုင်တဲ့အတွက် ဇန်နဝါရီ ၂၈ ရက် တနင်္လာနေ့ကို ပြန်လည်ချိန်းဆိုထားပါတယ်" ဟု ပြောသည်။

မျိုးမင်းသိန်း(မရမ်းကုန်း)

## အလုပ်ရမည်ဟုဆိုကာ အလုပ်သမား ၂၂ ဦးထံမှ ငွေကြေးလိမ်လည်သူကို ဖမ်းဆီးရမိ

**ဗန်ကောက် ဇန်နဝါရီ ၁၆**

မုန့်စက်ရုံတစ်ခုတွင် အလုပ်အကိုင်ရရှိမည်ဟု ပြောဆိုကာ အလုပ်သမား ၂၂ ဦးထံမှ တစ်ဦးလျှင် ဘတ်ငွေ ၂၅၀၀ မှ ဘတ်ငွေ ၃၅၀၀ ထိ ကောက်ယူထားပြီး နှစ်လကြာသည်အထိ အလုပ်သွင်းပေးခြင်း မရှိသဖြင့် အလုပ်သမားသံအရာရှိရုံးထံသို့ အလုပ်သမားများက ဖုန်းဆက် အကူအညီတောင်းခံလာကြောင်း သိရသည်။

အဆိုပါ အလုပ်သမားများသည် ထိုင်းနိုင်ငံသို့ MoU စနစ်ဖြင့် ရောက်ရှိခဲ့ရာမှ လုပ်ငန်းခွင် အဆင်မပြေမှုကြောင့် အသိမိတ်ဆွေများမှတစ်ဆင့် ဆက်သွယ်ခဲ့သည့် ပွဲစားဖြစ်သူ နွန်ထဘူရီမြို့ စိုင်းနွဲ့နယ်မြေရှိ မုန့်စက်ရုံသို့ အလုပ်သွင်းပေးမည်ဟု ပြောဆိုခြင်းကို ယုံကြည်ပြီး အလုပ်ပြောင်းရွှေ့ရာမှ ငွေကြေးလိမ်လည်ခံရခြင်းဖြစ်ပြီး အလုပ်သမားသံအရာရှိရုံးနှင့် MOEAF အဖွဲ့ထံ ဆက်သွယ်အကူအညီ တောင်းခံခဲ့ခြင်းဖြစ်သည်။

အလုပ်သမား သံအရာရှိရုံးမှ ညွှန်ကြားမှုဖြင့် MOEAF အဖွဲ့နှင့် နယ်မြေခံရဲတပ်ဖွဲ့များ ပူးပေါင်းပြီး ပွဲစားဖြစ်သူကို သွားရောက်ဖမ်းဆီးကာ အလုပ်သမားများထံမှ ကောက်ခံထားသည့် ငွေကြေးများကို ပြန်လည်တောင်းယူပေးခဲ့ပြီး အလုပ်သမား ၂၂ ဦးတို့ကို ဗန်ကောက်မြို့ရှိ Moeafcall Centre ရုံးသို့ ခေါ်ယူစောင့်ရှောက်ပေးထားကြောင်း သိရသည်။

"အခုကတော့ ယုံကြည်မှု လွန်ကဲပြီး မဖြစ်သင့်တာတွေဖြစ်ခဲ့ရလို့ အလုပ်သမားတွေအတွက် စိတ်မကောင်းဖြစ်ရသလို၊အခြားသောထိုင်းရောက်နေတဲ့ ကျွန်တော်တို့ မြန်မာအလုပ်သမားတွေလည်း အခုဖြစ်စဉ်ကို နမူနာယူပြီး အခုလိုအဖြစ်မျိုး မကြုံရအောင် ရှောင်ရှားကြပါလို့ အကြံပြုရင်း အခြားသော အလုပ်သမားတွေလည်း အကူအညီ လိုအပ်တဲ့အခါ ကျွန်တော်တို့ထံ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်းနဲ့ဖြစ်စေ ဆက်သွယ်အကူအညီ တောင်းခံနိုင်ပါတယ်လို့ ပြောချင်ပါတယ်"ဟု အလုပ်သမား သံအရာရှိ ဦးစန်းမောင်ဦးက ပြောသည်။

အလုပ်သမားများ အနေဖြင့် ဆက်လက်အလုပ်လုပ်ကိုင်နိုင်ရန် တာဝန်ရှိသူများက ဆောင်ရွက်ပေးလျက်ရှိကြောင်း မြန်မာပြည်ပအလုပ်အကိုင်ဝန်ဆောင်မှု လုပ်ငန်းရှင်များ အဖွဲ့ချုပ် (MOEFA) မှ သိရသည်။

နန္ဒကျော်စွာ

## ရေပူစစ်ဆေးရေးအဖွဲ့ ပိတောက်ခားရွေများ ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၁၆**

ရေပူအမြဲတမ်းစစ်ဆေးရေး စခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ ဇန်နဝါရီ ၁၅ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးမှုများ ဆောင်ရွက်စဉ် Toyota Wish ယာဉ်တစ်စီးပေါ်တွင် တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် ပိတောက်ခားရွေ ၀ ဒသမ ၅၅၉၀ တန်နှင့် ပစ္စည်းသယ်ဆောင်သည့် ယာဉ်တစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၆ ဒသမ ၆၇၇ သန်းကို စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့သည်။

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဇန်နဝါရီ ၁၅ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၉၉၅ စီး၊ သွင်းကုန် ၅၉၄ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှု ယာဉ်ပို့ကုန် ၁၆ စီး၊ သွင်းကုန် ၁၈၈ စီး ကုန်စည်များသယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါစစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကိုစစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၁၅ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုခုနစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁ ဒသမ ၆၉၂ သန်း၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုလေးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄ ဒသမ ၂၄၀ သန်း စုစုပေါင်း တားဆီးမှု ၁၁မှု၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅ ဒသမ ၉၃၂ သန်းခန့်ကို ဖမ်းဆီးရမိခဲ့သည်။

သတင်းစဉ်

## တံတားဦးမြို့နယ် ရေခါးကျေးရွာတွင် လူသတ်မှုဖြစ်ပွား

**တံတားဦး ဇန်နဝါရီ ၁၆**

ကျောက်ဆည်ခရိုင် တံတားဦးမြို့နယ် လေဆိပ်နယ်မြေရဲစခန်းအပိုင် ရေခါးကျေးရွာတွင် ဇန်နဝါရီ ၁၅ ရက် ည ၁၀ နာရီခွဲခန့်က ကျောင်းကပွဲကျင်းပရန် ထိုင်ခုံများ သယ်ရာမှ စကားများ ရန်ဖြစ်ပြီး လူသတ်မှုဖြစ်ပွားကြောင်း တံတားဦးမြို့နယ် ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

အဆိုပါ ည ၁၀ နာရီ မိနစ် ၄၀ တွင် တံတားဦးမြို့နယ် ရေခါးကျေးရွာမှ နန်းဝင်း (၂၇ နှစ်)သည် တစ်ရွာတည်းနေ သန်းကို (၄၇ နှစ်)နှင့် ကျောင်းကပွဲကျင်းပရန် ထိုင်ခုံများ သယ်နေကြစဉ် ကျောင်းဝင်းအတွင်း စကားများရန်ဖြစ်ကြရာ သန်းကိုက နန်းဝင်း အား အရိုးအသွား ၁၀ လက်မခန့်ရှိ ဓားဖြင့်ထိုးရာ နန်းဝင်းတွင် ထိုးသွင်းဒဏ်ရာ တစ်ချက်ရရှိပြီး အခင်းဖြစ်နေရာတွင် သေဆုံးသွားခဲ့သည်။ အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ သန်းကိုအား လေဆိပ်နယ်မြေရဲစခန်းက အရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။

ရဲတင့်

## ကသာမြို့အနီး ဧရာဝတီမြစ်အတွင်း တရားမဝင်သစ်တန် ၅၄၀ ကျော် ဖမ်းမိ

**ကသာ ဇန်နဝါရီ ၁၆**

ဧရာဝတီမြစ်အတွင်း ကချင်ပြည်နယ်ဘက်မှ တရားမဝင်သစ်များ လှေတွဲ ၁၃ တွဲဖြင့် သယ်ဆောင်လာသည်ကို ဇန်နဝါရီလဒုတိယပတ်က ဖမ်းဆီးရာ သစ်ပိုင်ရှင်များ၊ လှေတွဲပိုင်ရှင်များက သစ်တွဲများကို ဓားဖြင့် ခုတ်ဖြတ်ထွက်ပြေးသွားခဲ့သည်။ ထို့ကြောင့် သစ်တောဦးစီးဌာနမှ ရေငုပ်လုပ်သား ၁၆ ဦးနှင့် ရှာဖွေခြင်းများပြုလုပ်ရာ ထိပ် ၁၇ ပေကျော် သစ်လုံးကြီးများ အပါအဝင် ကညင်သစ်တန် အလုံး ၄၇၀ (၅၄၀ ဒသမ ၆၉၈)တန်ကို မြို့နယ်သစ်တောဦးစီးဌာန၊ နယ်မြေခံရဲတပ်ဖွဲ့၊ သစ်တောလုံခြုံရေးရဲတပ်ဖွဲ့တို့ ပူးပေါင်းဖမ်းဆီး၍ တွေ့ရှိခြင်းဖြစ်ကြောင်း သိရသည်။

ကသာမြို့နယ်သည် ကုန်တင်ကုန်ချရာ ဆိပ်ကမ်းမြို့ဖြစ်ပြီး တရားမဝင်သစ်များကို နည်းလမ်းမျိုးစုံသုံး၍ ရေလမ်းကြောင်းမှ မန္တလေးမြို့ စစ်ကိုင်းမြို့တို့သို့ ဝါးဖောင်အောက်သို့ဝှက်သယ်ဆောင်ခြင်း၊ လှေတွဲများဖြင့် သယ်ဆောင်ခြင်းများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

ငွေအိုး (ကသာ)

## တရားမဝင်သစ်စက်နှင့် ဆက်စပ်ပစ္စည်းများ ဖမ်းဆီးရမိ

**ပဲခူး ဇန်နဝါရီ ၁၆**

သစ်တောဦးစီးဌာန ဦးစီးရုံးချုပ်၏ လမ်းညွှန်မှု ပဲခူးတိုင်းဒေသကြီး သစ်တောဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် တောင်ငူခရိုင် သစ်တောဦးစီးဌာနလက်ထောက်ညွှန်ကြားရေးမှူး၊ မြို့နယ်ဦးစီးအရာရှိနှင့် တာဝန်ရှိသူများအဖွဲ့မှ အနောက်ဆွာကြိုးဝိုင်း ရိုးမကြိုးပြင်ကာကွယ်တော၊ ပန်းဘဲတိုးချဲ့ကြိုးဝိုင်း၊ ခပေါင်းကြိုးဝိုင်း၊ ဖြူးကွန်းကြိုးဝိုင်းတို့အတွင်းမှ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလအတွင်း ကျွန်း၊ သစ်မာနှင့် အခြားသစ်လုံး၊ ခွဲသား ၆၄၃၅ လုံး၊ ချောင်း (၁၇၇ ဒသမ ၉၁၆၃ တန်)၊ သစ်စက်အင်ဂျင် ၁၀ လုံးနှင့် ဆက်စပ်ပစ္စည်းတို့ကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

အဆိုပါ ဖမ်းဆီးရမိသော သစ်နှင့်ဆက်စပ်ပစ္စည်းများအား လုံခြုံစိတ်ချရာသို့ သယ်ယူနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

ဗထူး

## ဆီဆိုင်မြို့နယ်နှင့် ဟိုပုံးမြို့နယ်တို့တွင် ဘိန်းစိုက်ခင်းများ ဖျက်ဆီး

**နေပြည်တော် ဇန်နဝါရီ ၁၆**

ဆီဆိုင်မြို့နယ် ပန်အွန်းကျေးရွာ တောင်ဘက်တစ်မိုင်ခွဲခန့်အကွာ၌ အမြင့်နှစ်ပေခန့်ရှိ ဘိန်းစိုက်ခင်း ၂၃ ဧကအား ဆီဆိုင်ဒုတိယမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး တင်ဝင်းအောင် ဦးစီးသည့် ပူးပေါင်းအဖွဲ့က ဇန်နဝါရီ ၁၅ ရက် နံနက် ၉ နာရီတွင် လည်းကောင်း၊ အလားတူ ဟိုပုံးမြို့နယ် ဒုံလိတန်ကျေးရွာ၌ အမြင့်သုံးပေခန့်ရှိ ဘိန်းစိုက်ခင်း ၂၈ ဧကကိုလည်းကောင်း ဖျက်ဆီးခဲ့ကြောင်း သိရသည်။

ရဲပြန်ကြား

# ထရီဇာမေ ဘရီးဇစ်အရေး၌ ရှုံးနိမ့်မှုနှင့် ရင်ဆိုင်နေရ

**ဗြိတိန်ဝန်ကြီးချုပ်၏ အီးယူမှ ဗြိတိန်ထွက်ခွာရေး (ဘရီးဇစ်) သဘောတူညီမှုကို လွှတ်တော်က မဲအပြတ်အသတ်ဖြင့် ပယ်ချခဲ့ပြီးနောက် ထရီဆာမေအနေဖြင့် အစိုးရအပေါ် အယုံအကြည်မရှိကြောင်း အဆိုတင်သွင်းမှုနှင့် ရင်ဆိုင်နေရကြောင်း ဘရီးဇစ်အရေး နောက်ဆုံးရ နိုင်ငံတကာသတင်းများအရသိရသည်။**

ဘရီးဇစ်အရေး ငါးရက်ကြာအချေအတင်ဆွေးနွေးပြီးနောက် ဗြိတိန်လွှတ်တော်က ယမန်နေ့က ဘရီးဇစ်သဘောတူညီမှုအပေါ် ကန့်ကွက်မဲ ၄၃၂ မဲ၊ ထောက်ခံမဲ ၂၀၂ မဲဖြင့် ပယ်ချခဲ့သည်။ ယခုကဲ့သို့ ဖြစ်ပွားခြင်းသည် ခေတ်သစ်ဗြိတိန်သမိုင်းတွင် အစိုးရ၏ အကြီးမားဆုံး ရှုံးနိမ့်မှုကြီးတစ်ခုဖြစ်ကြောင်း သိရသည်။

**အစိုးရအပေါ် အယုံအကြည်မရ**

ဘရီးဇစ် သဘောတူညီမှုကို လွှတ်တော်က မဲအပြတ်အသတ်ဖြင့် ပယ်ချခဲ့ပြီးနောက် အတိုက်အခံ လေဘာပါတီခေါင်းဆောင် ဂျရယ်မီ ကော်ဘန်းက အစိုးရအပေါ် အယုံအကြည်မရှိ အဆိုကို လွှတ်တော်သို့ တင်သွင်းခဲ့ကြောင်း သိရသည်။

"ထရီဆာမေဟာ ဘရီးဇစ်အရေးကို နှစ်နှစ်ကြာအထိ အောင်မြင်အောင်လုပ်ဆောင်နိုင်ခြင်းမရှိခဲ့တဲ့အပြင် အဲဒီအရေးကို ညှိနှိုင်းရယူနိုင်လိမ့်မည်ဟု သူ့အနေနဲ့ ထင်နေခြင်းကို ကျွန်တော်ဖြင့် အံ့အားသင့်လို့ကို မဆုံးဘူး"ဟု အတိုက်အခံ လေဘာပါတီခေါင်းဆောင် ဂျရယ်မီ ကော်ဘန်းက လွှတ်တော်ဥက္ကဋ္ဌကို ပြောကြားလိုက်သည်။ ထို့အပြင် "ဒီလွှတ်တော်နဲ့ နိုင်ငံရဲ့ယုံကြည်မှုကို ဒီအစိုးရဆုံးရှုံးသွားပြီ"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

**မဲခွဲဆုံးဖြတ်မှုခံယူရဦးမည်**

လွှတ်တော်၏ ဆုံးဖြတ်ချက်အရ ဘရီးဇစ် နည်းလမ်းသစ်ကို လွှတ်တော်သို့ ဇန်နဝါရီ ၂၁ ရက်နေ့တွင် ထပ်မံတင်ပြပြီး မဲခွဲဆုံးဖြတ်မှု ခံယူရဦးမည် ဖြစ်ကြောင်း သိရသည်။

ဘရီးဇစ်အရေး ထပ်မံပယ်ချခံရပါက ဗြိတိန်အနေဖြင့် ဥရောပသမဂ္ဂမှ နုတ်ထွက်ခြင်းထက် ဆက်နေဖို့က ဖြစ်နိုင်ခြေပိုမိုများပြားသွားနိုင်ကြောင်း ထရီဆာမေက သတိပေးပြောကြားခဲ့သည်။ ထို့သို့ ဆက်နေရန်ဖြစ်နိုင်ခြေ ပိုမိုများပြားခြင်းက အစိုးရနှင့် နိုင်ငံ့အပေါ်ထားသည့် ပြည်သူများ၏ ယုံကြည်မှုကို ဆိုးရွားစွာ ထိခိုက်စေနိုင်ကြောင်း ၎င်းကပြောသည်။

**တရားဝင်နုတ်ထွက်ရမည်**

၂၀၁၆ခုနှစ် ဘရီးဇစ်အရေး ပြည်သူ့ဆန္ဒခံယူပွဲကျင်းပခဲ့ရာ ပြည်သူ ၅၂ ရာခိုင်နှုန်းက ဥရောပသမဂ္ဂမှ ဗြိတိန်နုတ်ထွက်ရေးကို သဘောတူထောက်ခံခဲ့ကြောင်း သိရသည်။ ယခင်သဘောတူညီချက်အရ ဗြိတိန်သည် မတ်လ ၂၉ ရက်တွင် ဥရောပသမဂ္ဂမှ တရားဝင်နုတ်ထွက်ရမည်ဖြစ်သည်။

**အေအက်ဖ်ပီ**



ခေတ်သစ်ဗြိတိန်သမိုင်းတွင် အစိုးရ၏ အကြီးမားဆုံး ရှုံးနိမ့်မှုကြီးတစ်ခုကို ရင်ဆိုင်နေရသည့် ထရီဆာမေ

# ဆူဒန်နိုင်ငံတစ်ဝန်း အစိုးရကို ဆန့်ကျင်သည့် ဆန္ဒပြမှုများဖြစ်ပွား

**ခါတွန် ဇန်နဝါရီ ၁၆**

"ငြိမ်းချမ်းရေး၊ တရားစီရင်ရေး၊ လွတ်လပ်ရေး"စသည့် စာသားများကို အော်ဟစ်ကာ ခါတွန်မြို့ရှိ လမ်းများပေါ်သို့ စုဝေးခဲ့ကြသည့် ဆန္ဒပြသူများကို ဖြိုခွင်းရန် အဓိကရုဏ်းနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များကို မြို့အနှံ့ ဖြန့်ကြက်ထားကြောင်း သိရသည်။

ပေါင်မုန့်ဈေးများမြှင့်တင်ရန် အစိုးရ၏ ဆုံးဖြတ်ချက်ကို မကျေနပ်သည့်အတွက် ပေါ်ပေါက်လာသော ဆန္ဒပြမှုများသည် ကျေးလက်ဒေသများတွင် ဒီဇင်ဘာ ၁၉ ရက်ကတည်းက ဖြစ်ပေါ်ခဲ့သည်။

အဆိုပါ ဆန္ဒပြမှုများတွင် အနည်းဆုံး ၂၄ ဦးခန့် သေဆုံးခဲ့ရာမှ အစပြုကာ နိုင်ငံတစ်ဝန်း အစိုးရဆန့်ကျင် ဆန္ဒပြမှုများအသွင်သို့ ရုတ်ခြည်းပြောင်းလဲသွားခဲ့ပြီးနောက် ဆန္ဒပြသူများက သမ္မတ အိုမာအယ်လ်ဘတ်ရှာကို ရာထူးမှ ဆင်းပေးရန် တောင်းဆိုသည်အထိ ဖြစ်ပွားခဲ့သည်။



ဆန္ဒပြနေသည့် ဆူဒန်နိုင်ငံသားများကို တွေ့ရစဉ်။

ဇန်နဝါရီ ၁၅ ရက်က အမျိုးသားများနှင့် အမျိုးသမီးများ ဆန္ဒပြမှုများပြုလုပ်ရန် တောင်ပိုင်း စီးပွားရေးဒေသဖြစ်သည့် အယ်လ်ကလက်ကယ်လာတွင် စုရုံးရောက်ရှိနေကြောင်း မျက်မြင်သက်သေများက ပြောကြားခဲ့သည်။

ဆန္ဒပြသူများသည် "ငြိမ်းချမ်းရေး၊ တရားစီရင်ရေး၊ လွတ်လပ်ရေး"စသည့် စာသားများကို ထပ်မံကြွေးကြော်ခဲ့ကြပြီးနောက်"အရေးတော်ပုံ အောင်ရမည်" ဆိုသည့် အသံများ ဟစ်ကြွေးခဲ့ကြောင်း သိရသည်။

**အေအက်ဖ်ပီ**

# နစ်ဆန်း မော်တာကုမ္ပဏီအမှုဆောင်ချုပ်ဟောင်း ကားလို့ဂွန်းစ် အာမခံငြင်းပယ်ခံရ

**တိုကျို ဇန်နဝါရီ ၁၆**

နစ်ဆန်းမော်တာကုမ္ပဏီ၏ အမှုဆောင်ချုပ်ဟောင်း ကားလို့ဂွန်းစ်ကို အာမခံဖြင့် လွှတ်ပေးရန် တောင်းဆိုမှုကို တိုကျိုတရားရုံးက ငြင်းပယ်လိုက်ကြောင်း သိရသည်။

ကားလို့ဂွန်းစ်အား ယုံကြည်မှုကို ဖောက်ဖျက်သည်ဟူသော စွပ်စွဲချက်ဖြင့် ပြီးခဲ့သည့် နိုဝင်ဘာလကတည်းက ထိန်းသိမ်းခဲ့သည်။ ၎င်းအတွက် အာမခံပေးရန် ငြင်းပယ်လိုက်သည့် တရားရုံး၏ ဆုံးဖြတ်ချက်ကို ၎င်း၏ရှေ့နေများက အယူခံဝင်မည်ဖြစ်ကြောင်း သိရသည်။

**ပိုမိုကြာမြင့်နိုင်ဖွယ်ရှိ**

သို့သော် အယူခံပယ်ချခံခဲ့ရလျှင် ၎င်းကိုထိန်းသိမ်းထားမှုမှာ ပိုမိုကြာမြင့်နိုင်ဖွယ်ရှိသည်ဟုဆိုသည်။ ဂွန်းစ်အား ယုံကြည်မှုကို ချိုးဖောက်မှုနှင့် ရပိုင်ခွင့် လျှော့ပေါ့ အစီရင်ခံမှု စွပ်စွဲချက်များဖြင့် ထပ်မံစွဲချက်တင်ခံရပြီးနောက်တွင် ၎င်း၏ ရှေ့နေများက အာမခံဖြင့် လွှတ်ပေးရန် တောင်းဆိုခဲ့ခြင်းဖြစ်သည်။

သို့သော် ဂွန်းစ်က ၎င်းအပေါ် စွပ်စွဲထားမှုများကို ငြင်းဆန်ခဲ့သည်။ လတ်တလောတွင် ၎င်း၏အမှုနှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးမှုများ လုပ်ဆောင်နေဆဲဖြစ်ပြီး ကားလို့ဂွန်းစ်အနေဖြင့် သက်သေအထောက်အထားများကို ဖျက်ဆီးနိုင်သည့်အတွက် ဆက်လက်ထိန်းသိမ်းထားခြင်းဖြစ်ပြီး အာမခံဖြင့် လွှတ်ပေးရန် တောင်းဆိုမှုကို ပယ်ချလိုက်ခြင်းဖြစ်ကြောင်း သိရသည်။ **အင်န်အိတ်ချ်ကေ**

# ရွေးကောက်ပွဲရလဒ်များကိုလေးစားသင့်ကြောင်း ကွန်ဂိုကိုယ်စားလှယ်လောင်းများအား ကုလတိုက်တွန်း

**ဂျီနီဗာ ဇန်နဝါရီ ၁၆**

ကုလသမဂ္ဂလုံခြုံရေးကောင်စီက ကွန်ဂို ဒီမိုကရက်တစ်သမ္မတနိုင်ငံ၌ ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် ကိုယ်စားလှယ်လောင်းများအားလုံး ရွေးကောက်ပွဲအာဏာပိုင်များက ထုတ်ပြန်သော ရွေးကောက်ပွဲရလဒ်အပေါ် လေးစားလိုက်နာသင့်ကြောင်း တိုက်တွန်းပြောကြားလိုက်သည်။

အတိုက်အခံပါတီခေါင်းဆောင် ဖီးလစ်ရှီ ဆက်ကီဒီ အနိုင်ရရှိကြောင်း၊ ရွေးကောက်ပွဲကော်မရှင်က ကြေညာပြီးနောက် အဆိုပါ ကြေညာချက်အား မကျေနပ်သူ အခြားအတိုက်အခံ ခေါင်းဆောင်တစ်ဦးဖြစ်သူ မာတင်ဖာယူလူက ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးတွင် အယူခံဝင်ခဲ့ကြောင်း သိရသည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ကြေညာချက်တွင် ရွေးကောက်ပွဲ ပါဝင်ယှဉ်ပြိုင်သူများသည် ရွေးကောက်ပွဲလုပ်ငန်းစဉ်ဆိုင်ရာ သမာဓိနှင့် ရွေးကောက်ပွဲရလဒ်အပေါ် လေးစားသင့်ကြောင်းနှင့် ဒီမိုကရေစီကို လက်ကိုင်ပြုပြီး နိုင်ငံတွင်း ငြိမ်းချမ်းရေး ထိန်းသိမ်းကြဖို့လိုကြောင်း ထုတ်ပြန်ဖော်ပြခဲ့သည်။

ဒီအာကွန်ဂိုနိုင်ငံ ပထမဆုံး လွတ်လပ်ရေးရရှိခဲ့သည့် ၁၉၆၀ ပြည့်နှစ်ကတည်းက ပထမဆုံးအကြိမ် အေးချမ်းစွာ အာဏာလွှဲပြောင်းပေးနိုင်ရေးကို လမ်းခင်းပေးသည့် ဒီဇင်ဘာ ၃၀ ရက် လူထုစစ်တမ်းရလဒ်ကို ရွေးကောက်ပွဲကော်မရှင်က ဆွေးနွေးချိန်လွန်ခဲ့သည့် ရက်သတ္တပတ်မှစကာ ပြင်သစ်ကြေညာချက်မူကြမ်းနှင့် ပတ်သက်ပြီး ဆွေးနွေးမှုများ ဆက်လက်လုပ်ဆောင်လျက်ရှိကြောင်းလည်း သိရသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးသို့ မရောက်မီကတည်းက အငြင်းပွားမှုများ ဖြစ်ပွားခဲ့သည်ဟု ကုလသမဂ္ဂလုံခြုံရေးကောင်စီက မှတ်ချက်ပြုခဲ့သည်။ ထို့အပြင် ကောင်စီက ရွေးကောက်ပွဲ ပါဝင်ယှဉ်ပြိုင်သူများသည် ရွေးကောက်ပွဲတည်ငြိမ်အေးချမ်းစွာဖြစ်ပေါ်ရေး ထိန်းထိန်းသိမ်းသိမ်းပြုမူဆောင်ရွက်သင့်ကြောင်းလည်း ပြောခဲ့သည်။

**အေအက်ဖ်ပီ**




ကွန်ဂိုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ကော်န်နေးနန်ဂါယိုဘီလူ မြို့တော်ကင်ရှာဆာရှိ လွတ်လပ်သောအမျိုးသားရွေးကောက်ပွဲကော်မရှင်တွင်ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် မိန့်ခွန်းပြောနေစဉ်။

# အမေရိကန်သို့ ဦးတည်လာတဲ့ နောက်ထပ်ရွှေ့ပြောင်းနေထိုင်သူ လူအုပ်ကြီးကို တားဆီးနိုင်ပါ့မလား

## ချူးစန္ဒီမွေး

**အမေရိကန်သမ္မတထရမ့်ဟာ မက္ကဆီကိုနဲ့ အမေရိကန်ပြည်ထောင်စုတို့ကြား တံတိုင်းတည်ဆောက်ဖို့အတွက် ရန်ပုံငွေရရှိရေး လွှတ်တော်မှာ တိုက်ပွဲဝင်နေချိန် နောက်ထပ်ရွှေ့ပြောင်းနေထိုင်သူ လူစုလူဝေးကြီးဟာ အမေရိကန်ကို ဦးတည်ပြီး ထွက်လာခဲ့ပြန်ပါပြီ။**

### နောက်ထပ် လူအုပ်ကြီး

ရာနဲ့ချီတဲ့ ဟွန်ဒူးရပ်စ်နိုင်ငံသားတွေဟာ မော်တော်ယာဉ်နဲ့သော်လည်းကောင်း၊ ခြေကျင်သော်လည်းကောင်း ထွက်ခွာလာခဲ့ကြပြီး အင်္ဂါနေ့မှာပဲ ဂွါတီမာလာနယ်စပ်မှာ လာဆုံကြတယ်လို့ သိရပါတယ်။ သမ္မတထရမ့်ဟာ နယ်စပ်မှာ တံတိုင်းတည်ဆောက်ဖို့အတွက် ရန်ပုံငွေ ရရှိရေးတောင်းဆိုမှုတွေ ပြုလုပ်နေတဲ့အချိန်မှာ ဟွန်ဒူးရပ်စ်နိုင်ငံက ရွှေ့ပြောင်းနေထိုင်သူ လူအုပ်ကြီးဟာ အမေရိကန်ဆီ ဦးတည်ပြီးထွက်လာခဲ့တာပါ။ အဲဒီ ရွှေ့ပြောင်းနေထိုင်သူ လူအုပ်ကြီးဟာ တနင်္လာနေ့ညက ဟွန်ဒူးရပ်စ် မြောက်ပိုင်းမြို့တော် ဆန်ပီဒရိုဆူလာမြို့ကနေ ထွက်ခွာလာခဲ့ကြပါတယ်။

အခုရွှေ့ပြောင်းနေထိုင်သူ လူအုပ်အသစ်ထဲမှာ အနည်းဆုံး လူ ၈၀၀ နဲ့ ၁၀၀၀ ကြား ပါဝင်လိမ့်မယ်လို့ ဟွန်ဒူးရပ်စ် အာဏာပိုင်တွေက ခန့်မှန်းထားပါတယ်။ ဟွန်ဒူးရပ်စ်နိုင်ငံမှာရှိတဲ့ လူ့အခွင့်အရေး ကော်မရှင်ကတော့ ပြောင်းရွှေ့လာတဲ့လူအုပ်ကြီးထဲမှာ လူအနည်းဆုံး ၁၅၀၀ နဲ့၂၀၀၀ ကြား ရှိလိမ့်မယ်လို့ ခန့်မှန်း ထားပါတယ်။

### လွှတ်တော်မှာတိုက်ပွဲဝင်

အမေရိကန်သမ္မတ ထရမ့်ကတော့ မက္ကဆီကိုနဲ့ အမေရိကန်နယ်စပ်ကြား တံတိုင်းတည်ဆောက်ရေးအတွက် ဒေါ်လာ ၅ ဒသမ ၇ ဘီလီယံ တောင်းဆိုထားပြီး လွှတ်တော်က ခွင့်မပြုခဲ့တဲ့အတွက် လွှတ်တော်နဲ့ အငြင်းပွားမှုတွေ ဖြစ်ပေါ်ခဲ့ပါတယ်။ ဒါကြောင့်လည်း ဒီဇင်ဘာ ၂၂ ရက်နေ့က စပြီး ဖက်ဒရယ်အစိုးရရဲ့လုပ်ငန်းစဉ်အချို့ကို ရပ်နားထားပါတယ်။

အခုလည်း နောက်ထပ်ရွှေ့ပြောင်းနေထိုင်သူတွေ အုံလိုက်ကျင်းလိုက် အမေရိကန်ကို ဦးတည်နေပြီဆိုတာကို သမ္မတထရမ့်က အင်္ဂါနေ့မှာပဲ တွစ်တာပေါ်ကနေ သတိပေးခဲ့ပါတယ်။ ဟွန်ဒူးရပ်စ်က ရွှေ့ပြောင်းလာသူ လူအုပ်ကြီးဟာ အမေရိကန်တောင်ပိုင်းနယ်စပ်ကို ဦးတည်နေပါပြီ။ တံတိုင်း ဒါမှမဟုတ်၊ သံဆူးကြိုးတွေနဲ့ ကာရံမှသာ နိုင်ငံအနေနဲ့ လုံခြုံမှုရရှိမယ်။ ကျေးဇူးပြုပြီး နိုင်ငံရေးကစားပွဲတွေ ရပ်တန့်ပါတော့လို့ တွစ်တာပေါ်မှာ ထရမ့်က ရေးသားခဲ့ပါတယ်။

### တခြားနိုင်ငံတွေအပေါ်အပြစ်ဖို့

ပြီးခဲ့တဲ့လတွေတုန်းကလည်း ဗဟို အမေရိကက ရွှေ့ပြောင်းလာသူ လူအုပ်ကြီးဟာ ဂွါတီမာလာနဲ့ မက္ကဆီကို ဖြတ်ကျော်ပြီးတော့ အမေရိကန်နယ်စပ်ကို ဦးတည်လာခဲ့ပါတယ်။ အခုနောက်ထပ်အုံနဲ့ကျင်းနဲ့ ရွှေ့ပြောင်းလာတဲ့ လူအုပ်ကြီးကလည်း



ဟွန်ဒူးရပ်စ်နိုင်ငံ ဆန်ပီဒရိုဆူလာမြို့မှ ထွက်ခွာလာသော ရွှေ့ပြောင်းသွားလာသူ လူအုပ်ကြီးကို တွေ့ရစဉ်။

ယခင်အုပ်စုလိုပါပဲ။

ရွှေ့ပြောင်းလာသူ လူအုပ်ကြီးကို တားဆီးနိုင်ခြင်းမရှိတဲ့အတွက် သမ္မတထရမ့်ရဲ့အစိုးရအဖွဲ့ ဗဟိုအမေရိက နိုင်ငံတွေ၊ မက္ကဆီကိုနိုင်ငံတို့ကို ပြင်းပြင်းထန်ထန်ဝေဖန်ခဲ့ပါတယ်။ ဒီလို အုံနဲ့ကျင်းနဲ့ နယ်စပ်ကို ဖြတ်ကျော်လာတဲ့အခါ တားဆီးမှုအနည်းငယ်သာလုပ်ခဲ့တယ်ဆိုပြီး အပြစ်တင်ခဲ့တာပါ။ ဒါကတော့ အရင်ရွှေ့ပြောင်းလာတဲ့ လူအုပ်ကြီးတုန်းက အပြစ်တင်ခဲ့တာဖြစ်ဖြစ်၊ အခု နောက်တစ်ဖန် ထပ်မံပေါ်ပေါက်လာတဲ့ အုံနဲ့ကျင်းနဲ့ ရွှေ့ပြောင်းလာသူတွေ ကိစ္စမှာတော့ ဟွန်ဒူးရပ်စ်အစိုးရဟာ ဂွါတီမာလာနဲ့ ဟွန်ဒူးရပ်စ်နယ်စပ်ကြားမှာ နိုးနိုးကြားကြား ရှိနေခဲ့ပါတယ်။

### တားဆီးမှုတွေလုပ်ဆောင်

ခရီးသွား အထောက်အထား အပြည့်အစုံ မပါရှိဘဲ ဟွန်ဒူးရပ်စ်နိုင်ငံအတွင်းက ထွက်ခွာဖို့ ကြိုးစားတဲ့ လူ ၉၀ ခန့်ကိုလည်း ထိန်းသိမ်းထားနိုင်ခဲ့တယ်လို့ သိရပါတယ်။ ဟွန်ဒူးရပ်စ်လုံခြုံရေးဝန်ကြီးဂျူလီယန်ပိချ်ကိုတော့ သူတို့အနေနဲ့ တရားမဝင် နယ်စပ်ဖြတ်ကျော်တာတွေကို တားဆီးဖို့အတွက် နယ်စပ်ကို အားဖြည့်ထားတယ်။

လူတွေဟာ တကယ်လို့နိုင်ငံအတွင်းက ထွက်ခွာမယ်ဆိုရင် တရားဝင်အထောက်အထား တွေအရပဲ ထွက်ခွာလို့ရမယ်လို့ သူက သတင်းထောက်တွေနဲ့ တွေ့ဆုံစဉ်မှာ ပြောကြားခဲ့ပါတယ်။ အလားတူပါပဲ မက္ကဆီကိုအစိုးရကလည်း သူ့ရဲ့တောင်ပိုင်း နယ်စပ်မှာ တင်းကျပ်မှုတွေ အလေးပေး လုပ်ဆောင်နေပါတယ်။ အခုနောက်ဆုံးပေါ်ထွက်လာတဲ့ ရွှေ့ပြောင်းသွားလာသူ အုပ်စုကြီးအတွင်းမှာ အထောက်အထားမဲ့ သွားလာသူတွေပါလာရင် ဖြတ်သန်းခွင့်မပြုဘဲ တားဆီးမှုတွေ လုပ်ဆောင်သွားမှာပါ။ မက္ကဆီကို ပြည်ထဲရေးဝန်ကြီးကလည်း ဂွါတီမာလာနဲ့ မက္ကဆီကို နယ်စပ်ကြားမှာ တရားမဝင်ဘဲ ဝင်ရောက်နိုင်တဲ့ နေရာပေါင်း ၃၇၀ လောက်ရှိနေပြီး တရားမဝင် ဝင်ရောက်လာမှုတွေကို ထိန်းချုပ်ဖို့ အဲဒီနေရာတွေကို စောင့်ကြည့်မှုတွေ ပြုလုပ်သွားမယ်လို့ ပြောကြားထားပါတယ်။

### လူအစုအဝေးလိုက် ရွှေ့ပြောင်းလာ

ဟွန်ဒူးရပ်စ်နိုင်ငံက လူအများစု အပါအဝင် ဗဟိုအမေရိကက လူတွေဟာ မကြာသေးခင်နှစ်အနည်းငယ်ကစပြီး ရွှေ့ပြောင်းသွားလာမှုတွေ လုပ်ဆောင်လာပါတယ်။ အကြောင်းကတော့ သူတို့နေထိုင်ရာဒေသတွေမှာ နိုင်ငံရေးအရ မတည်မငြိမ်ဖြစ်ပြီး အကြမ်းဖက်မှုတွေ ပေါ်ပေါက်လာလို့၊ နောက်တစ်ချက်ကတော့ ဆင်းရဲမွဲတေမှုတွေကို မခံစားနိုင်တော့လို့ပါပဲ။ သူတို့ထဲက အချို့ဟာ လူစုလူဝေးလိုက်ရွှေ့ပြောင်းကြတဲ့ နည်းလမ်းကို ရွေးချယ်လာကြပါတယ်။ လူတွေအုပ်စုလိုက် ရွှေ့ပြောင်းသွားလာမယ်ဆိုရင် ပါဝင်သူတွေကို ရွှေ့ပြောင်းသွားလာတဲ့ လမ်းကြောင်းတစ်လျှောက် ရင်ဆိုင်ကြုံတွေ့ဖွယ်ရှိတဲ့ အန္တရာယ်တွေကနေ တားဆီးကာကွယ်ပေးမယ်ဆိုတဲ့ ကမ်းလှမ်းမှုတွေနဲ့ အုပ်စုလိုက် ပြောင်းရွှေ့မှုတွေကို လုပ်ဆောင်လာကြတယ်။ အုပ်စုလိုက် ရွှေ့ပြောင်းမယ်ဆိုရင် လမ်းကြောင်းတစ်လျှောက် ရိုက်နှက်လုယူခံရတာတွေ၊ ငွေညှစ်ခံရတာတွေ၊ အဓမ္မကျင့်ခံရတာတွေကနေ ကင်းဝေးမှာလည်း ဖြစ်တယ်။

### လူတွေသတိထားမိလာ

မနှစ်က မတိုင်ခင်အထိတော့ ဒီလို လူစုလူဝေးလိုက် ရွှေ့ပြောင်းမှုတွေကို ကမ္ဘာက သိပ်ပြီးတော့ အာရုံမစိုက်သေးပါဘူး။ ပြီးခဲ့တဲ့ နွေဦးမှာ မက္ကဆီကိုတောင်ပိုင်းမှာ ဖြစ်ပေါ်လာတဲ့ အုံနဲ့ကျင်းနဲ့ ရွှေ့ပြောင်းမှုတစ်ခုကစပြီး သမ္မတထရမ့်ဟာ ဒီကိစ္စကို အာရုံစိုက်လာပါတယ်။ ပြီးတော့ ဒီလို ရွှေ့ပြောင်းသွားလာမှုဟာ အမေရိကန်ရဲ့ အချုပ်အခြာအာဏာကို ခြိမ်းခြောက်မှုဖြစ်လာစေလိမ့်မယ်လို့ သတိပေးခဲ့ပါတယ်။ ပြီးခဲ့တဲ့ နှစ်အောက်တိုဘာလအတွင်းမှာ ဟွန်ဒူးရပ်စ်ကနေလူတွေအုပ်စုဖွဲ့ပြီး ရွှေ့ပြောင်းလာမှုတွေ လုပ်လာတဲ့အခါမှာတော့ သမ္မတထရမ့်ကို အမျက်ဒေါသထွက်စေပြီး အပြည်ပြည်ဆိုင်ရာက သတင်းမီဒီယာတွေလည်း ဒီကိစ္စအပေါ်မှာ အတော်လေး သတိထားမိလာပါတယ်။

### ဆုံးဖြတ်ချက်အမျိုးမျိုး

အဲဒီနောက် တခြားအုပ်စုကလည်း ပြီးခဲ့တဲ့ နိုဝင်ဘာလလယ်ပိုင်းလောက်မှာ ထပ်မံပြီး ရွှေ့ပြောင်းလာမှုတွေ လုပ်ဆောင်ခဲ့ပါတယ်။ အဲဒီအုပ်စုမှာတော့ ရွှေ့ပြောင်းနေထိုင်သူ ၆၀၀၀ ခန့် ပါဝင်ပါတယ်။ အဲဒီလူတွေအားလုံးက ဗဟိုအမေရိကနိုင်ငံတွေချည်းက ပါပဲ။ ကမ္ဘာ့သတင်းမီဒီယာတွေမှာလည်း လူတွေအုပ်စုလိုက်ဖွဲ့ပြီး ရွှေ့ပြောင်းလာတဲ့ သတင်းတွေကို အကျယ်တဝင့် ဖော်ပြလာကြပါတယ်။ ဒီရွှေ့ပြောင်း သွားလာသူတွေထဲက လူတွေရာနဲ့ချီပြီး အမေရိကန်မှာ ခိုလှုံသူအဖြစ် နေခွင့်ရရေး လျှောက်ထားကြတာရှိသလို တချို့လူတွေကလည်း နယ်စပ်ကို တရားမဝင် ဖြတ်ကျော်ဖို့ ဆုံးဖြတ်ကြပြန်ပါတယ်။ သူတို့ထဲက အချို့ဟာလည်း မက္ကဆီကိုမှာ ဆက်လက်ကျန်ရှိနေဖို့ ဆုံးဖြတ်ကြတာမျိုးလည်း ရှိပါတယ်။ မက္ကဆီကိုအစိုးရက လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ဗီဇာနဲ့ အလုပ်ကို လုပ်ခွင့်ရရှိမယ် ဆိုတာမျိုးကို စဉ်းစားလာကြပါတယ်။ အမေရိကန်ပြည်ထောင်စုအတွင်း ခိုးဝင်ဖို့ ကြိုးစားရာမှာ မအောင်မြင်တဲ့အတွက် စိတ်ပျက်လာကြတဲ့ လူတွေလည်း ရှိပါတယ်။

ဒီလူတွေကတော့ နေရပ်ပြန်ပို့ပေးဖို့ကိုပဲ သူတို့ရဲ့ သဘောဆန္ဒအလျောက် တောင်းခံလာတာမျိုးတွေလည်း ရှိပါတယ်။

### စိတ်မပျက်ကြသေး

ဒါပေမယ့်လည်း လူတွေဟာ စိတ်ပျက်မသွားကြသေးပါဘူး။ နောက်ထပ်ရွှေ့ပြောင်းလာတာတွေပေါ်ထွက်လာတုန်းပါပဲ။ ထရမ့်ရဲ့ ခြိမ်းခြောက်မှုက သူတို့ကို စိတ်မပျက် စေသေးပါဘူး။ တံတိုင်းကြီး ဆောက်လိုက်ရင်တောင်မှပဲ ကျွန်တော်တို့ကို စိတ်ပျက်သွားအောင် လုပ်လို့မရပါဘူးလို့ ဟွန်ဒူးရပ်စ်က ရွှေ့ပြောင်းသွားလာသူထဲက တစ်ဦးဖြစ်တဲ့ အသက် ၁၇ နှစ်အရွယ် ဂျူနီယာအလီမန်းက ပြောပါတယ်။

ဂျူနီယာဟာ အခု အသစ်ပြောင်းရွှေ့လာတဲ့ လူအုပ်ထဲကတစ်ယောက်ပါ။ သူ့ရဲ့စိတ်ကူးကတော့ အမေရိကန်ထဲကို တရားမဝင်ဝင်မယ်၊ ပြီးတော့ ဗာဂျီးနီးယားကို ဆက်သွားမယ်၊ ဗာဂျီးနီးယားမှာ သူ့အဒေါ်နှစ်ယောက်ရှိတယ်။ အဲဒီမှာပဲ အလုပ်ရှာဖို့ စီစဉ်ထားပါတယ်။

သူ့ရဲ့ပြောစကားကတော့ ဟွန်ဒူးရပ်စ်မှာဆိုရင် အရာရာဟာ ခက်ခဲပါတယ်။ အလုပ်လည်း မရှိပါဘူး။ ကျွန်တော်ကတော့ မိသားစုကိုပြန်ပြီး ထောက်ပံ့ပေးချင်ပါတယ် ဆိုတာပါပဲ။ ။

**ကိုးကား - နယူးယောက်တိုင်းမ်**

# နိုင်ငံတကာသတင်းတိုထွာ

## ကင်ညာတိုက်ခိုက်မှုဖြစ်ပွားပြီးနောက် ယူဂန္ဒာနိုင်ငံ၌ လုံခြုံရေးသတိပေးနှိုးဆော်

**ကမ်ပါလာ ဇန်နဝါရီ ၁၆**

အိမ်နီးချင်း ကင်ညာရှိ ရုံးအဆောက်အအုံတစ်ခုနှင့် ဟိုတယ်တစ်လုံးတွင် အကြမ်းဖက်တိုက်ခိုက်မှု ဖြစ်ပွားခဲ့ပြီးနောက် ယူဂန္ဒာနိုင်ငံ၌ အင်္ဂါနေ့နှောင်းပိုင်းတွင် လုံခြုံရေး အထူးသတိပေး နှိုးဆော်ထားကြောင်း သိရသည်။

အရှေ့အာဖရိကနိုင်ငံတွင် လုံခြုံရေးအဆင့်မြှင့်တင်ထားပြီး အကြမ်းဖက်တိုက်ဖျက်ရေးဆောင်ရွက်မှုများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း ယူဂန္ဒာ ရဲတပ်ဖွဲ့လက်ထောက်ပြောရေးဆိုခွင့်ရှိသူ ပေါ်လီနာမာရီက ပြောကြားခဲ့သည်။ လူထူထပ်များပြားသည့်နေရာများ ဖြစ်ကြသည့် ဘုရားကျောင်းများ၊ ဈေးများ၊ ဆေးရုံများ၊ ကျောင်းများနှင့် ဈေးဝယ်စင်တာကဲ့သို့သော နေရာများတွင် လုံခြုံရေးဆောင်ရွက်မှုများ လုပ်ဆောင်သင့်ကြောင်း၊ မိမိတို့၏လုံခြုံရေး တာဝန်ရှိသူများအနေဖြင့် နိုးကြားမှုရှိရန် သတိပေးနှိုးဆော်ထားကြောင်း နာမာရီက ပြောကြားသည်။ **ဆင်ဟွာ**

## တူရကီ၏ စီးပွားရေးကို ခြိမ်းခြောက်ရုံဖြင့် အကျိုးရှိလာမည် မဟုတ်ကြောင်း တူရကီနိုင်ငံခြားရေးဝန်ကြီး ပြောကြား

**အန်ကာရာ ဇန်နဝါရီ ၁၆**

ဆီးရီးယားရှိ အမေရိကန်၏ မဟာမိတ်ဖြစ်သည့် ကာ့ဒ်တိုက်ခိုက်ရေးအုပ်စုများကို တူရကီတပ်ဖွဲ့ဝင်များက တိုက်ခိုက်လာပါက တူရကီ၏ စီးပွားရေးကို ဖျက်ဆီးပစ်မည်ဟု အမေရိကန်သမ္မတဒေါ်နယ်ထရမ့်၏ ခြိမ်းခြောက်မှုကို တူရကီက ပြင်းပြင်းထန်ထန် တုံ့ပြန် ပြောဆိုလိုက်ကြောင်း သိရသည်။

အမေရိကန်၏ ထိုသို့ပြောဆိုခဲ့မှုနှင့်ပတ်သက်၍ တူရကီက မည်သည့်ခြိမ်းခြောက်မှုမျိုးကိုမျှ ကြောက်ရွံ့နေမည် မဟုတ်ကြောင်း တူရကီနိုင်ငံခြားရေးဝန်ကြီး မက်ဗလပ်ကာဗူဆိုဂလူက တနင်္လာနေ့တွင် ပြောကြားခဲ့သည်။ ထို့အပြင် ၎င်းက တူရကီ၏ စီးပွားရေးကို ခြိမ်းခြောက်နေရုံဖြင့် မည်သည့်အကျိုးရလဒ်မျှ ရရှိလာမည် မဟုတ်ဟုလည်း ပြောကြားခဲ့ကြောင်း သိရသည်။

အမေရိကန်သမ္မတဒေါ်နယ်ထရမ့်က ဆီးရီးယားရှိ အမေရိကန်တပ်ဖွဲ့ဝင်များကို ရုပ်သိမ်းရန် ပြီးခဲ့သည့်လက ကြေညာခဲ့ပြီးနောက်တွင် ဆီးရီးယားရှိ ဝိုင်ပီဂျီအုပ်စုများကို တိုက်ခိုက်မည်ဟု တူရကီက ပြောကြားခဲ့သည်။ ထရမ့်က ကာ့ဒ်အုပ်စုများကို တိုက်ခိုက်လျှင် တူရကီနိုင်ငံကို စီးပွားပျက်အောင်လုပ်ဆောင်မည်ဟု ခြိမ်းခြောက်ခဲ့သည်။ တူရကီသမ္မတ ရီဆက်တေရစ်အာဒိုဂန်သည် သမ္မတထရမ့်နှင့် တနင်္လာနေ့တွင် ဖုန်းဖြင့်ဆက်သွယ်စကားပြောဆိုခဲ့ပြီး တူရကီ၏ ရည်ရွယ်ချက်မှာ အကြမ်းဖက်အုပ်စုများကို နှိမ်နင်းရန်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ **အင်န်အိတ်ချ်ကေ**

# မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို လျှပ်စစ်မီးလင်းရေးဖွင့်ပွဲနှင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းအောင်ပွဲအခမ်းအနား တက်ရောက်

**ပွင့်ဖြူ ဇန်နဝါရီ ၁၆**
မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် လက်ပန္ဒယ်ကျေးရွာတွင် လျှပ်စစ်ဓာတ်အားမြှင့်တင်ခြင်း၊ အခြေခံပညာအလယ်တန်းကျောင်းခွဲအဆင့်တိုးမြှင့်ခွင့်ရရှိခြင်း၊ ကုန်ထုတ်လမ်းတံတားတည်ဆောက်ခြင်း၊ ကျေးလက် ဆေးပေးခန်း တည်ဆောက်ခြင်း၊ စာကြည့်တိုက် အဆောက်အအုံတည်ဆောက်ပြီးစီးခြင်း အထိမ်းအမှတ် ကျေးရွာဖွံ့ဖြိုးရေးအောင်ပွဲ အခမ်းအနားကို ယမန်နေ့က အဆိုပါကျေးရွာရှိ အခြေခံပညာအလယ်တန်းကျောင်းခွဲ၌ ကျင်းပရာ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းအောင်ပွဲ ဆိုင်းဘုတ်ကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာ အောင်မိုးညို၊ တိုင်းဒေသကြီးဥပဒေချုပ် ဦးဆန်းလင်းနှင့် တာဝန်ရှိသူတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

ဆက်လက်၍ အခမ်းအနားကို အခြေခံပညာအလယ်တန်းကျောင်းခွဲ စာသင်ကျောင်းဆောင်၌ ကျင်းပရာ ဝန်ကြီးချုပ် က ကျေးလက်နေပြည်သူများ လူမှုစီးပွားကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန်အတွက် နိုင်ငံတော်အစိုးရမှ ဘဏ္ဍာနှစ်အလိုက် ပြည်သူ့အခွန်ဘဏ္ဍာငွေဖြင့် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း၊ ကျေးလက်နေပြည်သူများ အနေဖြင့် မိမိတို့ ရပ်ရွာဖွံ့ဖြိုးတက်စေရေးအတွက် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် ကြိုးစားလုပ်ကိုင်သွားကြရန် ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဥပဒေချုပ် ဦးဆန်းလင်းနှင့် တိုင်းဒေသကြီး လျှပ်စစ် ဒုတိယအင်ဂျင်နီယာချုပ် ဦးထောင်ဇိုခိုင်တို့က အမှာစကားပြောကြားသည်။

ပွင့်ဖြူမြို့နယ် လက်ပန္ဒယ်ကျေးရွာ ဒေသခံပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေးအတွက် လျှပ်စစ်မီး အဆင်ပြေစွာသုံးစွဲနိုင်ရေး ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ၁၁ ကေဗွီ ဓာတ်အားလိုင်း အရှည်ပေ ၁၅၀၀ နှင့် ၁၀၀ ကေဗွီအေထရန်စဖော်မာတစ်လုံး တည်ဆောက်ပေးခြင်း၊ ကျေးရွာမှ ကျောင်းနေအရွယ်ကလေးငယ်များ အဆင်ပြေစွာ ပညာသင်ကြားနိုင်ရေးအတွက် အလယ်တန်းကျောင်းခွဲအဖြစ် အဆင့်တိုးမြှင့်ခွင့်ရရှိခြင်း၊ အနီးကပ်ကျန်းမာရေးပြုစုစောင့်ရှောက်နိုင်ရေးအတွက် ကျေးလက်ဆေးပေးခန်း တည်ဆောက်ပေးခြင်း၊ အရှည်ပေ ၃၀၊ အကျယ် ၁၆ ပေ ရှိ ကုန်ထုတ်တံတား တည်ဆောက်ပေးခြင်းနှင့် ကျေးလက်နေပြည်သူများ စာပေဗဟုသုတ တိုးပွားစေရေး အလျား ၂၅ ပေ၊ အနံ ပေ ၂၀ ရှိ ကျေးရွာစာကြည့်တိုက်အဆောက်အအုံ တည်ဆောက်ပေးခြင်းတို့ကို အကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့ကြောင်း၊ ကျေးလက်နေပြည်သူများအနေဖြင့် နိုင်ငံတော်အစိုးရမှ ကျေးရွာဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဖွံ့ဖြိုးရေးလုပ်ငန်းများစွာကို အကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့သဖြင့် ဝမ်းသာပျော်ရွှင်လျက်ရှိနေကြကြောင်း ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမင်းမင်းခက်ထံမှ သိရသည်။



**ရဲဝင်းနိုင် (ညောင်ဦး)**

# ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ ခက်အောင် ပညာရေးစုံညီပွဲတော်နှင့် ထူးချွန်ဆုပေးအပ်ပွဲတက်ရောက်

**မြစ်ကြီးနား ဇန်နဝါရီ ၁၆**
၂၀၁၈-၂၀၁၉ ပညာသင်နှစ် ကချင်ပြည်နယ် ပညာရေးစုံညီပွဲတော်နှင့် ထူးချွန်ဆုရ ကျောင်းသား ကျောင်းသူများအား ပညာရည်ချွန်ဆုပေးအပ်ခြင်း အခမ်းအနားကို ယမန်နေ့က မြစ်ကြီးနားမြို့ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင် တက်ရောက်အားပေးသည်။

အခမ်းအနားတွင် ပညာရေးစုံညီပွဲတော် မုခ်ဦးကို ပြည်နယ်အတွင်းရှိ လူရည်ချွန် မောင်မယ်လေးများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် အခမ်းအနား တက်ရောက်လာသူများက အခြေခံပညာကျောင်းပေါင်းစုံမှ ကျောင်းသား ကျောင်းသူများ၏ ဖျော်ဖြေရေးအကနှင့် ကာယလေ့ကျင့်ခန်း သရုပ်ပြသနေမှု၊ စာသင်ခန်းများအတွင်း ကျောင်းသား ကျောင်းသူများ၏ ပညာရေးဆိုင်ရာ စွမ်းရည်ပြခန်းများကို လှည့်လည်ကြည့်ရှုခဲ့ကြသည်။

ယင်းနောက် စုံညီပွဲတော်အခမ်းအနားကိုအေးမြသီတာခန်းမ၌ ဆက်လက်ကျင်းပရာ ကျောင်းသား ကျောင်းသူလေးများက မြန်မာ့ကျောင်းသီချင်းဖြင့် သီဆိုဖျော်ဖြေဖွင့်လှစ်ခဲ့ကြပြီး ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။ ပြည်နယ်ပညာရေးမှူး ဒေါ်ခင်သန်းနွဲ့က ပွဲတော်ကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ထက်၊လယ်၊ မူအဆင့် သန့်ရှင်းသာယာလှပဆုရကျောင်းများ၊ ဗဟိုအဆင့် သချင်္ချာစွမ်းရည်ပြိုင်ပွဲ၊ နိုင်ငံတကာလူငယ်ပေးစာပြိုင်ပွဲ၊ သချင်္ချာ အိုလံပစ်ပြိုင်ပွဲ၊ မြန်မာစာစွမ်းရည်ပြိုင်ပွဲ၊ အထိမ်းအမှတ်နေ့စာစီစာကုံးပြိုင်ပွဲများနှင့် National ICT Awards ပြိုင်ပွဲတို့တွင် ဆုရရှိခဲ့သော ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဆုငွေများကို ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

**ပြည်နယ် (ပြန်/ဆက်)**






# ဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံ အမျိုးသမီးဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲသို့ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု တက်ရောက်

**စစ်တွေ ဇန်နဝါရီ ၁၆**
ရခိုင်ပြည်နယ် ဝန်ကြီးချုပ်ဖလား အသက်(၂၅)နှစ်အောက် အမျိုးသမီး ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၄ ရက်က စစ်တွေမြို့ဝေသာလီ အားကစားကွင်း၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲပွဲစဉ်အဖြစ် စစ်တွေခရိုင်အသင်းနှင့် မြောက်ဦးခရိုင်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ စစ်တွေခရိုင်အသင်းက ငါးဂိုး - ဂိုးမရှိဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။

**ဆုများပေးအပ်ချီးမြှင့်**

ယင်းနောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ကျင်းပရာ အကောင်းဆုံးဂိုးသမားဆု၊ နောက်တန်းဆု၊ အလယ်တန်းဆု၊ ရှေ့တန်းဆုနှင့် ပွဲစဉ်တစ်လျှောက် အကောင်းဆုံးဆုရ အားကစားသမားများအား ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာ ချမ်းသာနှင့် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဖုန်းတင့်တို့က ဆုများပေးအပ်ချီးမြှင့်ပေးသည်။

ဆက်လက်ပြီး ဒုတိယဆုရ မြောက်ဦးခရိုင်အသင်းအား ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြသန်းက တစ်ဦးချင်းလည်ဆွဲတံဆိပ်နှင့် ငွေသားဆု ငွေကျပ်ငါးသိန်းကို လည်းကောင်း၊ ပထမဆုရ စစ်တွေခရိုင်အသင်းအား ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက တံခွန်စိုက်ဆုဖလားနှင့် တစ်ဦးချင်းလည်ဆွဲတံဆိပ် ငွေသားဆု ငွေကျပ် ခုနစ်သိန်းကို လည်းကောင်း **(အပေါ်ပုံ)** ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ဝင်းမင်းစိုး (ပြန်/ဆက်)**

# ကြို့ပင်ကောက်မြို့တွင် ၁၆ ခုတင်ဆံ့ တိုင်းရင်းဆေးရုံဖွင့်

**ကြို့ပင်ကောက် ဇန်နဝါရီ ၁၆**
ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့တွင် ၁၆ ခုတင်ဆံ့တိုင်းရင်းဆေးရုံဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ကကျင်းပရာ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်ရင်၊ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါ်ညွန့်ညွန့်ဌေး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဌေးမင်းသိန်း၊ တိုင်းရင်းဆေးပညာဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးစိုးမိုးနှင့် တိုင်းရင်းဆေးရုံမြေနေရာအလှူရှင် ဦးထွန်းလွင်-ဒေါ်လဲ့လဲ့ဝင်းတို့က တိုင်းရင်းဆေးရုံအဆောက်အအုံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရေပက်ဖျန်းပေးပြီး ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုခဲ့ကြသည်။

တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌက ပဲခူးတိုင်းဒေသကြီးအတွင်း တိုင်းရင်းဆေးရုံလေးရုံ၊ ခရိုင်အဆင့်တိုင်းရင်းဆေးကုဌာန လေးခုနှင့် မြို့နယ် တိုင်းရင်းဆေးကုဌာန ၂၂ ခုတို့ဖြင့် ပြည်သူတို့၏ကျန်းမာရေးကိုစောင့်ရှောက်မှု ပေးနေခြင်းဖြစ်ကြောင်း၊ တိုင်းဒေသကြီးအတွင်း ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာ လအထိ အတွင်းလူနာပေါင်း ၆၉၅ ဦးနှင့် ပြင်ပလူနာပေါင်း ၅၇၄၄၇ ဦးတို့ကို တိုင်းရင်း ဆေးပညာဖြင့် ကုသပေးနိုင်ခဲ့ကြောင်း၊ နယ်လှည့်ကွင်းဆင်းသည့် အကြိမ်ရေ ၄၈၃ ကြိမ်တွင် လူနာဦးရေ ၁၆၈၄၁ ဦးအား ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ခဲ့ကြောင်း၊ ယခုဆိုလျှင် (၁၆) ခုတင်ဆံ့တိုင်းရင်းဆေးရုံသစ်ကြီးကို ကြို့ပင်ကောက်မြို့တွင် ဖွင့်လှစ်နိုင်ခဲ့သဖြင့် မြို့နယ်အတွင်းရှိပြည်သူများကို တိုင်းရင်းဆေးပညာဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်တော့မည်ဖြစ်ကြောင်း ပြောသည်။

တိုင်းရင်းဆေးပညာဦးစီးဌာန တိုင်းဒေသကြီးဦးစီးဌာနမှူးက ယင်းတိုင်းရင်းဆေးရုံကို နိုင်ငံတော်မှ ငွေကျပ်သန်းပေါင်း ၁၁၉ ဒသမ ၇ သန်းကျော် အကုန်အကျခံ တည်ဆောက်ပေးခဲ့ရာ ပျမ်းမျှတစ်လလျှင် ရောဂါဝေဒနာရှင် ၃၁၄ ဦးခန့်ကို ဆေးကုသပေးနေကြောင်း၊ ဆေးရုံဝန်ထမ်းများအတွက် ဝန်ထမ်းအိမ်ရာ လေးခန်းတွဲ လေးထပ်ကိုလည်း ငွေကျပ် သန်းပေါင်း ၃၂၈ ဒသမ ၉ သန်း အကုန်အကျခံ ဆောက်လုပ်ပေးပြီး အရာထမ်း၊ အမှုထမ်းစုစုပေါင်း ၃၈ နေရာဖွဲ့စည်းပုံခွင့်ပြုပေးခဲ့ကြောင်း ပြောကြားသည်။

ဆက်လက်၍ မြို့မိမြို့ဖတစ်ဦးက ကျေးဇူးတင်စကားပြောကြားပြီး အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ခဲ့ကြောင်း သိရသည်။

**ဇေယျာထွန်း (ကြို့ပင်ကောက်)**



# ၂၀၁၉ ခုနှစ် နာဂရိုးရာနှစ်သစ်ကူးပွဲတော်သို့ နိုင်ငံခြားသား ခရီးသွားဧည့်သည် ၄၀ ကျော် လာရောက်လည်ပတ်

**လေရှီး ဇန်နဝါရီ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လေရှီးမြို့တွင် ကျင်းပသည့် ၂၀၁၉ ခုနှစ် နာဂရိုးရာ နှစ်သစ်ကူးပွဲတော်သို့ နိုင်ငံခြားသား ခရီးသွား ဧည့်သည် ၄၉ ဦး လာရောက်လည်ပတ်ခဲ့ကြောင်း မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဦးစီးမှူးရုံးမှ သိရသည်။

အဆိုပါပွဲတော်ကျင်းပသည့် လေရှီးမြို့သို့ ဂျာမန်၊ ဘယ်လ်ဂျီယံ၊ ဆွစ်ဇာလန်၊ ဂျပန်၊ ဩစတြေးလျ၊ ပြင်သစ်၊ အစ္စရေး၊ အမေရိကန်၊ ကနေဒါ၊ ချက်၊ အီတလီ၊ တောင်ကိုရီးယား၊ စပိန်နိုင်ငံတို့မှ အမျိုးသား ၃၃ ဦး၊ အမျိုးသမီး ၁၆ ဦးတို့ လာရောက် လည်ပတ်ခဲ့ကြောင်း သိရသည်။

"နိုင်ငံခြားသားခရီးသွားဧည့်သည်တွေ လေရှီးမြို့ကို ပွင့်လင်းရာသီမှာတော့ အများဆုံးလာရောက်လည်ပတ်ကြတယ်။ အခုနှစ်ကတော့ ရိုးရာနှစ်သစ်ကူးပွဲတော်ကျင်းပတော့ လာရောက်လည်ပတ်မှုများတယ်လို့ ပြောရမယ်။ ပွဲတော်ကာလတစ်ခုတည်းမှာကို ခရီးသွား ၄၀ ကျော် လာရောက်ခဲ့ပါတယ်။ ကျန်တဲ့အချိန်တွေကတော့ လာရောက်လည်ပတ်တဲ့သူ အလွန်နည်းတယ်"ဟု မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဦးစီးမှူးရုံးမှ ဦးစီးအရာရှိဦးကျော်စိုးမိုးက ပြောသည်။

လေရှီးမြို့နယ်သို့ နှစ်စဉ်နိုင်ငံခြားသား လာရောက်လည်ပတ်မှုအနေဖြင့် ၂၀၁၁ ခုနှစ်တွင် ခုနစ်ဦး၊ ၂၀၁၂ ခုနှစ်တွင် ၃၇ ဦး၊ ၂၀၁၃ ခုနှစ်တွင် ၂၁ ဦး၊ ၂၀၁၄ ခုနှစ်တွင် ၁၉ ဦး၊ ၂၀၁၅ ခုနှစ်တွင် ၅၉ ဦး၊ ၂၀၁၆ ခုနှစ်တွင် ၃၉ ဦး၊ ၂၀၁၇ ခုနှစ်တွင် ၅၉ ဦး၊ ၂၀၁၈ ခုနှစ်တွင် ၆၃ ဦး လာရောက်လည်ပတ်ခဲ့ကြောင်း မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဦးစီးမှူးရုံး၏ မှတ်တမ်းများအရ သိရသည်။

**ဝင်းဦး (ဇေယျာတိုင်း)**

# ယနေ့ ဈေးကွက်ပေါက်ဈေးများ

**၁၆-၁-၂၀၁၉**

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၄၈၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၈၆၈၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၄၈၅၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၈၆၈၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၂၀/၈၉၀ ကျပ် | ၉၀၀/၉၁၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၈၃၀/၉၀၀ ကျပ် | ၉၁၅/၉၂၅ ကျပ် |
| အောက်တိန်း ၉၂ | ၆၄၅/၇၁၀ ကျပ် | ၇၄၅/၈၀၀ ကျပ် |
| အောက်တိန်း ၉၅ | ၇၃၀/၇၉၀ ကျပ် | ၈၄၀/၈၅၀ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၅၁၉ ・ ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၇၃၃ ・ ၃ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၁၂၀ ・ ၇ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၉၅၂ ・ ၈ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၃၉၉ ・ ၄ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၉၃ ・ ၅ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၂၄ ・ ၆၇ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၁ ・ ၃၆၁ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၃၅ ・ ၁၇ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၆၉ ・ ၅၄ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၇ ・ ၅၇၃ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

# ရေရရှိရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးလုပ်ငန်းများဆိုင်ရာ ညှိနှိုင်းဆွေးနွေး

**မကွေး ဇန်နဝါရီ ၁၆**

မကွေးတိုင်းဒေသကြီး၏ ရေရရှိရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်နေကြသော အစိုးရဌာနဆိုင်ရာများနှင့် လူမှုအဖွဲ့အစည်းအသီးသီး၏ ရေရရှိရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးလုပ်ငန်းများဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲကို ယမန်နေ့က တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပကြောင်း သိရသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးမျိုးအောင်က တက်ရောက်လာသည့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ယူနီဆက်မှ တာဝန်ရှိသူများ၊ မိတ်ဖက်အဖွဲ့အစည်းများဖြစ်သော NGO/ INGO အဖွဲ့အစည်းများမှ တာဝန်ရှိသူများအနေဖြင့် မိမိတို့၏ တိုင်းဒေသကြီးအတွင်း ဆောင်ရွက်နေသော ရေရရှိရေးလုပ်ငန်းများ၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးလုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြစေလိုကြောင်း၊ တွေ့ကြုံရသည့် အခက်အခဲများ၊ စိန်ခေါ်မှုများကို ဝိုင်းဝန်းဆွေးနွေးဖော်ထုတ်ပြီး ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်များ တင်ပြစေလိုကြောင်း ပြောကြားသည်။



ဆက်လက်၍ တိုင်းဒေသကြီးအတွင်း အိမ်တိုင်ရာရောက် ရေပေးဝေရေးစနစ်ကို နိုင်ငံတော် ထောက်ပံ့ရန်ပုံငွေ ပြည်သူ့-ကျေးလက်-ယူနီဆက်အစီအစဉ်ဖြင့် ကျေးရွာပေါင်း ကိုးရွာကို ငွေကျပ် ၁၂၀ ဒသမ ၄၃ သန်းဖြင့် လည်းကောင်း၊ NGO/ INGO များ၊ အလှူရှင်များ၊ အခြားအဖွဲ့အစည်းများနှင့် ENI ဖောင်ဒေးရှင်းတို့မှ ကျေးရွာပေါင်း ၃၈ ရွာတွင် ငွေကျပ် ၁၁၃၆ ဒသမ ၉၄ သန်းဖြင့် လည်းကောင်း၊ DEFID ( Department For International Development) အစီအစဉ်ဖြင့် ကျေးရွာ ၅၆ ရွာကို လည်းကောင်း ဆောင်ရွက်ရန် လျာထားမှုများကို တိုင်းဒေသကြီး ဦးစီးမှူးက ရှင်းလင်းပြောကြားသည်။

မကွေးတိုင်းဒေသကြီးအတွင်း ကျေးရွာပေါင်း ၄၈၀၀ ကျော်ရှိသည့်အနက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ အခြားမိတ်ဖက်အဖွဲ့အစည်းများနှင့် အလှူရှင်များဖြင့် ဆောင်ရွက်ခဲ့သော အိမ်တိုင်ရာရောက် ရေပေးဝေရေးစနစ်ကို မြို့နယ်ပေါင်း ၁၉ မြို့နယ်ရှိ ကျေးရွာပေါင်း ၆၀၇ ရွာ ရေမီတာ အလုံးပေါင်း ၇၇၈၀၆ လုံးနှင့် ကျေးရွာအမှိုက်စွန့်ပစ်စနစ် ကျေးရွာ ၃၅ ရွာကိုလည်း ဆောင်ရွက်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**

## ကျောက်တော်ရှိ တိုက်ပွဲရှောင်ပြည်သူများအား ထောက်ပံ့

**ကျောက်တော် ဇန်နဝါရီ ၁၆**

မြောက်ဦးခရိုင် ကျောက်တော်မြို့နယ် တောင်မင်းကုလား ကျေးရွာအုပ်စု တောင်မင်းကုလားကျေးရွာ ဘုန်းတော်ကြီးကျောင်းတွင် ဇန်နဝါရီ ၁၄ ရက်က ရခိုင်သဟာယအသင်း (ရန်ကုန်)နှင့် ရခိုင်လူမှုရေးအဖွဲ့အစည်းများ စုပေါင်း၍ တိုက်ပွဲရှောင်အိမ်ထောင်စု ၆၂၃ စုတို့အတွက် အဝတ်အစားများနှင့် စားသောက်ကုန်များ ထောက်ပံ့ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



**ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ညောင်တုန်းမြို့နယ် ရန်ကင်းစံရာ ကျေးရွာရှိ ညောင်ချောင်းသာ အပန်းဖြေ ရေချိုးဆိပ် (ညောင်ချောင်းသာ) ကမ်းခြေ၌ ရောင်းချနေသော စားသောက်ကုန်များကို ကျန်းမာရေးနှင့် ညီညွတ်စွာရောင်းချခြင်း ရှိ၊ မရှိနှင့် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးခြင်းတို့ကို ခရိုင်စားသုံးသူရေးရာ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့မှ ဦးဆောင်ပြီး ဇန်နဝါရီ ၁၅ ရက်က ကွင်းဆင်း ဆောင်ရွက်ခဲ့စဉ်။**

ဝဠာနိုင်(ညောင်တုန်း)

# ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

**နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်- ၀၆၇-၃၄၀၄၂၂၂၊ ၀၆၇-၃၄၀၄၉၉၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန


**မြန်မာ့အလင်း**

| | | |
|---|---|---|
| **စာတည်းမှူးချုပ်** | - | အောင်နိုင်ဦး |
| **စာတည်းမှူး** | - | စိုးစိုးနိုင် |
| **သတင်းထောက်ချုပ်** | - | မြင့်ဆွေ |
| **စာတည်းများ** | - | ကြည်ဝင်း၊ ဝင်းကျော်၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| **အကြီးတန်းသတင်းထောက်များ** | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ)၊ မြတ်မွန်ထွေး |
| **အငယ်တန်းသတင်းထောက်များ** | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| **ထုတ်ဝေခြင်းအမှတ်** | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။



MYANMAR DigitalNews
Presented by NPE
www.mdn.gov.mm

# စိုက်ပျိုးရေးဦးစီးဌာနပညာရှင်များ ငြောင်တောင်ဖျက်ပိုးနှိမ်နင်းရေး ကွင်းဆင်းဆောင်ရွက်

**ဟသ်ာတ ဇန်နဝါရီ ၁၆**



တောင်သူဦးကြီးများ၏ သီးနှံစိုက်ခင်းများတွင် ငြောင်တောင်ပိုးကျရောက်နေမှုများ ဖြစ်ပေါ်လျက်ရှိသည်။ ငြောင်တောင်ပိုးကျရောက်မှုကို အချိန်မီကာကွယ်နိုင်ရန်နှင့် သီးနှံစိုက်ခင်းများ ပျက်စီးမှုမရှိစေရန်အတွက် စိုက်ပျိုးရေးဦးစီးဌာနမှ ပညာရှင်များသည် ငြောင်တောင်ပိုးကျရောက်သည့် ဧရာဝတီတိုင်းဒေသကြီးသို့ ဇန်နဝါရီ ဒုတိယပတ်က သွားရောက်ကာ ငြောင်တောင်ကာကွယ်နှိမ်နင်းနည်းများ ဆွေးနွေးဟောပြောလျက်ရှိကြောင်း သိရသည်။ **(ယာပုံ)**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့နယ် ရွှေဟသ်ာကျွန်းကျေးရွာရှိ တောင်သူ လေးဦးတို့၏ ဆောင်းပြောင်းသီးနှံဧက ၅၀၀ နှင့် ဇလွန်မြို့နယ် ရေဝတီမြစ် တစ်ဖက်ကမ်းရေလဲအုပ်စု၊ ဒေါ်ငြိမ်းကုန်းကျေးရွာရှိ တောင်သူ သုံးဦးတို့၏ ဆောင်းပြောင်းသီးနှံစိုက်ခင်းများတွင် ဖော+ငြောင်တောင် ဖျက်ပိုးများကျရောက်ဖျက်ဆီးမှုများကို ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးလှမြင့်အောင် ဦးဆောင်သောစိုက်ပျိုးရေး ဦးစီးဌာနပညာရှင်တို့က ကွင်းဆင်းစစ်ဆေး၍**(အပေါ်ပုံ)**ကာကွယ်နှိမ်နင်းနည်း နည်းလမ်းများဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

အဆိုပါ ဆောင်းပြောင်းသီးနှံတွင် ကျရောက်နေသည့် ဖော + ငြောင်တောင် ဖျက်ပိုးများသည် ဥမြုံ စသည်မှ ၂ ရက် ၃ ရက်အတွင်း အကောင်ပေါက်နှုန်းအဆင့်ဆင့် ကြီးထွားမှုမြန်ပြီး စိုက်ခင်းများရှိ သီးနှံများကို ကိုက်ဖြတ်စားသောက်သည့် အကောင်အဖြစ်သို့ ရောက်ရှိလာကာ သီးနှံပင်များကို ဖျက်ဆီးကြခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် သီးနှံများထိခိုက် ဆုံးရှုံးမှုဖြစ်ပေါ်နိုင်ရာ တောင်သူများအနေဖြင့် မိမိတို့၏ စိုက်ကွင်းများအတွင်း ဖျက်ပိုး ကျရောက်နေခြင်းရှိ/မရှိ ပုံမှန်စစ်ဆေး၍ ကျရောက်ပါက သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်များရှိပညာရှင် ဝန်ထမ်းများနှင့် ချိတ်ဆက်၍ ကြိုတင်ကာကွယ်နှိမ်နင်းသင့်ကြောင်း ဒုတိယညွှန်ကြားရေးမှူးချုပ်က ပြောကြားသည်။

အဆိုပါ ဖျက်ပိုးများသည် ယခင်က မြန်မာနိုင်ငံအတွင်း ကျရောက်ဖူးခြင်းမရှိသော Fall Armyworm (FAW) Spodopterafrugiperda (J.E Smith) မျိုးစိတ်အသစ်ဖြစ်ကြောင်း စိုက်ပျိုးရေးဦးစီးဌာန အင်းဆက်ဖျက်ပိုးပညာရှင်များက အတည်ပြုထုတ်ပြန်ထားကြောင်း သိရသည်။

**မေမိုးသဲ**

# ကံကလေး-မုံရွာ ကားလမ်း ၂၄ ပေချဲ့၍ ကတ္တရာခင်းမည်

**ပြည် ဇန်နဝါရီ ၁၆**

ကံကလေး(ပုသိမ်)- မုံရွာကားလမ်းသည် ပြည်ထောင်စုအစိုးရက စီမံခန့်ခွဲသော ပြည်ထောင်စုလမ်းမကြီး စာရင်းဝင်လမ်းဖြစ်ပြီး ဧရာဝတီတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့ကို အဓိကဆက်သွယ်ထားသော ၄၃ မိုင် ၄ ဖာလုံရှိ ကားလမ်းဖြစ်သည်။ မိုင်တိုင်စသည့် မြို့မှာ ဧရာဝတီတိုင်းဒေသကြီး နပင်စပ်ကြပ်ဖို့ရွာဖြစ်ပြီး မိုင်တိုင်ဆုံးသည့်ရွာမှာ မကွေးတိုင်းဒေသကြီး နယ်စပ် ကျီးပင်ရွာ ဖြစ်သည်။

မူလက အကျယ် ၁၂ ပေရှိ ကတ္တရာလမ်းတစ်လမ်းဖြစ်သော်လည်း ၂၀၁၀ ပြည့်နှစ် ဇွန်လမှ စတင်၍ အဆင့်မြှင့်တင် တည်ဆောက်ရေးနှင့် တိုးချဲ့ပြုပြင်ခြင်းလုပ်ငန်းများကို အပိုင်းသုံးပိုင်းဖြင့် ဆောင်ရွက်လျက်ရှိရာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်ကုန်ဆုံးချိန်တွင် အကျယ် ၁၆ ပေ ကတ္တရာလမ်း ၁၃ မိုင် ၃ ဖာလုံနှင့် ၁၆ ပေအကျယ် ကတ္တရာလမ်း ၃၀ မိုင် ၁ ဖာလုံကို ဆောင်ရွက်နိုင်ခဲ့သည်။ ၂၀၁၈ မီနီဘတ်ဂျက်ကုန်ဆုံးချိန်တွင် တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် တိုင်းဒေသကြီး လမ်းဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ပြည်ခရိုင်လမ်းဦးစီးက ၂၄ ပေအကျယ်အား ၂ မိုင် ၆ ဖာလုံတိုးမြှင့်ဆောင်ရွက်နိုင်ခဲ့ပြီး ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် လမ်းပန်းဆက်သွယ်ရေးချောမွေ့စေရန်အတွက် ၂၄ ပေအကျယ် ကတ္တရာလမ်းအဖြစ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ခရမ်းစိုးမြင့်**

# မိုင်းပန်မြို့နယ် နားမွန်ကျေးရွာအုပ်စုအတွင်းရှိ ရွာများသို့ စားနပ်ရိက္ခာများ သွားရောက်ထောက်ပံ့

**မိုင်းပန် ဇန်နဝါရီ ၁၆**

မိုင်းပန်မြို့နယ် နားမွန်ကျေးရွာအုပ်စု အတွင်းရှိ ကျေးရွာနေပြည်သူများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်ရန်အတွက် နယ်မြေခံတပ်ရင်းမှ ဦးဆောင်၍ ရှမ်းပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး လှဦး၊ မိုင်းပန်မြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းကျော်မိုး၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းအောင်ခမ်း၊ JMC(S) နှင့် JMC(L) အဖွဲ့ဝင်များ၊ လင်းခေးခရိုင်ဒုတိယ အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းနိုင်နှင့် အဖွဲ့ဝင်များ၊



ခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီး သန်းဇော်ဦးနှင့်တပ်ဖွဲ့ဝင်များ၊ မိုင်းပန်မြို့နယ် ဒုတိယအုပ်ချုပ်ရေးမှူး ဦးကျော်မျိုးထွန်းနှင့် အဖွဲ့ဝင်များ ပါဝင်သည့်အဖွဲ့သည် ဇန်နဝါရီ ဒုတိယပတ်က နောင်လေကျေးရွာသို့ ရောက်ရှိကာ ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။ **(အောက်ဝဲပုံ)**

ထို့နောက် ရွာသူရွာသားများနှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီး နောင်လေကျောင်းထိုင်ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့သည်။ ဆက်လက်၍ ပန်ပိကျေးရွာသို့ ရောက်ရှိခဲ့ပြီး ပန်ပိဘုန်းတော်ကြီးကျောင်းဝင်းအတွင်း၌ ကျေးရွာနေပြည်သူများနှင့် ဒေသအခြေအနေများကို တွေ့ဆုံဆွေးနွေးမေးမြန်းပြီး ပြည်နယ်အစိုးရအဖွဲ့မှ ထောက်ပံ့လှူဒါန်းသည့် ရိက္ခာများကို ထောက်ပံ့ပေးအပ်ခဲ့သည်။

ထို့နောက် မိုင်းပန်မြို့နယ် နားမွန်ကျေးရွာအုပ်စုအတွင်းရှိ မိုက်ပုတ် (ပန်ပိ)၊ နောင်ချို(ဆန်ကွယ်)၊ ပုံစန်း၊ ပေါက်ကျောင်း၊ ပန်တခ၊ ကုန်းဆုံ့၊ နောင်လေကျေးရွာနေ ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# လပွတ္တာမြို့နယ်၌ တစ်လုံးထိုးအင်ဂျင်စက်ပြင် သင်တန်းဖွင့်

**လပွတ္တာ ဇန်နဝါရီ ၁၆**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သော အသက်မွေးဝမ်းကျောင်းအထောက်အကူပြု တစ်လုံးထိုးအင်ဂျင်စက်ပြင် သင်တန်းဖွင့်ပွဲကို ဇန်နဝါရီ ၁၄ ရက်က လပွတ္တာမြို့နယ် သပြုကုန်းကျေးရွာအုပ်စု ပျဉ်ထောင်တွင်းကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။

ဖွင့်ပွဲတွင် လပွတ္တာခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်သူကိုကိုက ယခုဖွင့်လှစ်လိုက်သော တစ်လုံးထိုးအင်ဂျင်စက်ပြင်သင်တန်းသည် ဒေသခံလူငယ်များအတွက် အဖိုးတန်သည့် စက်ပြင်ပညာရပ်ကို သင်ကြားခွင့်ရရှိကြသဖြင့် အကျိုးများကြောင်း၊ အသက်မွေးဝမ်းကျောင်းပညာတစ်ရပ်လည်း ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

အဆိုပါ သင်တန်းဖွင့်ပွဲအပြီးတွင် တစ်လုံးထိုးအင်ဂျင်စက်ပြင်နည်းပြဆရာ ဦးအောင်ကျော်ထွေးက အခြေခံစက်ပြင်ပညာ၊ စက်၏အစိတ်အပိုင်း၊ သုံးစွဲကိုင်တွယ်နည်းများ၊ ထိန်းသိမ်းစောင့်ရှောက်နည်းများနှင့် စက်စွမ်းအင်တို့ကို စတင်သင်ကြားပို့ချပေးသည်။ သင်တန်းသို့ လပွတ္တာမြို့နယ်အတွင်းရှိ ကျေးရွာ ငါးရွာမှ သင်တန်းသားလူငယ် ၂၅ ဦးတက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ၁၂ ရက်ကြာမြင့်မည်ဖြစ်သည်။

**မော်ကျွန်း (မြင့်အောင်)**

# နေပြည်တော် ခုတင် ၁၀၀၀ ဆေးရုံကြီးတွင် နံနက်စာ အာဟာရကုသိုလ် စနေနေ့တိုင်းလှူဒါန်း

**နေပြည်တော် ဇန်နဝါရီ ၁၆**

ပြည်ထောင်စုနယ်မြေ နေပြည်တော် လယ်ဝေးမြို့ရှိ “ကမ်းဆင့်အလင်း”ပရဟိတအဖွဲ့မှ ဇန်နဝါရီ ဒုတိယပတ်က နေပြည်တော် ခုတင် ၁၀၀၀ ဆေးရုံကြီးရှိ ဆေးရုံတက်ရောက်လျက်ရှိသော လူနာနှင့် လူနာစောင့်များ လူဦးရေ ၄၀၀ ဦးအတွက် အာဟာရကုသိုလ်အဖြစ် ပဲပြုတ်ထမင်း၊ ဆန်ပြုတ်၊ ပေါင်မုန့်၊ ကိတ်မုန့် မျိုးစုံကို ကုသိုလ်ပြုလှူဒါန်းခဲ့ကြောင်း သိရသည်။ အဆိုပါ “ကမ်းဆင့်အလင်း” ပရဟိတအဖွဲ့မှ ၂၀၁၅ ခုနှစ် ဇန်နဝါရီလမှ စတင်၍ အပတ်စဉ် စနေနေ့ နံနက်ခင်းတိုင်း ခုတင် ၁၀၀၀ နေပြည်တော်ဆေးရုံကြီးတွင် နံနက်စာအဖြစ် ယခုကဲ့သို့ အာဟာရကုသိုလ်လှူဒါန်းလျက်ရှိပြီး ယနေ့တွင် (၄)နှစ် ပြည့်မြောက်ခဲ့ပြီးဖြစ်ကြောင်း၊ ဆက်လက်၍လည်း အပတ်စဉ် စနေနေ့တိုင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းမင်းလတ် (ရှုပဗေဒ)**

# အထောက်အထားမဲ့ရွှေ့ပြောင်းအလုပ်သမား ၁၃ ဦး ပြန်လည်လက်ခံ

**တာချီလိတ် ဇန်နဝါရီ ၁၆**

ထိုင်းနိုင်ငံသို့ တရားမဝင် သွားရောက်အလုပ်လုပ်ကိုင်နေသည့် မြန်မာရွှေ့ပြောင်းအလုပ်သမား ၁၃ ဦးကို ထိုင်းနိုင်ငံ တာဝန်ရှိသူများက မြန်မာနိုင်ငံဘက်သို့ ဇန်နဝါရီ ၁၄ ရက်က တာချီလိတ်မြို့ရှိ မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတား၌ ပြန်လည်လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

မြန်မာရွှေ့ပြောင်းအလုပ်သမားများမှာ ထိုင်းနိုင်ငံတွင် နယ်စပ်ဖြတ်ကျော်ခွင့် သက်တမ်းလွန်ခြင်းနှင့် အထောက်အထားမဲ့နေထိုင်ခြင်းတို့ကြောင့် ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်လည်စေလွှတ်ခဲ့ခြင်းဖြစ်ပြီး မြန်မာနိုင်ငံတာဝန်ရှိသူများက လွှဲပြောင်းလက်ခံပြီးနောက်တွင် ၎င်းတို့၏ နေရပ်ဒေသများသို့ လုံခြုံချောမွေ့စွာ ပြန်နိုင်ရန်အတွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အလုပ်သမား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဌာန၊ လူကုန်ကူးမှုတိုက်ဖျက်ရေး ရဲတပ်ဖွဲ့၊ အလုပ်သမားညွှန်ကြားမှုဦးစီးဌာန၊ ထိုင်းနိုင်ငံ မယ်ဆိုင်မြို့ရောက် မြန်မာနိုင်ငံသားများ ကူညီစောင့်ရှောက်ရေးနှင့် စေ့စပ်ညှိနှိုင်းရေးကော်မတီဝင် (CNCMC) တို့က ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ယခုနှစ် ဇန်နဝါရီ ၁ ရက်မှ ၁၅ ရက်အထိ ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်လည်လွှဲပြောင်းပေးခဲ့သည့် တရားမဝင် မြန်မာရွှေ့ပြောင်းအလုပ်သမား ၉၅ ဦးရှိပြီး အမျိုးသား ၅၇ ဦး၊ အမျိုးသမီး ၃၆ ဦးနှင့် ကလေး နှစ်ဦးတို့ ပါဝင်ကြောင်း သိရသည်။

**စိုင်းအောင်ဇော်လင်း(ပြန်/ဆက်)**

# သုံးစွဲရန်မသင့်သောအလှကုန်ပစ္စည်းများကို အများပြည်သူသိရှိရန် အသိပေးကြေညာ

၁။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်၍ ကျန်းမာရေးအတွက် ဘေးအန္တရာယ်ကင်းရှင်းသော အလှကုန်ပစ္စည်းများကို အများပြည်သူတို့သုံးစွဲနိုင်ရန် စနစ်တကျကွပ်ကဲလျက်ရှိပါသည်။

၂။ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသည် ပြည်တွင်း၌ ရောင်းချနေသည့် အလှကုန်ပစ္စည်းများကို စစ်ဆေးခဲ့ရာ အောက်ဖော်ပြပါအလှကုန်ပစ္စည်း သုံးမျိုးသည် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၌ မှတ်တမ်းတင်ထားခြင်းမရှိသည့်အပြင် ကျန်းမာရေးအတွက် ဘေးအန္တရာယ်ဖြစ်စေနိုင်သော တားမြစ်ဓာတုပစ္စည်း (Mercury) ပါဝင်နေကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် အများပြည်သူလူထု သုံးစွဲရန်မသင့်တော်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

၃။ တားမြစ်ဓာတုပစ္စည်းများ (Mercury)သည် အရေပြားယားယံခြင်း၊ ရောင်ရမ်းခြင်း၊ အဖြူအနီကွက်များ ဖြစ်ခြင်း၊ အရေပြားမှတစ်ဆင့် ခန္ဓာကိုယ်အတွင်းသို့ စုပ်ယူ၍ ထုံကျဉ်ခြင်း၊ ကြွက်သားတုန်ခါခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ ခေါင်းကိုက်ခြင်းနှင့် စိတ်ကျရောဂါများအပြင် ရေရှည်သုံးစွဲပါက ကျောက်ကပ်ပျက်စီးခြင်းနှင့် အခြားရောဂါများ ဖြစ်ပွားနိုင်ပါသည်။

၄။ အလှကုန်ပစ္စည်း တင်သွင်း၊ ဖြန့်ဖြူး၊ ရောင်းချသည့်ကုမ္ပဏီနှင့် လက်လီလက်ကားဆိုင်များသည် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနတွင် မှတ်တမ်းတင်ထားခြင်းမရှိသော အများပြည်သူသုံးစွဲရန်မသင့်ကြောင်း ကြေညာထားသည့် အလှကုန်ပစ္စည်းများ တင်သွင်း၊ ဖြန့်ဖြူး၊ ရောင်းချခြင်းများကို ကျင့်ဝတ် (Ethic) အရ လုံးဝမပြုလုပ်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းက ပြည်သူ့ကျန်းမာရေးဆိုင်ရာ ဥပဒေပုဒ်မ ၃၊ အပိုဒ် (၃)(ဃ)အရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

| စဉ် | အလှကုန်ပစ္စည်းအမည် | ထုတ်လုပ်သည့်ကုမ္ပဏီ | တွေ့ရှိချက် |
|---|---|---|---|
| ၁။ | Anti-Freckle Freckle removing cream | Japan စာဖြင့်ဖော်ပြထားပါသည်။ | Mercury(+) |
| ၂။ | SMIZE Whitening Night Cream | Made in Thailand | Mercury (+) |
| ၃။ | P-Vita Melasma Cream | Made in Thailand | Mercury (+) |



Anti-Freckle
Freckle removing
cream



SMIZE
Whitening Night
Cream



P-Vita
Melasma Cream

**ပြင်ဆင်ဖတ်ရှုပါရန်**

ဇန်နဝါရီ ၁၆ ရက်ထုတ် စာမျက်နှာ ၁၉ မှ ဥပဒေအတွေးရေးပါရစေ အပိုင်း (၁၅၆) ၏ ခေါင်းစဉ်ကို “သက်ဝင်ထင်ရှားပြရန်တာဝန်” အစား **“သက်သေထင်ရှားပြရန်တာဝန်”** ဟု ပြင်ဆင်ဖတ်ရှုပါရန်။ **စာတည်း**

# အန်ကာယဉ်ကျေးမှုနယ်မြေဆီသို့ (အပိုင်း-၁)

သိပ္ပံစာရေးဆရာကိုကိုအောင်

**(မြန်မာ့အလင်းသတင်းစာတွင် ဖော်ပြခဲ့သော အာဆီယံအင်ဂျင်နီယာအကယ်ဒမီဖိုရမ်ဆောင်းပါး၏ အဆက်အနေဖြင့် ဆက်လက်ဖော်ပြပါသည်။)**

**ဖနောင်းပင်မှ စီယမ်ရိသို့**

နိုဝင်ဘာလ ၃၀ ရက် နံနက်တွင် မိမိနှင့်တကွ မြန်မာကိုယ်စားလှယ်အဖွဲ့သည် ခေတ္တတည်းခိုနေထိုင်ရာ Sunway ဟိုတယ်၌ နံနက်စာ သုံးဆောင်ပြီးနောက် ဟိုတယ်၌ Check-out လုပ်ကာ အသင့်ရောက်ရှိနေသောကားဖြင့် ဒေသစံတော်ချိန် နံနက် ၈ နာရီခွဲတွင် ဖနောင်းပင်မှ စတင်ထွက်ခွာခဲ့သည်။ ဖနောင်းပင်မှ စီယမ်ရိ (Siem Reap)သို့ သွားရောက်မည့် အသွားအပြန် ခရီးစဉ်တစ်လျှောက်လုံးကို စီယမ်ရိမြို့၌နေထိုင်သော မိတ်ဆွေဖြစ်သူ ကိုမောင်မောင်က စီစဉ်ပေးထားခြင်းဖြစ်သည်။ မြန်မာနိုင်ငံသားဖြစ်သူ ကိုမောင်မောင်သည် ကမ္ဘောဒီးယားနိုင်ငံသူနှင့် အိမ်ထောင်ကျပြီး လက်ရှိတွင် ကမ္ဘောဒီးယားနိုင်ငံ စီယမ်ရိမြို့၌နေထိုင်ကာ Beyond Yangon Boutique Inn ကို မိသားစုပိုင်စီးပွားရေးလုပ်ငန်းအဖြစ် ဖွင့်လှစ်လုပ်ကိုင် အောင်မြင်နေသူဖြစ်သည်။

မိတ်ဆွေဖြစ်သူ ကိုမောင်မောင်က စီစဉ်စေလွှတ်ပေးလိုက်သည့်ကားဖြင့် ဖနောင်းပင်မြို့ Sunway ဟိုတယ်မှ ထွက်ခွာလာရာ မိနစ် ၂၀ ကျော်ကျော်လောက်တွင် အဝေးပြေးလမ်းမကြီးပေါ်သို့ စတင်ရောက်ရှိသည်။ ကမ္ဘောဒီးယား၏ မြေပြန့်ဒေသနှစ်ခုဖြစ်သည့် ဖနောင်းပင်နှင့် စီယမ်ရိမြို့နှစ်မြို့ကို ဆက်သွယ်ထားသော အဝေးပြေးလမ်းမကြီးသည် ကီလိုမီတာ ၃၀၀ ခန့်ရှည်လျားပြီး မောင်းနှင်သွားရာ လမ်းတစ်လျှောက်တွင် ချိုင့်နှင့်ကျင်းများ၊ ကတ္တရာလှိုင်းများ၊ အဖုအထစ်နှင့် အမို့အမောက်များ လုံးဝမရှိဘဲ ညီညာပြန့်ပြူးချောမွေ့နေသည့်အတွက် အင်ဂျင်နီယာပညာဖြင့် စနစ်တကျ တွက်ချက်ဖောက်လုပ်ထားသော အရည်အသွေးကောင်းမွန်သည့် အဝေးပြေးလမ်းတစ်ခုအဖြစ် စိတ်ထဲကချီးကျူးကာ အသိအမှတ် ပြုလိုက်သည်။

**ထူးခြားသော မြင်ကွင်းသုံးခု**

အဝေးပြေးလမ်းမကြီး၏ ဝဲယာတစ်ဖက်တစ်ချက်စီတွင် ထူးခြားသော မြင်ကွင်းသုံးခုကို တွေ့ရှိရသည်။ ပထမမြင်ကွင်းက ကမ္ဘောဒီးယားနိုင်ငံသားတို့၏ ရိုးရာနေအိမ်ဆောက်လုပ်နေထိုင်မှုပုံစံများ ဖြစ်သည်။ နေအိမ်များကို ခြေတံရှည်ဆောက်လုပ်ထားပြီး အိမ်ရှေ့အလယ်တည့်တည့်မှနေ၍ အိမ်ပေါ်သို့တက်သည့် လှေကားကြီးကို တခမ်းတနား တပ်ဆင်ပေးထားခြင်းပင်ဖြစ်သည်။ အိမ်တိုင်းလိုလို ထိုကဲ့သို့ တပ်ဆင်ဆောက်လုပ်ထားခြင်းလည်း ဖြစ်သည်။ မြန်မာလူမျိုးတို့က အိမ်ပေါ်တက်သည့် ပင်မလှေကားကြီးကို အိမ်ရှေ့အလယ်တည့်တည့်တွင် မည်သည့်အခါမျှ တပ်ဆင်လေ့မရှိကြသော်လည်း ကမ္ဘောဒီးယားလူမျိုးတို့ကမူ ၎င်းတို့၏ရိုးရာအိမ်ကိုကြည့်လိုက်လျှင် အိမ်ပုံစံထက် လှေကားကို ဦးစားပေးမြင်ရအောင် ဂုဏ်ယူစွာတပ်ဆင်ဆောက်လုပ် နေထိုင်လျက်ရှိကြသည်။

အိမ်အောက်တွင် စားသောက်ဆိုင်၊ စတိုးဆိုင်၊ ပွဲရုံစသည်ဖြင့် စီးပွားရေးလုပ်ငန်းနှင့် တွဲဖက်ထားပါကမူ လှေကားကို အိမ်ဘေးဘက်မှ တစ်ဆစ်ချိုး ကွေ့တက်သည့်ပုံစံ ဆောက်လုပ်ထားပြီး အိမ်အပေါ်ထပ်၏ ရှေ့ဘက် အလယ်တည့်တည့်မှသာ ဝင်ရောက်ရသည့် အနေအထားဖြစ်အောင် စီမံဆောက်လုပ်ထားကြသည်။ ထိုကဲ့သို့သော ထူးခြားလှသည့် အိမ်ရာဆောက်လုပ်နေထိုင်သည့် ပုံစံများကသည်ပင်လျှင် နိုင်ငံခြားသားများကို စိတ်ဝင်တစားရှိစေသည့် မြင်ကွင်းများဖြစ်လျက်ရှိသည်။



**Tonle Sap ရေကန်ကြီးသို့ သွားသည့်ဆိပ်ကမ်း**

**ဒုတိယမြင်ကွင်း**

ဒုတိယ စိတ်ဝင်စားဖွယ် ထူးခြားသည့်မြင်ကွင်းကမူ လမ်းမကြီးဘေး ဝဲယာတစ်လျှောက် ကြာပင်များ ပေါများစွာပေါက်ရောက်နေပြီး ကြာဖူး၊ ကြာပွင့်ကြီးများက ထိုးထိုးထောင်ထောင် ထွက်ပေါ်နေခြင်းပင် ဖြစ်သည်။ ကမ္ဘောဒီးယားနိုင်ငံသားတို့သည် ဘုရားပုထိုးစေတီနှင့် ကျောင်းကန်များသို့ သွားရောက်ကြရာတွင် ကြာပန်းများနှင့် အုန်းစိမ်းရည်များကိုသာ အဓိကအားဖြင့် ကပ်လှူပူဇော်လေ့ရှိကြသည့်အတွက် ယခုမြင်တွေ့နေရသော ကြာပန်းစိုက်ခင်းကြီးများမှာ စီးပွားဖြစ် စိုက်ခင်းများဖြစ်ကြောင်း ချက်ချင်းပင်နားလည် သဘောပေါက်လိုက်သည်။

အပူလျော့ပိုင်းဒေသနှင့်သမပိုင်းဒေသအကြား၌ရှိသော ကမ္ဘောဒီးယားနိုင်ငံတစ်ဝန်း ကြာဖူးကြာပွင့်များ ဝေဝေဆာဆာ ဖူးပွင့်ဖြစ်ထွန်းနေသည်ကိုကြည့်ပြီး မြန်မာနိုင်ငံအလယ်ပိုင်းရှိ အပူပိုင်းရပ်ဝန်းတစ်ခုဖြစ်သော စလင်းမြို့နယ် တစ်ဝိုက် ကြာပင်များ အကြီးအကျယ်ဖြစ်ထွန်းကာ ကြာဖူးကြာပွင့်များ ဝေဆာနေသည့် မြင်ကွင်းကို ပြန်ပြောင်းအောက်မေ့ကာ သတိတရရှိလိုက်မိသည်။

**တတိယမြင်ကွင်း**

တတိယမြောက် ထူးခြားသည့်မြင်ကွင်းမှာ လမ်းဘေးဝဲယာတစ်လျှောက် ထန်းပင်ကြီးများ အစီအရီ ပေါက်ရောက်နေခြင်းပင် ဖြစ်သည်။ အပူလျော့ပိုင်း ဒေသတစ်ခုဖြစ်ပါလျက် မြန်မာနိုင်ငံအလယ်ပိုင်း အညာဒေသထက်ပင် ထန်းပင်များ ပေါများကြွယ်ဝစွာ ပေါက်ရောက်နေသော ကမ္ဘောဒီးယားနိုင်ငံ၏ မြင်ကွင်းများသည် မြန်မာနိုင်ငံသား မြန်မာလူမျိုးတစ်ဦးဖြစ်သည့် မိမိ၏ စိတ်အာရုံကို ညို့ယူဖမ်းစားထားလျက် ရှိနေသည်။

ထန်းပင်များ ပေါများကြွယ်ဝသည်နှင့်အညီ ထန်းရည်ချိုနှင့်ထန်းရည်ခါး ရောင်းသောနေရာများ၊ ထန်းသီးရောင်းသော နေရာများ၊ ထန်းသီးဖြင့် ပြုလုပ်သော မုန့်ရောင်းသည့်နေရာများ၊ ထန်းလျက်ချက်လုပ်သည့် နေရာများကလည်း လမ်းတစ်လျှောက်၌ ဆက်တိုက်ဆိုသလို တွေ့မြင်ရသည်။ ထိုမြင်ကွင်းများနှင့်တွဲလျက် မြင်နေရသော အခြားမြင်ကွင်းတစ်ခုကမူ ကောက်ညှင်းကျည်တောက်ရောင်းသော ဆိုင်ကလေးများပင် ဖြစ်သည်။

**ကမ္ဘောဒီးယား ကောက်ညှင်းကျည်တောက်**

ကောက်ညှင်း၊ ပဲ၊ အုန်းရည်တို့ဖြင့် ရောစပ်စီမံပြုလုပ်ထားကာ လူတစ်ယောက်စာအတွက် မှန်းပြီး မီးဖုတ်ထားသည့်ကမ္ဘောဒီးယား ကောက်ညှင်းကျည်တောက်ကလေးများကို လူသုံးလေးဦးစာအတွက် ရည်မှန်းပြုလုပ်ထားသည့် မြန်မာ့ကောက်ညှင်းကျည်တောက်ကြီးများနှင့် နှိုင်းယှဉ်လိုက်မိသည်။ မြန်မာ့ကောက်ညှင်းကျည်တောက်ကို စားတော့မည်ဆိုလျှင် လူသုံးလေးဦးကို အဖော်စပ်ရသော်လည်း၊ ကမ္ဘောဒီးယား ကောက်ညှင်းကျည်တောက်ကို စားတော့မည်ဆိုလျှင်မူ မည်သူ့ကိုမျှ အဖော်စပ်စရာမလိုတော့ပေ။ ဤသို့ ဆက်စပ်စဉ်းစားရင်းဖြင့်ပင် ဖနောင်းပင်မှ စတင်ထွက်ခွာပြီး တစ်နာရီခန့်အကြာ၌ Rest Camp တစ်ခုသို့ရောက်ရှိကာ ခေတ္တရပ်နားသည်။

အဆိုပါ Rest Camp တွင် သန့်ရှင်းသော ကိုယ်လက်သန့်စင်ခန်းများကို ထားရှိပြီး ကားအများအပြား ရပ်နားနိုင်အောင်လည်း စီစဉ်ပေးထားသည်။ ကမ္ဘောဒီးယားရိုးရာ စားသောက်ဆိုင်များနှင့်အတူ အသီးအနှံ မျိုးစုံရောင်းသော သစ်သီးဆိုင်များ၊ ငှက်ပျောခြောက်၊ အာလူးခြောက်၊ ခရမ်းချဉ်သီးခြောက်၊ စပျစ်သီးခြောက်စသော တာရှည်အထားခံသည့် သစ်သီးခြောက်ဆိုင်များ၊ ကြက်ဥ၊ဘဲဥနှင့် ငုံးဥရောင်းသောဆိုင်များ၊ ပုရစ်ကြော်ကဲ့သို့သော အင်းဆက်ပိုးကောင်မျိုးစုံတို့ကို ကြော်ထားသည့် အရောင်းဆိုင်များ အများအပြားကိုလည်း တွေ့ရှိရသည်။

**ချိုသာသောဈေးနှုန်းများ**

ယင်းတို့အနက် သစ်သီးတချို့နှင့် စားသောက်ဖွယ်ရာတချို့ကို လမ်းခရီး၌စားသုံးရန် ဝယ်ယူသည့်အခါ ထူးထူးခြားခြား သတိပြုမိလိုက်သည်က ယင်းတို့၏ ဈေးနှုန်းများပင်ဖြစ်သည်။ စစ်ဘေးစစ်ဒဏ်ကို နှစ်ပေါင်းများစွာ ခံခဲ့ရာမှ ရုန်းထခဲ့ရသော ကမ္ဘောဒီးယားနိုင်ငံ၏ စားသောက်ဖွယ်ရာ ဈေးနှုန်းများ၊ ကားခနှင့်ရထားခများ စသည်တို့က မြန်မာနိုင်ငံ၏ လက်ရှိဈေးနှုန်းများထက် ချိုသာနေခြင်းပင် ဖြစ်သည်။

မိမိအနေဖြင့် အာဆီယံနိုင်ငံများ၊ အာရှနိုင်ငံများ၊ ဥရောပနိုင်ငံများ အများအပြားသို့ ရောက်ရှိခဲ့ဖူးရာ၊ လူနေမှုအဆင့် မြင့်မားသော ဥရောပနိုင်ငံများနှင့် အာရှထိပ်သီးနိုင်ငံများကို ဖယ်ထားပြီး အာဆီယံဒေသတွင်းနိုင်ငံများနှင့် နှိုင်းယှဉ်ကြည့်သည့်အခါ သယ်ယူပို့ဆောင်ခ စရိတ်စကများနှင့် စားသောက်ကုန်ဈေးနှုန်းများတွင် မြန်မာနိုင်ငံက ဈေးအကြီးဆုံးဖြစ်နေသည်ကို လေ့လာသုံးသပ်မိလိုက်သည်။ သယံဇာတပေါများ ကြွယ်ဝပြီး စိုက်ပျိုးမွေးမြူနိုင်သည့် အခြေခံကောင်းများစွာကို ပိုင်ဆိုင်ထားသည့် မြန်မာနိုင်ငံက မိမိလောက် သယံဇာတလည်း မကြွယ်ဝ၊ စိုက်ပျိုးမွေးမြူနိုင်သော အခြေခံကောင်းများလည်းမရှိသည့် ဒေသတွင်းနိုင်ငံများထက် အစစအရာရာ၌ ဈေးနှုန်းကြီးမြင့်နေရသော အကြောင်းရင်းကို စနစ်တကျ ပြန်လည်သုံးသပ်ပြီး အဖြေရှာဖို့ အချိန်ကျရောက်နေပြီဖြစ်သည်။

**ရှေးဟောင်းမြို့တော် စီယမ်ရိ**

မိမိအပါအဝင် မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်သုံးဦးသည် Rest Camp မှ ပြန်လည်ထွက်ခွာလာပြီး ဖနောင်းပင်-စီယမ်ရိ အဝေးပြေးလမ်းမကြီးတစ်လျှောက် များပြားလှသော လမ်းဘေးဝဲယာ ရှုခင်းများကို ကြည့်ရှုခံစားကြရင်း စကားတပြောပြောဖြင့် လိုက်ပါလာခဲ့ကြရာ သုံးနာရီကျော်ကျော်ခန့် မောင်းနှင်ပြီးနောက် ကမ္ဘောဒီးယားနိုင်ငံ၏ အန်ကာယဉ်ကျေးမှုထွန်းကားခဲ့ရာ ကမ္ဘာ့အထင်ကရ ရှေးဟောင်း မြို့တော်ဖြစ်သည့် စီယမ်ရိမြို့သို့ ချောမောစွာ ရောက်ရှိခဲ့ကြသည်။ စီယမ်ရိမြို့အဝင်မှ နောက်ထပ် မိနစ် ၂၀ ကျော် မောင်းနှင်ပြီးချိန်တွင် မိတ်ဆွေဖြစ်သူ ကိုမောင်မောင်၏ Beyond Yangon Boutique Inn သို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိခဲ့ကြသည်။

ကိုမောင်မောင်နှင့် မိသားစုတို့က ဝမ်းပန်းတသာဖြင့် နွေးထွေးပျူငှာစွာ ကြိုဆိုကြပြီး Reception ၌ အအေးဖြင့် တည်ခင်းဧည့်ခံကြသည်။ ပြီးနောက် အခန်းသီးသီး၌ နေရာချထားပေးပြီး တစ်နာရီခန့် အနားယူကြသည်။ ဒေသစံတော်ချိန် မွန်းလွဲ ၃ နာရီခွဲတွင် ကိုမောင်မောင်က ၎င်း၏ကိုယ်ပိုင်ကားဖြင့် စီယမ်ရိမြို့ရှိ ကမ္ဘာ့အထင်ကရ တစ်ခုဖြစ်သည့် Tonle Sap Great Lake ဆီ သွားရောက်မည့်ဆိပ်ကမ်းသို့ လိုက်ပို့ပေးသည်။ ဆိပ်ကမ်း၌ ကိုမောင်မောင်က မော်တော်ဘုတ်တစ်စီးကို စီးလုံးငှားကာ မိမိနှင့်တကွ မြန်မာကိုယ်စားလှယ် အဖွဲ့ဝင်များကို Tonle Sap ရေကန်ကြီးဆီသို့ ကိုယ်တိုင်လိုက်ပါ ပို့ဆောင်ပေးသည်။

**Tonle Sap ရေကန်ကြီး**

ကမ္ဘောဒီးယားနိုင်ငံ စီယမ်ရိမြို့ရှိ ကမ္ဘာ့အထင်ကရ Tonle Sap ရေကန်ကြီးသည် ကမ္ဘာ့အကြီးဆုံးသော ရေချိုအိုင်ကြီးများအနက်တစ်ခုအပါအဝင်ဖြစ်ပြီး နေ့စဉ် ကမ္ဘာလှည့်ခရီးသည်အများအပြား လာရောက်လည်ပတ်ကြသည့် Tourist Attraction Area တစ်ခု ဖြစ်သည်။ ဆိပ်ကမ်းမှ စတင်ထွက်ခွာပြီး တူးမြောင်းတစ်လျှောက် မိနစ် ၂၀ ကျော် ခုတ်မောင်းပြီးသည့်အခါ ရွှေ့လျားရေပေါ်အိမ်များ အများအပြား တည်ရှိရာ ကမ္ဘာကျော် Tonle Sap ရေကန်ကြီးဆီသို့ ရောက်ရှိကြသည်။

Tonle Sap ရေကန်ကြီးအတွင်း၌ ကမ္ဘောဒီးယားနိုင်ငံသား ဗီယက်နမ်လူမျိုးများသည် ရွှေ့လျား ရေပေါ်အိမ်များဖြင့် နေထိုင်ကြပြီး အားလုံးက ငါးဖမ်းလုပ်ငန်းဖြင့် အသက်မွေးကြသည်။ မိမိတို့ ရောက်ရှိချိန်တွင် အဆိုပါဒေသ၌ ဆိုင်ကလုန်းမုန်တိုင်း သတိပေးချက် ရရှိထားကြသည့်အတွက် တူးမြောင်းနှင့် ရေကန်ကြီး ဆုံတွေ့ရာ ဧရိယာတစ်ဝိုက် လေကွယ်ရာအရပ်၌ ရေပေါ်အိမ်များကို တစ်စုတစ်ဝေးတည်း တွေ့ရှိရသည်။ ငွေကြေးတောင့်တင်းမှုအပေါ် မူတည်ပြီး ရေပေါ်ရွှေ့လျားအိမ်များကို အရွယ်အစားအမျိုးမျိုး ဖန်တီးဆောက်လုပ် နေထိုင်လျက်ရှိကြသည်။

သာမန်ရေပေါ်အိမ်၊ ငွေကြေးချမ်းသာသူတို့၏ ရေပေါ်အိမ်၊ ရေပေါ်စားသောက်ဆိုင်၊ ရေပေါ်ဘုရားကျောင်း၊ ရေပေါ်ရဲစခန်း၊ ရေပေါ်စတိုးဆိုင်၊ ရေပေါ်ကာရာအိုကေဆိုင်၊ ရေပေါ်စာသင်ကျောင်း၊ ရေပေါ်မင်္ဂလာခန်းမ၊ ရေပေါ်ဝပ်ရှော့၊ ရေပေါ်ဆားဗစ်စင်တာ စသည်ဖြင့် ရွှေ့လျား ရေပေါ်အဆောက်အအုံအမျိုးမျိုးတို့ အစီအရီရှိနေသော Tonle Sap ရေကန်ကြီးသည် ကမ္ဘောဒီးယားနိုင်ငံအတွက် နိုင်ငံခြားငွေ အမြောက်အမြားရရှိအောင် နေ့စဉ်လုပ်ဆောင်ပေးနေသော စိတ်ဝင်စားဖွယ်ရာ နေရာတစ်ခု ဖြစ်သည်။

အဆိုပါ Tonle Sap ရေကန်ကြီးသို့ လာရောက်ကြသည့် နိုင်ငံခြားသား အများစုတို့၏ စိတ်အဝင် စားဆုံးသော ကိစ္စတစ်ရပ်မှာ ၎င်းရေကန်ကြီးအတွင်းရှိ အကြီးဆုံးသော ရေပေါ်စားသောက်ဆိုင်ကြီး၏ ခေါင်မိုးထပ်မှနေ၍ ညနေစောင်းတွင် Tonle Sap ရေကန်ကြီး၏ ရေပြင်အစွန်းအနားနေရာ၌ တဖြည်းဖြည်းချင်း နိမ့်ဆင်း ဝင်ရောက်သွားသော နေလုံးကြီးကို တစိမ့်စိမ့် ကြည့်ရှုရင်း နေဝင်ဆည်းဆာအလှကို ခံစားခြင်းပင်ဖြစ်သည်။ ။

**“လူနေမှုအဆင့်မြင့်မားသော ဥရောပနိုင်ငံများနှင့် အာရှထိပ်သီးနိုင်ငံများကိုဖယ်ထားပြီး အာဆီယံဒေသတွင်းနိုင်ငံများနှင့် နှိုင်းယှဉ်ကြည့်သည့်အခါ သယ်ယူပို့ဆောင်ခစရိတ်စကများနှင့် စားသောက်ကုန်ဈေးနှုန်းများတွင် မြန်မာနိုင်ငံက ဈေးအကြီးဆုံးဖြစ်နေသည်ကို လေ့လာသုံးသပ်မိလိုက်သည်။ သယံဇာတပေါများကြွယ်ဝပြီး စိုက်ပျိုးမွေးမြူနိုင်သည့် အခြေခံကောင်းများစွာကို ပိုင်ဆိုင်ထားသည့် မြန်မာနိုင်ငံက မိမိလောက်သယံဇာတလည်း မကြွယ်ဝ၊ စိုက်ပျိုးမွေးမြူနိုင်သော အခြေခံကောင်းများလည်းမရှိသော ဒေသတွင်းနိုင်ငံများထက် အစစအရာရာ၌ ဈေးနှုန်းကြီးမြင့်နေရသော အကြောင်းရင်းကို စနစ်တကျ ပြန်လည်သုံးသပ်ပြီး အဖြေရှာဖို့ အချိန်ကျရောက်နေပြီဖြစ်သည်”**

# နိုင်ငံတကာ လျှပ်စစ်ဆိုင်ရာ လုပ်ငန်းကြီးကြပ်မှုကော်မရှင်များ အောင်မြင်အဆင်ပြေအောင် မည်သို့လုပ်ခဲ့ကြသနည်း

**ဦးကြည်သာ-ဂ္ဂ**

**ပထမအကြိမ် လွှတ်တော်သက်တမ်းကာလမှာ ၂၀၁၄ ခုနှစ်၊ ဥပဒေအမှတ် (၄၄)၊ လျှပ်စစ်ဥပဒေကို ပြဋ္ဌာန်းခဲ့ပါတယ်။ အခန်း (၁) အမည်နှင့် အဓိပ္ပါယ်ဖော်ပြချက် ပုဒ်မ ၂ (သ) မှာ ကော်မရှင်ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော လျှပ်စစ်ဆိုင်ရာ လုပ်ငန်းကြီးကြပ်မှုကော်မရှင်ကိုဆိုလိုသည်ဟု ဖော်ပြထားပါတယ်။ ကော်မရှင်ဖွဲ့စည်းခြင်းနှင့် ကော်မရှင်၏ လုပ်ငန်းတာဝန်များကို အခန်း (၃)၊ ပုဒ်မ ၄၊ ၅ နှင့် ၆ တို့မှာ ဖော်ပြထားပါတယ်။**

တကယ်တော့ လျှပ်စစ်ဆိုင်ရာ လုပ်ငန်းကော်မရှင်ဆိုတာ "Electricity Regulatory Commission" ကို ဆိုလိုတာပါ။ ၂၀၁၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ Regulation ကို စည်းမျဉ်းလို့ရေးထားတာမို့ ကော်မရှင်ကို လျှပ်စစ်လုပ်ငန်းဆိုင်ရာ စည်းမျဉ်းဥပဒေကော်မရှင်လို့ခေါ်တာက ပိုမိုကောင်းမလားလို့တောင် တွေးခဲ့မိတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ပြည်ထောင်စုလွှတ်တော်သည်သာ ဥပဒေများကို ပြုစုပြဋ္ဌာန်းနိုင်တာကို ပုဒ်မ ၉၅၊ ၉၆၊ ၉၇ တို့မှာ ဖော်ပြထားပြီးဖြစ်ပါတယ်။ ဥပဒေပြုပြီး ဆက်လက်လုပ်ကိုင်ရမယ့် နည်းဥပဒေများ (Rules)၊ စည်းမျဉ်း (Regulations)၊ စည်းကမ်း (By Laws) တွေကိုတော့ ပုဒ်မ ၉၇ (က) အရ ပြည်ထောင်စုအဆင့်ရှိတဲ့ အဖွဲ့အစည်းတွေကိုသာ အပ်နှင်းထားပါတယ်။

**အိန္ဒိယကိုလေ့လာကြည့်**

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနဟာ ၂၀၁၅ ခု၊ အောက်တိုဘာလ ၂၇ ရက်နေ့မှာ အမိန့်ကြော်ငြာစာအမှတ် - ၁၉၈/၂၀၁၅ ဖြင့် လျှပ်စစ်နည်းဥပဒေများကို ပြဋ္ဌာန်းထားပါတယ်။ ဒီနေ့ မြန်မာနိုင်ငံမှာ ဝန်ကြီးဌာနတွေဟာ နည်းဥပဒေများကိုသာ ပြဋ္ဌာန်းပြီး နိုင်ငံတကာမှာလို Regulatory Commission တွေ မရှိတာမို့ စည်းမျဉ်းဥပဒေ ထုတ်ပြန်နိုင်ခြင်းမရှိတာကို တွေ့ရပါတယ်။ လျှပ်စစ်ဥပဒေအရ ဖွဲ့စည်းမယ့် ကော်မရှင် မဖွဲ့စည်းသေးလို့ စည်းမျဉ်းဥပဒေတွေပြဋ္ဌာန်းပြီး ကြီးကြပ်ခြင်း မဆောင်ရွက်နိုင်သေးတာ လိုအပ်ချက်တစ်ရပ်ပါ။ ဒါ့အပြင် လျှပ်စစ်ဥပဒေ အခန်း (၃)၊ ပုဒ်မ - ၄ (ခ) မှာ ကော်မရှင်ဥက္ကဋ္ဌကို ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်အဖြစ် သတ်မှတ်ထားတာကလည်း စည်းမျဉ်းဥပဒေပြုနိုင်ခွင့်ကို ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်ထောင်စုအဆင့်ရှိတဲ့ အဖွဲ့ကသာ လုပ်ပိုင်ခွင့်ပေးထားလို့ပါပဲ။ နိုင်ငံတကာမှာတော့ ကော်မရှင်တွေကို quasi-judicial bodies အဖွဲ့အစည်းများအဆင့်ကို ပေးထားပါတယ်။

ဒါကြောင့်မို့ နိုင်ငံတကာမှာ ဒီလိုကော်မရှင်တွေကို ဘယ်လိုရည်ရွယ်ချက်တွေနဲ့ ဘယ်လိုဖွဲ့ကြသလဲဆိုတာ သိရအောင် ဦးစွာ အိန္ဒိယနိုင်ငံကို လေ့လာကြည့်ပါတယ်။ အိန္ဒိယနိုင်ငံဟာ မြန်မာနိုင်ငံနဲ့အတူ ဗြိတိသျှကိုလိုနီဖြစ်ခဲ့တာမို့ ဥပဒေပြုမှုစနစ်တွေဟာ အတော့်ကို တူညီပါတယ်။ အိန္ဒိယနိုင်ငံမှာ ဗဟိုလျှပ်စစ်လုပ်ငန်း ကြီးကြပ်မှုကော်မရှင် (Central Electricity Regulatory Commission - CERC) အောက်မှာ လျှပ်စစ်လုပ်ငန်းဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့ပေါင်း ၆၀ လောက် ရှိပါတယ်။ ဆက်သွယ်ရေးကဏ္ဍအောက်မှာ ရှစ်ခုရှိပြီး ဆိပ်ကမ်း အာဏာပိုင်အောက်မှာ သုံးခုရှိပါတယ်။ ဒါ့အပြင် ရေနံနှင့် သဘာဝဓာတ်ငွေ့ဆိုင်ရာ ကြီးကြပ်သူနဲ့ ကျောက်မီးသွေးဆိုင်ရာ မြို့ပြလေကြောင်းနှင့် မီးရထားမှာလည်း ရှိကြပါတယ်။ လျှပ်စစ်နဲ့ ဆက်သွယ်ရေးလို အခြေခံအဆောက်အအုံတွေမှာသာမက စတော့ဈေးကွက်မှာလည်း SEBI နှင့် အာမခံလုပ်ငန်း စတဲ့ကဏ္ဍတွေမှာလည်း ရှိကြတယ်တဲ့။

**ရှုပ်ထွေးနက်နဲ**

ဒီနေ့ လျှပ်စစ်စွမ်းအင်ဆိုတာ လူသားတွေရဲ့ အခြေခံလိုအပ်ချက်ဖြစ်နေတာမို့ လျှပ်စစ်ကဏ္ဍကို ကိုင်တွယ်ဖြေရှင်းရတာ အထူးပဲ ရှုပ်ထွေးနက်နဲပါတယ်။ အထူးသဖြင့် အိန္ဒိယနိုင်ငံလို ဆင်းရဲ၊ ချမ်းသာ အလွှာအမျိုးမျိုးရှိတဲ့ ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံမျိုးမှာ ပိုပြီးရှုပ်ထွေးပါတယ်။ အိန္ဒိယမှာ တိုင်းနှင့် ပြည်နယ်တွေမှာ ပြည်နယ်လျှပ်စစ်အဖွဲ့တွေ ရှိတာမို့ ပြည်နယ်တစ်ခုနှင့်တစ်ခု လျှပ်စစ်အရောင်းအဝယ်တွေ ရှိကြပါတယ်။ ဒါ့အပြင် လျှပ်စစ်ကဏ္ဍပိုင်ဆိုင်မှုကိုလည်း နိုင်ငံတော်ပိုင်းက ရာခိုင်နှုန်းအများ ပိုင်ပါတယ်။ ဓာတ်အားစနစ်ထဲကိုလည်း ပြည်တွင်းရော၊ ပြည်ပကပါ ရင်းနှီးမြှုပ်နှံသူတွေက ဝင်ရောက်ပြီး ထုတ်လုပ်ရောင်းချမှုတွေက များပြားလာတော့ ပြဿနာတွေ များလာတယ်။ ဒါ့ကြောင့် ၁၉၉၆ ခုနှစ်မှာ ပြည်နယ်ဝန်ကြီးချုပ်များ ညီလာခံက ဗဟိုလျှပ်စစ်လုပ်ငန်း ကြီးကြပ်မှုကော်မရှင်ကို ဖွဲ့စည်းပေးဖို့ အဲဒီအဖွဲ့ရဲ့အောက်မှာလည်း ပြည်နယ်လျှပ်စစ်လုပ်ငန်း ကြီးကြပ်မှုကော်မရှင်တွေကို ပြည်နယ်တွေမှာ ဖွဲ့စည်းဖို့ပါ အကြံပြုကြတယ်။ ဒါ့ကြောင့် ၁၉၉၈ ဥပဒေအမှတ် (၁၄) The Electricity Regulatory Commission Act 1998 ပြဋ္ဌာန်းပြီး ဆောင်ရွက်ခဲ့တာမို့ လျှပ်စစ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ဆိုတာ ပေါ်ပေါက်ခဲ့တာပါပဲ။

> **"ယနေ့မြန်မာနိုင်ငံဟာ ဒီမိုကရေစီဖက်ဒရယ်နိုင်ငံတော်ကြီး တည်ဆောက်နေတဲ့ကာလပါ။ တိုင်းဒေသကြီးနှင့် ပြည်နယ်တွေကို အသေးစား၊ အလတ်စား လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးရေး လုပ်ပိုင်ခွင့်ကိုပေးထားသော်လည်း ဓာတ်အားဖြန့်ဖြူးရေးစနစ်ကို ဆက်သွယ်တဲ့နေရာမှာ အငြင်းပွားဖွယ် မရှင်းလင်းတဲ့ပြဿနာတွေ ရှိနေပါတယ်"**

**ထုတ်ပစ်မှုတွေလုပ်နိုင်**

အိန္ဒိယမှာတော့ ဒီကော်မရှင်ကို ဥက္ကဋ္ဌနှင့် အဖွဲ့ဝင် သုံးဦး၊ စုစုပေါင်း လေးဦးနဲ့ပဲ ဖွဲ့စည်းပါတယ်။ အရည်အချင်းသတ်မှတ်ချက်တွေကတော့ ဥက္ကဋ္ဌကို လျှပ်စစ်ကဏ္ဍကို နှံ့စပ်စွာသိကျွမ်းပြီး အတွေ့အကြုံများတဲ့သူကို ခန့်အပ်ရမှာဖြစ်ပြီး ကျန်သုံးဦးကတော့ လျှပ်စစ်ကဏ္ဍနဲ့ပတ်သက်ပြီး ဘဏ္ဍာရေးဆိုင်ရာ လုပ်ငန်းကျွမ်းကျင်အတွေ့အကြုံရှိသူ စီးပွားရေး၊ ကူးသန်းရောင်းဝယ်ရေးနှင့် ဥပဒေ သို့မဟုတ် အုပ်ချုပ်မှုဆိုင်ရာ ကျွမ်းကျင်သူများထဲမှ သင့်တော်သူများကို ရွေးချယ်ရပါတယ်။ ဥပဒေအပိုဒ် (၄) မှာ ဒီကော်မရှင်ကို ဘယ်လိုရွေးချယ်ရမလဲ ပြဋ္ဌာန်းထားပြီး ကော်မရှင်အဖွဲ့ဝင်တွေ မရိုးမသား လုပ်ခဲ့ရင် ထုတ်ပစ်မှုတွေကိုပါ ဥပဒေမှာ ပြဋ္ဌာန်းထားပါတယ်။

ကော်မရှင်ရဲ့တာဝန်ဖြစ်တဲ့ တာဝန်ဝတ္တရားတွေကိုတော့ ပုဒ်မ-၁၃ မှာ အချက် ၉ ချက်နဲ့ပြဋ္ဌာန်းထားပါတယ်။ ဗဟိုအစိုးရက ချုပ်ကိုင်တဲ့ ဓာတ်အားစနစ်သို့ ရောင်းချတဲ့ ဓာတ်အားခနှုန်းထားကအစ ပြည်နယ်တစ်ခုနှင့်တစ်ခု ဓာတ်အား အပြန်အလှန်ရောင်းဝယ်ခြင်း၊ လျှပ်စစ်ဓာတ်အား သုံးစွဲသူတို့အတွက် မျှတသောဈေးနှုန်းအပါအဝင် ဓာတ်အားခနှုန်းထားနဲ့ပတ်သက်တဲ့ မူဘောင်သတ်မှတ်ချက်တွေအပြင် ကုမ္ပဏီများအချင်းချင်း ဓာတ်အားခနှင့်ပတ်သက်ပြီး အငြင်းပွားမှုတွေကိုပါ ဖြေရှင်းပေးရမှာတို့ ပါဝင်ပါတယ်။ ဒီကော်မရှင်ရဲ့ လုပ်ရပ်တွေဟာ လျှပ်စစ်နည်းပညာတွေ စံချိန်စံညွှန်းတွေထက် လျှပ်စစ်မီးသုံးစွဲသူနှင့် ရောင်းချသူများအကြား လျှပ်စစ်ဓာတ်အားထုတ်လုပ်သူ၊ ဖြန့်ဖြူးသူတွေအကြားမှာ ကြားခံအဖွဲ့အစည်းအဖြစ် ဥပဒေအရ ဆောင်ရွက်ပေးနိုင်မယ့် အဖွဲ့အစည်း ဖြစ်ပါတယ်။

**ဖွဲ့စည်းမှုများ**

နိုင်ငံတကာ လျှပ်စစ်ကော်မရှင်တွေမှာ အဖွဲ့ဝင်တစ်ဦးမှ ကိုးဦးအထိ ဖွဲ့စည်းကြပါတယ်။ သြစတြေးလျ၊ ကနေဒါ၊ ချက်သမ္မတ၊ ဒိန်းမတ်၊ ပြင်သစ်၊ အီတလီ၊ ပေါ်တူကီ၊ ယူကေ (U.K)၊ အမေရိကန်နိုင်ငံတွေမှာတော့ သီးသန့်လွတ်လပ်တဲ့ အဖွဲ့အစည်း (Independent Regulatory) အဖြစ် ဖွဲ့စည်းထားပြီး ဖင်လန်၊ ဟန်ဂေရီ၊ နယ်သာလန်၊ နော်ဝေ၊ ဆွီဒင်တို့မှာ ဝန်ကြီးဌာနနှင့်ပူးတွဲပြီး Ministerial agency and ministry ဘယ်လ်ဂျီယံ၊ ဂရိ၊ လူဇင်ဘတ်၊ စပိန်တွေမှာတော့ အကြံပေး Ministry and Advisory Agency အဖြစ်သာ ဖွဲ့စည်းပါတယ်။ ဂျာမနီ၊ ဂျပန်၊ နယူးဇီလန်၊ ဆွစ်ဇာလန်နိုင်ငံတွေမှာတော့ ဝန်ကြီးဌာနအနေနဲ့သာ ဆောင်ရွက်ပါတယ်။ ကိုယ့်နိုင်ငံနှင့်ကိုယ် သင့်တော်သလို ပုံစံမျိုးနဲ့ ဖွဲ့စည်းကြပြီး ကော်မရှင်ရဲ့ အသုံးစရိတ်ကိုတော့ နိုင်ငံတော်ဘတ်ဂျက်က ကျခံမှုမျိုးရှိသလို လျှပ်စစ်ဓာတ်အားခကောက်ခံတဲ့နှုန်းထားထဲမှာ ကော်မရှင်အတွက် သီးသန့်ထပ်ပိုတောင်းခံတာတွေလည်း ရှိလာတယ်။

မြန်မာနိုင်ငံမှာ ၁၉၈၄ ခုနှစ်၊ လျှပ်စစ်ဥပဒေကို ၂၀၁၄ ခုနှစ်မှာ အသစ်ပြန်ရေးဆွဲတဲ့ ၂၀၁၄ လျှပ်စစ်ဥပဒေရဲ့အဓိက ပြောင်းလဲတဲ့အချက်က လျှပ်စစ်လုပ်ငန်းကြီးကြပ်မှုကော်မရှင် ဖွဲ့စည်းတာဝန်ပေးခြင်းနှင့် ပုဂ္ဂလိက ပြင်ပအဖွဲ့အစည်းတွေကို လျှပ်စစ်ကဏ္ဍမှာ လုပ်ပိုင်ခွင့်ပေးထားခြင်းဟာ အဓိကဥပဒေအသစ်ရဲ့ ပြောင်းလဲခြင်းပါ။

**မကျေလည်တာတွေရှိဆဲ**

ယနေ့မြန်မာနိုင်ငံဟာ ဒီမိုကရေစီဖက်ဒရယ်နိုင်ငံတော်ကြီး တည်ဆောက်နေတဲ့ကာလပါ။ တိုင်းဒေသကြီးနှင့် ပြည်နယ်တွေကို အသေးစား၊ အလတ်စား လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးရေး လုပ်ပိုင်ခွင့်ကိုပေးထားသော်လည်း ဓာတ်အားဖြန့်ဖြူးရေးစနစ်ကို ဆက်သွယ်တဲ့နေရာမှာ အငြင်းပွားဖွယ် မရှင်းလင်းတဲ့ပြဿနာတွေ ရှိနေပါတယ်။ ရန်ကုန်နှင့် မန္တလေးမှာ လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း ပြောင်းလဲဖွဲ့စည်းခြင်း၊ Franchise ခေါ်တဲ့ ဒေသအလိုက် ဓာတ်အားဖြန့်ဖြူးရေး လုပ်ငန်းလုပ်ပိုင်ခွင့်ရှိ ကုမ္ပဏီများကို ခွင့်ပြုပေးထားခြင်းမှာလည်း ဌာနနဲ့ ကုမ္ပဏီတွေကြား မကျေလည်တာလေးတွေ ရှိနေဆဲပါ။

ဒါတွေကို ကိုင်တွယ်ဖြေရှင်းပေးဖို့ quasi-judicial status အဆင့်ရှိ လျှပ်စစ်ဓာတ်အားလုပ်ငန်း ကြီးကြပ်ရေး ကော်မရှင် ဖွဲ့စည်းဆောင်ရွက်ဖို့ ဥပဒေပြဋ္ဌာန်းခဲ့တာ ၄ နှစ်ကျော်ခဲ့ပါပြီ။ အာရှဖွံ့ဖြိုးရေးဘဏ် (ADB) ရဲ့ Myanmar Energy Master Plan ကို သေသေချာချာဖတ်ကြည့်ရင် ကော်မရှင်ရဲ့ အတည်ပြုချက်ရယူရမယ့် အချက်တွေပါတာ တွေ့ရမှာပါ။

ဒါကြောင့်မို့ ERC ခေါ်တဲ့ လျှပ်စစ်လုပ်ငန်းကြီးကြပ်မှုကော်မရှင်ဖွဲ့စည်းရေးကိစ္စ နှောင့်နှေးမနေသင့်ပါ။ နိုင်ငံတော်မှ ဥပဒေနှင့်အညီ ကော်မရှင်တစ်ရပ် ဖွဲ့စည်းတာဝန်ပေးပြီး ဌာနများနဲ့ ညှိနှိုင်းပေါင်းစပ်ပြီး လက်ရှိ လျှပ်စစ်ကဏ္ဍ လုပ်ဆောင်ချက်စနစ်ထဲမှာ ပါဝင်ဆောင်ရွက်ရင်တော့ ပြည်သူများ လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်မယ်လို့ ထင်ရှိရပါကြောင်း။ ။

**မှီငြမ်းချက်များ**


၁။ ၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ
၂။ လျှပ်စစ်ဥပဒေ (၄၄/၂၀၁၄)
၃။ The Electricity Regulatory Commission Act - 1998- India.
၄။ Governing Power by SL Rao.


# သန်လျင် ကျိုက်ခေါက်စေတီ ဗုဒ္ဓပူဇနီယပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၁၆**

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့ ရှေးဟောင်းသမိုင်းဝင် ဆံတော်ရှင် ကျိုက်ခေါက် စေတီတော်မြတ်ကြီး၏ တပို့တွဲလ ဗုဒ္ဓပူဇနီယပွဲတော်ကို ဖေဖော်ဝါရီ ၁၂ ရက်မှ ၂၀ ရက်အထိ ကိုးရက်တိုင် ဗုဒ္ဓါဘိသေက အနေကဇာတင်ပွဲ၊ ပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲ၊ ဆွမ်းတော်ကြီးတင်လှူပွဲ၊ ရွှေသင်္ကန်းကပ်လှူပွဲ၊ စတုဒိသာ ကျွေးမွေးလှူဒါန်းပွဲ၊ ထမနဲထိုးပွဲ၊ ဇာတ်သဘင်ပျော်ပွဲရွှင်ပွဲများဖြင့် စည်ကား သိုက်မြိုက်စွာ ကျင်းပသွားရန် စေတီတော်မြတ် ဂေါပကအဖွဲ့မှ ဆပ်ကော်မတီများ ဖွဲ့စည်း၍ စီစဉ်ဆောင်ရွက်လျက်ရှိသည်။



အောက်မြန်မာပြည်၏ အစည်ကားဆုံးပွဲတော်ဖြစ်သည်နှင့်အညီ ဘုရားဖူးလာပြည်သူများ အေးချမ်းပျော်ရွှင်စွာ တည်းခိုနေထိုင်ရေး၊ ဒေသထွက်ကုန်မျိုးစုံရောင်းချနိုင်ရန် ဈေးဆိုင်ခန်းပေါင်းလေးထောင်ကျော်ကိုလည်း ခင်းကျင်းပြင်ဆင်လျက်ရှိသည်။

အဆိုပါ ပွဲတော်ကြီးသို့ အနယ်နယ်အရပ်ရပ်မှ လှူဒါန်းလိုကြသည့် အလှူရှင်များအနေဖြင့် စေတီတော်မြတ် ဂေါပကအဖွဲ့ရုံး ဖုန်း-၀၉ ၇၉၉၄၅၈၀၀၉ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**သန်းဝင်း (သန်လျင်)**

# ချင်းပြည်နယ်တွင် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ လိုက်လျောညီထွေရှိစေခြင်းသင်တန်းဖွင့်

**ဟားခါး ဇန်နဝါရီ ၁၆**

ချင်းပြည်နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (DRD) နှင့် ပေါင်းစုလုပ်အား အကူအညီပေးရေးအဖွဲ့ (NAG) တို့ ပူးပေါင်း၍ ပြည်နယ် အသက်မွေးဝမ်းကျောင်းထူထောင်ရေး အရေးပေါ်ကူညီထောက်ပံ့မှုစီမံကိန်းမှ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ လိုက်လျောညီထွေရှိစေခြင်း သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်က ဟားခါးမြို့ CACC ခန်းမ၌ ကျင်းပသည်။

ထို့နောက် ဟားခါးခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးဝင်းက ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်မှု တိုးတက်ကောင်းမွန်စေရေးနှင့် ပြောင်းလဲလာသည့် ရာသီဥတုနှင့်အညီ လိုက်လျောညီထွေမှုရှိစေနိုင်ရေး၊ သင်ကြားပို့ချမည့် ဘာသာရပ်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အဆိုပါ သင်တန်းတွင် သင်တန်းနည်းပြများအဖြစ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ သစ်တောဦးစီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနနှင့် မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာနတို့မှ တာဝန်ရှိသူများက သက်ဆိုင်ရာ ဘာသာရပ်များအလိုက် သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မြင့်နိုင်စိုး (ထီးလှိုင်မြေ)**

# မြဝတီ၌ ယာဉ်စည်းကမ်း အသိပညာပေးပြီး ဆိုင်ကယ်စီးဦးထုပ်များ မဲဖောက်ပေး

**မြဝတီ ဇန်နဝါရီ ၁၆**

ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့တွင် ယာဉ်မတော်တဆမှုများ ကင်းဝေးစေရေးအတွက် အမှတ်(၇၃)ယာဉ်ထိန်းတပ်ဖွဲ့စု(မြဝတီ)မှ တပ်ဖွဲ့ဝင်များက ဒေသခံပြည်သူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ အသိပညာပေးဟောပြောကာ ဆိုင်ကယ်စီးဦးထုပ်များကိုလည်း မဲဖောက်ပေးခဲ့ကြောင်း သိရသည်။

ဇန်နဝါရီ ၁၅ ရက် နံနက်ပိုင်းက မြဝတီမြို့ Ever Land စားသောက်ဆိုင်ရှေ့ အာရှလမ်းမကြီးပေါ်တွင် ဆိုင်ကယ်စီးဦးထုပ်ဆောင်းခြင်းမရှိဘဲ မောင်းနှင်လာသည့် ဆိုင်ကယ်များနှင့် လူနှစ်ဦးထက်ပို၍ မောင်းနှင်စီးနင်းလာသည့် ဆိုင်ကယ်များကို အမှတ်(၇၃) ယာဉ်ထိန်း တပ်ဖွဲ့စု(မြဝတီ)မှ ဒုရဲမှူးထွန်းထွန်းနှင့်အဖွဲ့က တားဆီးပြီးနောက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ သိကောင်းစရာများကို အသိပညာပေးဟောပြောခဲ့ခြင်း ဖြစ်သည်။



ထို့နောက် ဆိုင်ကယ်စီးဦးထုပ်များအား မဲဖောက်ပေးခဲ့ကာ မဲပေါက်သူများအား ခေတ္တခရိုင်အုပ်ချုပ်ရေးမှူး ဦးဌေးကျော်၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးအောင်နိုင်ထွန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးဇော်ကိုကိုနှင့် အမှတ်(၇၃) ယာဉ်ထိန်းတပ်ဖွဲ့စုမှ တာဝန်ရှိသူများက ဆိုင်ကယ်စီးဦးထုပ်များ ချက်ချင်းဆောင်းပေးခဲ့ကြသည်။

**ထိန်လင်းအောင် (ပြန်/ဆက်)**

# ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်ရှိ စိုက်ပျိုးမွေးမြူရေးခြံများသို့ ငြိမ်းချမ်းရေးမိသားစုဝင်များ သွားရောက်လေ့လာ



**မြဝတီ ဇန်နဝါရီ ၁၆**

ကရင်ပြည်နယ် မြဝတီမြို့နယ် စုကလိမြို့ရှိ (ဆုံဆည်းမြိုင်)(DKBA)မှ စိုက်ပျိုးရေးတာဝန်ခံများ ဦးဆောင်သော ငြိမ်းချမ်းရေးတပ်ဖွဲ့ဝင် တောင်သူလယ်သမားများအား ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနက ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်ရှိ စိုက်ပျိုးရေး/မွေးမြူရေးခြံများသို့ ဇန်နဝါရီ ၁၃ရက်က လေ့လာရေးခရီးပို့ဆောင်ပေးခဲ့သည်။

ခရီးစဉ်တွင် DKBA မိသားစုဝင်များသည် မြဝတီမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံးဝင်းအတွင်းရှိ တောင်သူပညာပေး သရုပ်ပြစိုက်ပျိုးထားသော ငွေနှင်းမှိုစိုက်ပျိုးရေးအလုပ်ရုံ၊ ကော်ဖီပျိုးခင်းနှင့် ဝင်ငွေရ ဟင်းသီးဟင်းရွက် နမူနာစိုက်ခင်းများကိုလည်းကောင်း၊ ကော့ကရိတ်မြို့နယ်အတွင်း သရုပ်ပြစိုက်ပျိုးထားရှိသော ဝင်ငွေရ ဟင်းသီးဟင်းရွက်စိုက်ခင်းများ၊ စွန့်ပစ်ပစ္စည်းများ အသုံးချ၍ မိသားစု တစ်ပိုင်တစ်နိုင် စိုက်ပျိုးနိုင်သော စိုက်ခင်းများကို လည်းကောင်း၊ မွန်ပြည်နယ် မုဒုံမြို့နယ်ရှိ ရော်ဘာသုတေသနနှင့် မျိုးပွားခြံကိုလည်းကောင်း၊ မုဒုံခြံအတွင်းမှ ဘက်စုံစိုက်ပျိုးမွေးမြူရေး သရုပ်ပြစိုက်ခင်း၌ ရော်ဘာခင်းများအတွင်း ဝင်ငွေရ သီးနှံပင်အမျိုးမျိုးသုတေသနပြု စိုက်ပျိုးထားရှိမှု၊ ရော်ဘာနှင့်သစ်တော ရောနှော စိုက်ခင်းများ၊ ခြံအတွင်း စားဖား၊ ငါးနှင့် ဒေသတိုင်းရင်း ကြက်မွေးမြူထားရှိမှုများကိုလည်းကောင်း၊ အဇင်းခြံရှိ ဒူးရင်း၊ ကြက်မောက်၊ မင်းကွတ်၊ ကျွဲကောသီးနှံများ စိုက်ပျိုးထားရှိမှု အခြေအနေများကိုလည်းကောင်း သွားရောက်လေ့လာကြည့်ရှုခဲ့ကြသည်။

DKBA ငြိမ်းချမ်းရေးမိသားစုဝင်များသည် မြဝတီမြို့နယ် မြဝတီ-စုကလိလမ်းပေါ်ရှိ ဆုံဆည်းမြိုင်ကျေးရွာတွင် အခြေချနေထိုင်ကာ စိုက်ပျိုးရေးကို အဓိက လုပ်ကိုင်လျက်ရှိပြီး အဆိုပါဒေသ၌ ပြည်နယ်အစိုးရနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်း၍ စိုက်ပျိုးရေးစင်တာ တစ်ခုကို ၂၀၁၈ ခုနှစ်က တည်ဆောက်ခဲ့ကာ နည်းပညာပေးမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**နေမျိုးလွင် (ပြန်/ဆက်)**



**မုံရွာတက္ကသိုလ် (၁၉) ကြိမ်မြောက် ဘွဲ့နှင်းသဘင် အပိုင်း (၂) မွန်းလွဲပိုင်း အခမ်းအနားတွင် ပါမောက္ခချုပ် ဒေါက်တာ သူရဦးက ဘွဲ့ရကျောင်းသူတစ်ဦးအား ဘွဲ့အပ်နှင်းစဉ်။** (မုံရွာတက္ကသိုလ် (၁၉) ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို ဇန်နဝါရီ ၁၂၊ ၁၃၊ ၁၉၊ ၂၀ ရက်များတွင် ကျင်းပပြုလုပ်၍ မဟာသုတေသနဘွဲ့၊ မဟာဝိဇ္ဇာ/မဟာသိပ္ပံဘွဲ့၊ ဝိဇ္ဇာ (ဂုဏ်ထူး)/ သိပ္ပံ (ဂုဏ်ထူး)ဘွဲ့နှင့် ဝိဇ္ဇာ/သိပ္ပံဘွဲ့များကို ပေးအပ်မည်ဖြစ်သည်။)

**နိုင်ထွန်း**

# ဆောင်းခိုငှက်များ ထိန်းသိမ်းရေးနယ်မြေ အသိအမှတ်ပြုခြင်းအခမ်းအနား ဘိုကလေး၌ ကျင်းပ

**ဘိုကလေး ဇန်နဝါရီ ၁၆**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်အတွင်းရှိ မိန်းမလှကျွန်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောကို နိုင်ငံတကာအသိအမှတ်ပြုဆောင်းခိုငှက်များ ထိန်းသိမ်းရေး နယ်မြေအဖြစ် သတ်မှတ်အသိအမှတ်ပြုသည့် အခမ်းအနားကို ဘိုကလေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဇန်နဝါရီ ၁၅ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမင်းသိုင်းက ယခုမြန်မာနိုင်ငံတွင် သဘာဝပတ်ဝန်းကျင်နှင့် ငှက်ဇီဝမျိုးကွဲများထိန်းသိမ်းရေးကို အလေးထား ဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံအနေဖြင့် ရာသီဥတု ညီညွတ်ကောင်းမွန်ခြင်း၊ သဘာဝအနေအထား ကောင်းမွန်ခြင်း၊ အစာရေစာ ပေါကြွယ်ဝခြင်းတို့ကြောင့် ရွှေ့ပြောင်းဆောင်းခိုငှက်များ လာရောက်ကြခြင်းဖြစ်၍ ဘေးကင်းလုံခြုံစွာ နေထိုင်ကျက်စားနိုင်ရန်နှင့် အဆိပ်အတောက်များ ကင်းစင်သည့် ရေထု၊ မြေထု၊ လေထု သန့်ရှင်းရေးအတွက် ပလတ်စတစ်များ၊ အညစ်အကြေးများ၊ ဓာတုပစ္စည်းများကို စွန့်ပစ်ခြင်းမပြုဘဲ ပူးပေါင်းပါဝင်ထိန်းသိမ်းပေးကြရန်လိုအပ်ကြောင်း အမှာစကား ပြောကြားသည်။

ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဇင်ဦးနှင့် မိန်းမလှကျွန်း ဘေးမဲ့တော အုပ်ချုပ်ရေးမှူး ဦးဇော်ထူးအောင်တို့က သဘာဝပတ်ဝန်းကျင်နှင့် ငှက်ဇီဝမျိုးကွဲများ ထိန်းသိမ်းရေးလုပ်ငန်းများနှင့် နိုင်ငံတကာအသိအမှတ်ပြုခံရသည့် ဆောင်းခိုငှက်များ ထိန်းသိမ်းရေးဧရိယာ (Flyway Site Network) အဖြစ် တိုးမြှင့်သတ်မှတ်ခံရခြင်းအပေါ် ဒေသခံများ၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များနှင့် ဆက်စပ်ဌာနဆိုင်ရာများအနေဖြင့် ပူးပေါင်းပါဝင်ထိန်းသိမ်းပေးကြရန် ဆွေးနွေးပြောကြားခဲ့သည်။

**မြို့နယ် (ပြန်/ဆက်)**

# ပညာရေးစုံညီပွဲတော်များ မြို့နယ်အသီးသီး၌ ကျင်းပ

**၂၀၁၈ -၂၀၁၉ ပညာသင်နှစ် မြို့နယ်အဆင့် ပညာရေးစုံညီပွဲတော် အခမ်းအနားကို မြို့နယ်အသီးသီးရှိ အခြေခံပညာကျောင်းများ၌ ကျင်းပခဲ့ကာ အခမ်းအနားတွင် ပြီးခဲ့သော ပညာသင်နှစ်က ကာယ ဉာဏ ထူးချွန်ဆုရရှိသော ကျောင်းသား ကျောင်းသူများအား ဆုများချီးမြှင့်ခဲ့သည်။**

**ဆိပ်ဖြူမြို့နယ်**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်တွင် ဆိပ်ဖြူ(အထက) နဝရတ်ခန်းမ၌ ဇန်နဝါရီ ၁၅ ရက်ကကျင်းပသည့် ပညာရေးစုံညီပွဲတော်တွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိုက်နှင့် မြို့နယ်ပညာရေးမှူး ဦးကျော်သူရတို့က ကျောင်းသား ကျောင်းသူများ၏ ပညာရည်မြင့်မားရေး၊ ကာယ ဉာဏစွမ်းရည်များ မြင့်မားတိုးတက်စေရေးအတွက် ဆရာ၊ မိဘ၊ ကျောင်းသားများ တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ရန် တိုက်တွန်းအမှာစကားပြောကြားသည်။ ထို့နောက် ၂၀၁၇-၂၀၁၈ ပညာသင်နှစ် ဂုဏ်ထူးရကျောင်းသား ကျောင်းသူများ၊ မြို့နယ်အဆင့် အောင်ချက်အကောင်းဆုံးဆုရကျောင်းများ၊ ၂၀၁၈ -၂၀၁၉ ပညာသင်နှစ်အတွင်းမှ ကာယ ဉာဏ ထူးချွန်ကျောင်းသား ကျောင်းသူများ၊ မြို့နယ်အဆင့် သင်ထောက်ကူပြိုင်ပွဲတွင် ဆုရ ဆရာ ဆရာမများအား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်ပညာရေးမှူးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ရာ စုစုပေါင်း ကာယ ဉာဏ ထူးချွန်ဆု ၃၂၄ ဆု ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

**ပုဗ္ဗသီရိမြို့နယ်**

နေပြည်တော် ပုဗ္ဗသီရိမြို့နယ် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း မြတ်ရတနာခန်းမ၌ ဇန်နဝါရီ ၁၅ ရက်က ကျင်းပသည့် အခမ်းအနားတွင် ဒုတိယမြို့နယ်ပညာရေးမှူး ဦးမျိုးနိုင်က မြို့နယ်အဆင့်ပညာရေးစုံညီပွဲတော် ကျင်းပခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ၂၀၁၈-၂၀၁၉ ပညာသင်နှစ်အတွင်း မြို့နယ်အဆင့် အထက်တန်း၊ အလယ်တန်း၊ မူလတန်းအဆင့် အောင်ချက်အကောင်းဆုံးရရှိသော ကျောင်းများနှင့် အသန့်ရှင်းဆုံးကျောင်းဆုများ၊ မြို့နယ်အဆင့် အထက်တန်း၊ အလယ်တန်း၊ မူလတန်းအဆင့် ဘာသာရပ်အလိုက် စွမ်းရည်ပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲ၊ ပညာရည်ချွန် ဘာသာစုံထူးချွန်ဆုများနှင့် အားကစားပြိုင်ပွဲများတွင် ထူးချွန်ဆုရရှိသော ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးခဲ့သည်။

**မြို့နယ် (ပြန်/ဆက်)**

**ကွတ်ခိုင်မြို့နယ်**

ရှမ်းပြည်နယ် ကွတ်ခိုင်မြို့နယ် ပညာရေးစုံညီပွဲတော်ကို ဇန်နဝါရီ ၁၄ ရက်က အထက(ကွတ်ခိုင်)ကျောင်း ဂန္ဓမာခန်းမ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်လွင်က အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဒေါ်ဝင်းဝင်းနုက ပညာရေးစုံညီပွဲတော်ကျင်းပသည့် ရည်ရွယ်ချက်ကို ပြောကြားသည်။ ထို့နောက် မူလတန်း၊ အလယ်တန်း၊ အထက်တန်းအဆင့် ဉာဏစွမ်းရည်ပြိုင်ပွဲနှင့် ကာယစွမ်းရည်ပြိုင်ပွဲများတွင် ဆုရရှိသော ကျောင်းသူ ကျောင်းသားများအား မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ပညာရေးမှူးနှင့် တာဝန်ရှိ သူများက ဆုများချီးမြှင့်ပေးအပ်ခဲ့သည်။

**ဆိုင်ဖြူ(မူဆယ်)**

**ပုသိမ်ကြီးမြို့နယ်**

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် အထက(ခွဲ) လက်ကောင်းကျောင်း၏ ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၁၅ ရက်က ကျင်းပခဲ့ရာ မန္တလေးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ဦးက အမှာစကားပြောကြားပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်မိုးမိုးအောင်က ပညာရေးစုံညီပွဲတော်ကျင်းပခြင်း ရည်ရွယ်ချက်နှင့် ပညာရည်ချွန်ဆုပေးပွဲအကြောင်းကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ပညာရည်ထူးချွန်သည့် ကျောင်းသား ကျောင်းသူများနှင့် ကာယ၊ ဉာဏ ပြိုင်ပွဲများတွင် ထူးချွန်သည့် ကျောင်းသား ကျောင်းသူများအား တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ရာ ထူးချွန်ဆုပေါင်း ၁၆၀ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ခင်ခင်ဝင်း(ပညာရေး)**

**နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ရေပြာအထက(ခွဲ)ကျောင်း၌ ကျင်းပသည့် ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုပေးပွဲတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်သက်သက်သင်းက ထူးချွန်ဆုရရှိသူတစ်ဦးအား ဂုဏ်ပြုလက်မှတ်နှင့် ဆုများချီးမြှင့်စဉ်။**(၀၁၂)




# လှိုင်းဘွဲ့မြို့နယ်၌ လူငယ်နှင့် မူးယစ်ဆေးဝါးအန္တရာယ် ပြည်သူ့စကားဝိုင်း ကျင်းပ

**လှိုင်းဘွဲ့ ဇန်နဝါရီ ၁၆**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် တာပေါင်ကျေးရွာအုပ်စု ကော့ပေါကျေးရွာ၌ လူငယ်နှင့်မူးယစ်ဆေးဝါးအန္တရာယ် ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို အလက(ကော့ပေါ)ကျောင်း ပညာ့မျက်မှန်ခန်းမ၌ ဇန်နဝါရီ ၁၄ ရက်က ကျင်းပခဲ့သည်။ ပြည်သူ့စကားဝိုင်းတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်ချိုနှင့် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်ဇော်ဦးတို့က အမှာစကားပြောကြားပြီး လှိုင်းဘွဲ့မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဒေါ်ခင်စန်းမြင့်က ပြည်သူ့စကားဝိုင်းကျင်းပသည့်ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ထို့နောက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းမိုးမိုးထွေး၊ မြို့နယ်မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းဥက္ကဋ္ဌ ဦးဌေးဝင်း၊ လက်ထောက်မြို့နယ်ဆရာဝန် ဒေါက်တာဝတ်ရည်သင်း၊ လူငယ်ကွန်ရက်အဖွဲ့ခေါင်းဆောင် ဦးစည်သူဌေး၊ မြို့နယ်ဥပဒေအရာရှိ ဒေါ်နှင်းနှင်းဝင်းနှင့် ရဲအုပ်ရာဇာအောင်တို့က မူးယစ်ဆေးဝါးနှင့်ကျန်းမာရေးကဏ္ဍ၊ ပြစ်မှုပြစ်ဒဏ်၊ ဥပဒေရေးရာ စသည့် အကြောင်းအရာများကို ဦးဆောင်ဆွေးနွေးခဲ့ကြကာ တက်ရောက်လာကြသည့် ပြည်သူများ၊ ကျောင်းသားကျောင်းသူများက သိရှိလိုသည်များကို ပြန်လည်မေးမြန်းခဲ့ကြသည်။ အဆိုပါ ပြည်သူ့စကားဝိုင်းသို့ ကျေးရွာနေပြည်သူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ စုစုပေါင်း အင်အား ၂၅၀ ခန့် တက်ရောက်ခဲ့ကြသည်။

**မြို့နယ်(ပြန်/ဆက်)**

# အထူးလိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူ ကြည်ညိုသဒ္ဓါတိုးပွားရပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ ဒေါနဘွားရပ်ကွက်၊ အောင်မြေသာစံမြို့နယ်မှ **ဘဒ္ဒန္တဝိဇယာနန္ဒ** အား ၂၀၁၉ခုနှစ် (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၁၉)ဖြင့် ပရိယတ္တိဝန်ဆောင် စာချဆရာတော်အဖြစ် ထိုက်တန်စွာချီးမြှင့်သော **ဂန္ထဝါစကပဏ္ဍိတဘွဲ့** တံဆိပ်တော်ဆက်ကပ်လှူဒါန်းခြင်းခံရပါသည်။

**ဂန္ထဝါစကပဏ္ဍိတဘွဲ့**တံဆိပ်တော်ရ **ဘဒ္ဒန္တဝိဇယာနန္ဒ** ဆရာတော်သက်ရှည်ကျန်းမာစွာဖြင့် ဘာသာ၊ သာသနာ အကျိုး ဆတက်တိုး၍ သယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း လေးမြတ်စွာဆုမွန်ကောင်းတောင်းအပ်ပါသည်။

**သုဓမ္မသီဂီဒေါ်စိန်**
**ဦးတင်ရွှေ-အဂ္ဂမဟာသီရိသုဓမ္မသီဂီဒေါ်နန်းသက်စုလှိုင်ထွန်း**
**မိသားစု**

# လှိုက်လှဲစွာဂုဏ်ပြုဝမ်းမြောက်ပါကြောင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၏ အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၁၉)ဖြင့် (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် မင်္ဂလာရာမပါဠိတက္ကသိုလ်ကျောင်းတိုက် (စိန်ရတုကျောင်းတော်၏ ပင်မဒါယကာကြီး) အဂ္ဂမဟာသီရိသုဓမ္မဇောတိကဓဇ ဦးမောင်မောင် (ဥက္ကဋ္ဌ၊ Asia Express Group Co,Ltd )၏ဇနီး **ဒေါ်သက်သက်နိုင်** အား **သီရိသုဓမ္မသီဂီဘွဲ့** (သာသနာနုဂ္ဂဟ ဒုတိယအဆင့်)ဖြင့် ထပ်မံ၍ ထိုက်ထိုက်တန်တန်ချီးမြှင့်အပ်နှံခြင်းခံရသည့်အတွက် ဝမ်းမြောက်ဂုဏ်ယူမိပါသည်။ ရှေ့အနာဂတ်တွင်လည်း ဆက်လက်၍ ဘာသာ၊ သာသနာအကျိုးနှင့် နိုင်ငံနှင့် လူမျိုးအကျိုးကို ဆတက်ထမ်းပိုးတိုး၍ ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**သက်တော်ရှည်ပဓာနနာယကဆရာတော်ကြီး**
**ဘဒ္ဒန္တရဋ္ဌသာရ(အဂ္ဂမဟာပဏ္ဍိတ)နှင့်**
**နာယက/စာချဆရာတော်များ**
**မင်္ဂလာရာမပါဠိတက္ကသိုလ်**
**သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့**

# အထူးဂုဏ်ယူဝမ်းမြောက်ဆုတောင်းလွှာ

၂၀၁၉ ခုနှစ် (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၁၉)ဖြင့် မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ တံခွန်တိုင်၊ အင်တုံစုရပ်နေ **ဦးမောင်စိုး** (စိန်စွန့်ညီအဆင့်မြင့် သံရည်ကျို သံနန်းဆွဲနှင့် အောက်ဆီဂျင်စက်ရုံ)အား နိုင်ငံတော်မှ **သုဓမ္မဇောတိကဓဇဘွဲ့တံဆိပ်** အား ထိုက်ထိုက်တန်တန်ချီးမြှင့်ခြင်းခံရသည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် အမျိုး ဘာသာ၊ သာသနာအကျိုးများကို ကိုယ်ကျန်းမာ၊ စိတ်ချမ်းသာစွာဖြင့် ဆတက်ထမ်းပိုးတိုး၍ သယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ပါသည်။

**ဦးညိုထွန်း-ဒေါ်ဝင်းမြတ်နိုး**
**သား-မောင်ပြည့်ဖြိုးအောင်**
**အမှတ် ၁၅၅/၃၊ ရွှေတောင်လမ်း၊ မလိခဥယျာဉ်အိမ်ရာ၊ သဃ်န်းကျွန်း**

## ဇန်းမော်တက္ကသိုလ်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလတွင် ပြုလုပ်မည့် ဒသမအကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနား၊ ဓာတ်ပုံနှင့် ဗီဒီယိုရိုက်ကူးရေးလုပ်ငန်းအတွက် အိတ်ဖွင့်ဈေးနှုန်းလွှာ(တင်ဒါ)ကို ဇန်းမော်တက္ကသိုလ်တွင် တင်သွင်းနိုင်ပါသည်။ တင်ဒါလျှောက်လွှာများကို ၁၈-၁-၂၀၁၉ရက်မှ စတင်လက်ခံပြီး ၂၃-၁-၂၀၁၉ ရက် မွန်းလွဲ ၁ နာရီတွင် နောက်ဆုံးထား တင်သွင်းရပါမည်။ အသေးစိတ် အချက်အလက်များကို ဇန်းမော်တက္ကသိုလ် သင်တန်းရေးရာဌာနတွင် စုံစမ်းနိုင်ပါသည်။

**ဒေါက်တာပြုံးရီ၊ ပါမောက္ခ(ဌာနမှူး)၊ ရက္ခဗေဒဌာန**
**ဦးလှမိုးအောင်၊ ဌာနမှူး၊ သင်တန်းရေးရာဌာန**
**ဇန်းမော်တက္ကသိုလ်**

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**
**ကုသရေးဦးစီးဌာန**
**ရှမ်းပြည်နယ်(တောင်ပိုင်း)၊ စဝ်စံထွန်းဆေးရုံကြီးအတွက်**

## ဆေးနှင့် ဆေးပစ္စည်းများ
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၊ စဝ်စံထွန်းဆေးရုံကြီးတွင် တက်ရောက်ကုသလျက်ရှိသောလူနာများအတွက် လိုအပ်သော FDAအသိအမှတ်ပြုဆေးဝါးများ၊ ဓာတ်ခွဲခန်းသုံးဆေးရည်များ၊ ဓာတ်မှန်ဆိုင်ရာ ဖလင်နှင့် ဆေးရည်များ၊ Consumableများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ **အိတ်ဖွင့်တင်ဒါတင်သွင်းလွှာပုံစံများ**
**စတင်ရောင်းချမည့်ရက်နှင့်အချိန်** - ၁၈-၁-၂၀၁၉ရက်၊ နံနက် ၁၀နာရီ
**အိတ်ဖွင့်တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၁၄-၂-၂၀၁၉ရက်၊ ညနေ ၄နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် ပစ္စည်းစာရင်းအသေးစိတ်ကို သိရှိလိုပါက ၁၈-၁-၂၀၁၉ ရက်မှစ၍ နေ့စဉ် ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူရေးကော်မတီ**
**စဝ်စံထွန်းဆေးရုံကြီး၊ တောင်ကြီးမြို့**
**ဖုန်း-၀၈၁-၂၁၂၁၁၀၄**

## ဖခင်အမည်မှန်

စစ်ကိုင်းမြို့နယ်၊ တလိုင်း အထက အငှမတန်း(B)မှ မအေးသဲမွန်၏ ဖခင်အမည်မှန်မှာ ဦးသောင်းထွန်းပို ၅/စကန(နိုင်)၂၁၅၀၀၆ ဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ အထက (ခွဲ) ကျောင်းကုန်းတက္ကသိုလ်ဝင်တန်းမှ မောင်ဝေယံထွန်းနှင့် ဆဌမတန်းမှ မရတနာထွန်းတို့၏ ဖခင်အမည်မှန်မှာ ဦးထွန်းထွန်းမြင့်(ခ)ဦးထွန်းထွန်း ၉/တကန(နိုင်) ၁၂၀၁၀၆သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးထွန်းထွန်းမြင့်(ခ)ဦးထွန်းထွန်း**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ရွှေဘိုတက္ကသိုလ် အင်္ဂလိပ်စာ အထူးပြု စတုတ္ထနှစ်အောင်မှ မအိဖြူ၏ဖခင် ဦးဖိုးဝင်းနှင့် ဦးကြာဝင်း ၅/ရဘန(နိုင်)၀၄၃၉၄၀သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးဖိုးဝင်း(ခ)ဦးကြာဝင်း**




## ဖခင်အမည်မှန်

စစ်ကိုင်းမြို့နယ်၊ တလိုင်း အထက သတ္တမတန်းမှ မနှင်းနန္ဒာစိုး၏ ဖခင်အမည်မှန်မှာ ဦးကျော်နိုင်စိုး ၅/စကန(နိုင်)၂၀၀၄၄၁ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ကျောက်တန်းမြို့နယ်၊ အထက မင်္ဂလွန်းမှ အလယ်တန်းပြဆရာမ ဒေါ်ချိုချိုနွယ်၏ ဖခင်အမည်မှန်မှာ ဦးမောင်တင်လေး (KTN-၀၃၈၀၃၈) ဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

ရွှေဘိုတက္ကသိုလ် သတ္တဗေဒ စတုတ္ထနှစ်အောင်မှ မဇင်မာနွယ်၏ ဖခင် ဦးညြနှင့် ဦးအော ၅/ဝလန(နိုင်) ၀၅၇၀၀၀ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးညြ(ခ)ဦးအော**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၇ယ/၅၅၂၁ Honda Click 125 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ငြိမ်းငြိမ်းအိ ၁၀/သထန(နိုင်)၁၅၇၈၃၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(သထုံ)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၀ယ/၂၂၉၆၉ Suzuki Smash 110 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ကျော်သူ ၈/စလန(နိုင်)၀၉၈၁၉၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းရုံး(ပဲခူး)**

## တိုင်းဒေသကြီးအစိုးရအဖွဲ့
## တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့
## အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ ၂၀၁၈-၂၀၁၉ဘဏ္ဍာရေးနှစ် ပြည်ထောင်စု (ငွေလုံးငွေရင်း) ခွင့်ပြုရန်ပုံငွေဖြင့် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာကျောင်း (၄၃) ကျောင်းတွင် ကျောင်းဆောင်သစ်/ဆရာ၊ ဆရာမများ အိမ်ရာဆောက်လုပ်ခြင်း၊ ကျောင်းသုံးစာရေးခုံ/ထိုင်ခုံများပြုလုပ်ခြင်းလုပ်ငန်းများအတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်ကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

(က) အခြေခံပညာကျောင်းဆောင်သစ် ဆောက်လုပ်ခြင်းလုပ်ငန်း (၄၃)ခု
(ခ) (၄)ယောက်တွဲစာသင်ခုံ (မြင့်) (၅၆၉) စုံ
(ဂ) (၄)ယောက်တွဲစာသင်ခုံ(နိမ့်) (၁၇၄) စုံ
(ဃ) Single Desk & Chair (၄၀၀) စုံ

၂။ **တင်ဒါလျှောက်လွှာပုံစံများ စတင်ရောင်းချမည့်ရက်/အချိန်** - ၁၈-၁-၂၀၁၉ရက် (သောကြာနေ့) (ရုံးချိန်အတွင်း)
**တင်ဒါပိတ်မည့်ရက်/အချိန်** - ၁၈-၂-၂၀၁၉ရက် (တနင်္လာနေ့) ညနေ ၄း၃၀နာရီ
**တင်ဒါလျှောက်လွှာဝယ်ယူ/တင်သွင်းရမည့်နေရာ** - တိုင်းဒေသကြီးပညာရေးမှူးရုံး၊ ထားဝယ်မြို့

၃။ အိတ်ဖွင့်တင်ဒါတင်သွင်းရန် အသေးစိတ်အချက်အလက်များသိရှိလိုပါက ရုံးချိန်အတွင်း တနင်္သာရီတိုင်းဒေသကြီးပညာရေးမှူးရုံး၊ ဖုန်း-၀၅၉-၂၀၂၃၉၆၄ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
## ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် စက်ကိရိယာပစ္စည်း (၂)မျိုး Lamination Holographic Machine (၁၀၀)လုံးနှင့် Branded Server (၂)လုံးတို့အား မြန်မာကျပ်ငွေဖြင့် ဝယ်ယူခြင်းတို့အတွက် အိတ်ဖွင့်တင်ဒါပေးသွင်းရန် အောက်ပါအတိုင်း ဖိတ်ခေါ်အပ်ပါသည်-

(က) **တင်ဒါလျှောက်လွှာ ပုံစံရောင်းချမည့်ရက်** - ၁၅-၁-၂၀၁၉ ရက် (အင်္ဂါနေ့)
(ခ) **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၁၃-၂-၂၀၁၉ ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄း၃၀ နာရီထိ
(ဂ) **တင်ဒါဖွင့်ဖောက်မည့်ရက်** - ၁၉-၂-၂၀၁၉ ရက် (အင်္ဂါနေ့)

၂။ တင်ဒါခေါ်ယူသည့်အကြောင်းအရာနှင့် စံချိန်စံညွှန်းအရည်အသွေးသတ်မှတ်ချက်များနှင့် တင်ဒါစည်းမျဉ်းစည်းကမ်းသတ်မှတ်ချက်များ၊ တင်ဒါစာရွက်စာတမ်းများအတွက် ကျသင့်သည့်ဈေးနှုန်းနှင့် တင်ဒါတင်သွင်းရမည့်နည်းလမ်းများကို ရုံးချိန်အတွင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၂၉)၊ နေပြည်တော်တွင် ရုံးချိန်အတွင်းရယူနိုင်ပြီး အသေးစိတ်အချက်အလက်များသိရှိလိုပါက အောက်ပါဖုန်းနံပါတ်များကို ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ဖုန်း-၀၆၇-၄၀၅၃၆၂၊ ၀၆၇-၄၀၅၀၉၈၊ ၀၆၇-၄၀၅၁၈၅၊ ၀၆၇-၄၀၅၀၉၉**

## အိတ်ဖွင့်တင်ဒါခေါ်ခြင်း

၁။ မြင်းနှင့်သိုးမွေးမြူရေးဌာန(ရန်ပယ်)၊ မြင်းနှင့်သိုးမွေးမြူရေးဌာန(ပွင့်ဖြူ) မြင်းနှင့်သိုးမွေးမြူရေးဌာန(ဟဲဟိုး) နှင့် သစ်ဆိမ့်ဆီစက်ရုံခွဲတို့မှ အသုံးမလိုပိုလျှံ စက်နှင့်စက်အရန်ပစ္စည်း (1) Lot အား မြန်မာကျပ်ငွေဖြင့် ရောင်းချမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများ ပေးသွင်းရန်ဖိတ်ခေါ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၁၈-၁-၂၀၁၉ရက်
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၁၈-၂-၂၀၁၉ရက်၊ ၁၆း၀၀နာရီ

၃။ တင်ဒါပုံစံနှင့်တင်ဒါစည်းကမ်းအသေးစိတ်အချက်အလက်များကို အောက်ပါဌာနတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

**မြန်မာ့ဆေးဝါးလုပ်ငန်း(ရုံးချုပ်)**
**ရုံးအမှတ် (၃၇)၊ စက်မှုဝန်ကြီးဌာန၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၈၂၇၆**

## အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း
## (တင်ဒါအမှတ် ၂/၂၀၁၈-၂၀၁၉)

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ ဖလမ်းခရိုင်မှ ၂၀၁၈-၂၀၁၉ဘဏ္ဍာရေးနှစ် (အောက်တိုဘာလမှစက်တင်ဘာလအထိ)ဒုတိယ(၁)နှစ် ပြည်ထောင်စု/ ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်မည့်လမ်းတာချဲ့ခြင်းလုပ်ငန်းနှင့် လမ်း/တံတားလုပ်ငန်းများအတွက် လုပ်ငန်းသုံးပစ္စည်းများအား လုပ်ငန်းခွင်အရောက်မြန်မာ(ကျပ်ငွေ)ဖြင့် တင်ဒါခေါ်ယူလိုပါသည်။

၂။ လုပ်ငန်းတင်ဒါအတွက် အသေးစိတ်စာရင်းနှင့်တည်ဆောက်ရေးသုံးပစ္စည်းများ၏ အသေးစိတ်စာရင်းများကို လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ဖလမ်းခရိုင်၊ ဖလမ်းမြို့တွင် ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

ရုံးဖုန်း-၀၇၀-၄၀၀၅၈၊ ၀၇၀-၄၀၄၀၇

**တင်ဒါလျှောက်လွှာပုံစံစတင်ရောင်းချမည့်ရက်** - ၄-၂-၂၀၁၉ရက်
**တင်ဒါလျှောက်လွှာပုံစံစတင်ရောင်းချမည့်အချိန်** - နံနက် ၉း၀၀နာရီမှ ညနေ ၁၆း၀၀နာရီထိ
**တင်ဒါပိတ်မည့်ရက်/အချိန်** - ၁၁-၂-၂၀၁၉ရက် ညနေ ၄း၀၀နာရီထိ
**တင်ဒါရွေးချယ်မည့်ရက်/အချိန်** - ၁၄-၂-၂၀၁၉ရက် ပစ္စည်းတင်ဒါ၊ နံနက် ၉း၃၀နာရီ၊ ၁၅-၂-၂၀၁၉ရက် လုပ်ငန်းတင်ဒါ၊ နံနက်၉း၃၀နာရီ
**တင်ဒါရွေးချယ်မည့်နေရာ** - ညွှန်ကြားရေးမှူးရုံး၊လမ်းဦးစီးဌာန၊ ချင်းပြည်နယ်၊ ဟားခါးမြို့

**တင်ဒါလက်ခံရေးနှင့်စိစစ်ရွေးချယ်ရေးကော်မတီ**
**လမ်းဦးစီးဌာန၊ ဖလမ်းခရိုင်**

## နှစ်ဦးသဘောတူကွာရှင်းပြတ်စဲခြင်း

ကျွန်တော် ဦးဇော်မျိုးခိုင် ၁၀/မလမ(နိုင်)၀၀၈၂၈၀ နှင့် ဒေါ်လင်းလင်းဝေ ၁၀/မလမ(နိုင်)၁၃၈၄၂၅ တို့သည် နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ၉-၁-၂၀၁၉ရက်မှစ၍ တရားဝင်ကွာရှင်းပြီးဖြစ်ပါ၍ နောက်နောင်၄င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စမျှ(လုံး၀) မသက်ဆိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးဇော်မျိုးခိုင် ၁၀/မလမ(နိုင်)၀၀၈၂၈၀**

## ပြန်ကြားရေးဝန်ကြီးဌာန
## ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနအတွက်
## အုတ်ခြံစည်းရိုးဆောက်လုပ်ရန်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ အောင်ဆန်းပုံနှိပ်စက်ရုံဝင်းအတွင်းရှိ အုတ်ခြံစည်းရိုးဆောက်လုပ်ခြင်းလုပ်ငန်းအား ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ရန် မြန်မာနိုင်ငံသားများပိုင် ပြည်တွင်းကုမ္ပဏီများအား တင်ဒါများတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁၆-၁-၂၀၁၉ ရက်မှ ၃၀-၁-၂၀၁၉ ရက်အထိ နေ့စဉ်နံနက် ၉း၃၀ နာရီမှ ညနေ ၄ နာရီအထိ ရုံးဖွင့်ရက်အတွင်း အောက်ပါလိပ်စာတွင် တစ်စောင်လျှင် ၂၀၀၀ိ/-ကျပ်နှုန်းဖြင့် လာရောက်ဝယ်ယူနိုင်ပါသည်။ တင်ဒါပုံစံများလာရောက်ဝယ်ယူရာတွင် ကုမ္ပဏီ၏ မှတ်ပုံတင်ကတ်ပြား (သို့မဟုတ်)လုပ်ငန်းလိုင်စင်မိတ္တူ တင်ပြရမည်။

၃။ နည်းပညာပိုင်းဆိုင်ရာ အဆိုပြုလွှာများကို ၃၁-၁-၂၀၁၉ ရက်မှ ၄-၂-၂၀၁၉ ရက်အထိ နံနက် ၉း၃၀ မှ ညနေ ၄ နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန၊ စီမံရေးရာဌာနခွဲ၊ ရုံးအမှတ်(၇)၊ နေပြည်တော်သို့ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း-၀၆၇-၄၁၂၂၀၃၊ ၀၆၇-၄၁၂၂၀၅ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**သတ်မှတ်ကာလကျော်လွန်သောတင်ဒါများကို ထည့်သွင်းစဉ်းစားပေးမည်မဟုတ်ပါ။**

| **တင်ဒါပုံစံများထုတ်ယူရန်လိပ်စာ** | **တင်ဒါတင်သွင်းရန်လိပ်စာ** |
|---|---|
| **ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန ပြန်ကြားရေးဝန်ကြီးဌာန၊ရုံးအမှတ်(၇) စီမံရေးရာဌာနခွဲ၊ နေပြည်တော် ဖုန်း-၀၆၇-၄၁၂၂၀၃၊ ၄၁၂၂၀၅** | **အဆောက်အအုံများဆောက်လုပ်ခြင်း၊ ရောင်းချခြင်း၊ ငှားရမ်းခြင်းလုပ်ငန်း ကော်မတီ ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော် ဖုန်း-၀၆၇-၄၁၂၃၉၀** |

## မွန်ပြည်နယ်အစိုးရအဖွဲ့
## မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ကွပ်ကဲမှုအောက်ရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များ၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် မော်လမြိုင်မြို့၊ သံဖြူဇရပ်မြို့၊ ရေးမြို့၊ ချောင်းဆုံမြို့နှင့် ပေါင်မြို့များတွင် အဆောက်အအုံတည်ဆောက်ခြင်းနှင့်ပြင်ဆင်ခြင်း လုပ်ငန်းစုစုပေါင်း (၇)ခုကို ဆောင်ရွက်ရန်စိတ်ပါဝင်စားသူ မြန်မာနိုင်ငံသားလုပ်ငန်းရှင်များမှ အောက်ပါအစီအစဉ်အတိုင်း အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ပါသည်-

(က) **တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၈-၁-၂၀၁၉ရက် (သောကြာနေ့)မှ ၄-၂-၂၀၁၉ရက် (တနင်္လာနေ့)ထိ
(ခ) **တင်ဒါပုံစံနောက်ဆုံးတင်သွင်းရမည့်ရက် အချိန်** - ၄-၂-၂၀၁၉ရက် (တနင်္လာနေ့) ညနေ ၄း၃၀နာရီ
(ဂ) **နေရာ** - မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ရုံး၊ မော်လမြိုင်မြို့

၂။ အသေးစိတ်သိရှိလိုပါက မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ရုံးသို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၀၉-၅၂၃၂၂၅၂ နှင့် ၀၉-၄၂၀၇၀၁၉၆၀ တို့သို့ဖြစ်စေ ရုံးချိန်အတွင်း မေးမြန်းစုံစမ်းနိုင်ပါသည်။

**မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့**

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာခြင်း

ကျောက်ပန်းတောင်းမြို့၊ သာယာအေးရပ်ကွက်နေ ဦးလှကိုမှ ကျောက်ပန်းတောင်းမြို့၊ ဘူတာရပ်ကွက်၊ ကွင်းအမှတ်(၂၀၆၉/ခ)၊ ကျောက်ပန်းတောင်းတောင်ကွင်း မြေကွက်အမှတ်(၂၆၈/၉၄၀)၊ မြေဧရိယာ ၀ဒသမ၀၈၁ဧကရှိမြေအား လူနေထိုင်ရန်နှင့် စားသောက်ဆိုင်လုပ်ငန်းအသုံးပြုရန်အတွက်မြေငှားဂရန်လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာသည့်ရက်မှစ၍ ၁၅ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ဤရုံးသို့ ကာယကံရှင်ကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက်ကျော်လွန်ပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ကျောက်ပန်းတောင်းမြို့**

## ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း
## ထုချေစေရန် အကြောင်းကြားစာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၂၂)
## ပြည်ကြီးတံခွန်မြို့နယ်တရားမရုံးတော်
## ၂၀၁၈ ခုနှစ် တရားမကြီးမှုအမှတ် ၁၇နှင့် ဆက်နွှယ်သည့်
## ၂၀၁၈ ခုနှစ် တရားမဇာရီမှုအမှတ်-၃၀

ဦးစိုးမိုးအောင် **နှင့်** ဦးချစ်စိန်
**ဒီကရီအနိုင်ရသူ** **တရားရှုံး**

ဦးပိုင်အမှတ် (၄၉)၊ အကွက်အမှတ် (၈ခ-၇)၊ (ဆ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့နေ ဦးချစ်စိန် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၁၈ ခုနှစ် တရားမကြီးမှုအမှတ် ၁၇တွင် ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဦးစိုးမိုးအောင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကို မထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ သို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၂၈ရက် (၁၃၈၀ ပြည့်နှစ် ပြာသိုလပြည့်ကျော် ၈ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီ တွင် ဤရုံးတော်ရှေ့လာရောက်ရမည်။

၂၀၁၉ ခုနှစ် ဇန်နဝါရီ ၁၄ရက်တွင်ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သိန်းဦး)**
**တွဲဖက်မြို့နယ်တရားသူကြီး(၁)**
**ပြည်ကြီးတံခွန်မြို့နယ်တရားရုံး**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန
## မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်
## အိတ်ဖွင့်တင်ဒါဈေးနှုန်းလွှာတင်သွင်းရန်ဖိတ်ခေါ်ခြင်း

၁။ မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်၏ ၂၀၁၇-၂၀၁၈ ပညာသင်နှစ် မဟာဝိဇ္ဇာဘွဲ့သင်တန်းများ၊ ဝိဇ္ဇာဘွဲ့သင်တန်းများ၊ နိုင်ငံခြားဘာသာ စကားသင်တန်း (အချိန်ပြည့်/အချိန်ပိုင်း)၊ Diploma in English, a one year full-time course, Postgraduate Diploma in English အမှတ်စဉ် (၄၃၊ ၄၄၊ ၄၅) (CHRD) နှင့် Diploma in English အမှတ်စဉ် (၄၉၊ ၅၀၊ ၅၁) (CHRD) ဘွဲ့/ဒီပလိုမာစာမေးပွဲ အသီးသီးကို အောင်မြင်ခဲ့ပြီးတက်ရောက်ဘွဲ့ယူရန် လျှောက်ထားပြီးသောပုဂ္ဂိုလ်များအတွက် (၁၅)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို မန္တလေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပမည်ဖြစ်ပါသည်။ ဘွဲ့နှင်းသဘင်ကျင်းပရာတွင် ဓာတ်ပုံလုပ်ငန်းနှင့် ဗီဒီယိုလုပ်ငန်းများ ရိုက်ကူးလုပ်ကိုင်ခွင့်အတွက် အိတ်ဖွင့်တင်ဒါ ဈေးနှုန်းလွှာတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ အိတ်ဖွင့်ဈေးနှုန်းလွှာတင်သွင်းရန် လျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို ၁၇-၁-၂၀၁၉ရက်မှစ၍ တစ်စုံလျှင်ကျပ်(၃၀၀၀)နှုန်းဖြင့် ဌာနခွဲမှူး(ဘဏ္ဍာ)၊ ငွေစာရင်းဌာန၊ မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်ထံတွင် လုပ်ငန်းလိုင်စင်မူရင်းတင်ပြ၍ ဝယ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်ဈေးနှုန်းလွှာကို ၂၁-၁-၂၀၁၉ရက် ညနေ ၃း၀၀နာရီနောက်ဆုံးထား၍ မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်၊ အစည်းအဝေးခန်းမ၌ အိတ်ဖွင့်တင်ဒါ တင်သွင်းရမည်။

၄။ ၂၁-၁-၂၀၁၉ရက် ညနေ ၃း၀၀နာရီတွင် အိတ်ဖွင့်တင်ဒါဖွင့်ပါမည်။

(အသေးစိတ်သိရှိလိုပါက မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်၊ ဓာတ်ပုံနှင့်ဗီဒီယိုလုပ်ငန်းကြီးကြပ်ရေးကော်မတီ အောက်ပါဖုန်းနံပါတ်များအား ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။) ဖုန်း-၀၂-၄၀၃၆၆၈၀၊ ၀၂-၄၀၆၁၄၀၂

**ဓာတ်ပုံနှင့်ဗီဒီယိုလုပ်ငန်းကြီးကြပ်ရေးကော်မတီ**
**မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်**

## ကန့်ကွက်နိုင်ပါကြောင်း

| စဉ် | လျှောက်ထားသူအမည် | လျှောက်ထားသည့်မြေ၏ မြို့နယ်/မြို့ | ရပ်ကွက်/ကျေးရွာ | အကွက်အမှတ် | ဦးပိုင်အမှတ် | ဧရိယာ(ဧက) | လျှောက်ထားသည့်အကြောင်းအရာ |
|---|---|---|---|---|---|---|---|
| ၁။ | ဦးမျိုးသက်ဝင်း | ပုသိမ် | အမှတ်(၁၅) | ၁၆၃-ဘီ | ၃၈/၁၉ | ၀ဒသမ၁၄ | မြေပေးမိန့် |
| ၂။ | ဦးအောင်ကျော်မိုး | ပုသိမ် | အမှတ်(၃) | ၃၁ | ၂/က/၆ | ၀ဒသမ၀၃၂ | မြေပေးမိန့် |
| ၃။ | ဦးကျော့ခင်ရွှေ | ပုသိမ် | အမှတ်(၁၃) | ၁၆၃-စီ | ဒီ-၁/ခ | ၀ဒသမ၀၅၅ | မြေငှားဂရန်အသစ် |
| ၄။ | ဦးစန်းဌေး | ပုသိမ် | အမှတ်(၃) | ၂၈ | ၄၉-ဆ | ၀ဒသမ၀၄၉ | မြေငှားဂရန်အသစ် |
| ၅။ | ဦးရဲဖေ | ပုသိမ် | အမှတ်(၁၃) | ၅၂ | ဂျေ-၂၀၂ | ၀ဒသမ၀၅၅ | မြေငှားဂရန်မူရင်းခွဲ |
| ၆။ | ဦးသိန်းဇော် | ပုသိမ် | အမှတ်(၉) | ၈၃ ရွှေဝက်လူး | ၈၃ | ၀ဒသမ၀၃၈ | မြေငှားဂရန်အသစ် |
| ၇။ | ဒေါ်မျိုးဝေ | ပုသိမ် | အမှတ်(၂) | ၆၂ အုန်းတော | ၁၇၈ | ၀ဒသမ၀၂၄ | မြေငှားဂရန်အမည်ပြောင်း |

အဆိုပါလျှောက်ထားချက်များနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင်ကြော်ငြာသည့်ရက်မှစ၍ ၁၅ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ဤမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကာယကံရှင်ကိုယ်တိုင် လာရောက်ဆက်သွယ်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပုသိမ်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## အောင်မြေသာစံမြို့နယ်တရားမရုံး၌
## ၂၀၁၈ခုနှစ် တရားမကြီးမှုအမှတ်-၈၀

ဦးတင်ဝင်းအောင်(၄င်း၏အခွင့်ရကိုယ်စားလှယ်ဦးကျော်သန်း) **နှင့်** ၁။ ဒေါ်အေးအေးခိုင် ၂။ ဦးကျော်ဇေယျ ၃။ ဒေါ်ရွှေဥ
**တရားလို** **တရားပြိုင်များ**

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အနိုပ်တော်ရပ်၊ အကွက်အမှတ်(၃)၊ (၁၉လမ်း×၂၀လမ်းကြား)၊ (၆၄×၆၅လမ်းကြား)၊ ဝဏ္ဏလမ်းသွယ်နေ ဒေါ်ရွှေဥ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ ဦးတင်ဝင်းအောင်(၄င်း၏အခွင့်ရကိုယ်စားလှယ် ဦးကျော်သန်း)က အငှားချထားသောမြေနှင့် မြေပေါ်တွင်ဆောက်လုပ်ထားသော အိမ်မှနှင်ထုတ်ပေးစေလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၁၈ ရက် (၁၃၈၀ပြည့်နှစ် တပို့တွဲလဆန်း ၁၄ ရက်)မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင်ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၉ခုနှစ် ဇန်နဝါရီ ၁၄ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဝင့်ဝါကျော်)**
**တွဲဖက်မြို့နယ်တရားသူကြီး(၃)**
**အောင်မြေသာစံမြို့နယ်တရားရုံး**

## အများသိစေရန်ကြေညာခြင်း

ရေးမြို့နယ်၊ ဟံဂံကျေးရွာ၊ ရေး-ခေါစာလမ်းမကြီး၊(ဟံဂံဈေးအနီး)၊ ရပ်ကွက်(၆)၊ အိမ်အမှတ်(၅၉)နေ ဦးသောင်းအေး ၁၀/ရမန(နိုင်)၀၇၁၁၅၀နှင့်ဒေါ်သိန်းရီ ၁၀/ရမန(နိုင်)၀၇၁၁၅၁တို့၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန်ကြေညာအပ်ပါသည်။

ကျွန်ုပ်၏အမှုသည်များသည် လွန်ခဲ့သော ၂၄-၁၀-၂၀၁၅ရက်တွင် နေအိမ်မြေအရောင်းအဝယ်စာချုပ်ဖြင့် ရေးမြို့နယ်၊ ဟံဂံကျေးရွာ၊ ရေး-ခေါစာလမ်းမကြီး၊ (ဟံဂံဈေးအနီး)၊ ရပ်ကွက်(၆)၊ အိမ်အမှတ်(၅၉)ဟု ခေါ်တွင်သော နေအိမ်တည်ရှိရာ မြေကွက်အား မူလပိုင်ရှင်ဦးအောင်ငွေ၊ ဒေါ်စောနုတို့ထံဝယ်ယူခဲ့ပြီး ယနေ့တိုင် စီမံလက်ရှိ၊ ပိုင်ဆိုင်နေထိုင်လျက်ရှိပါသည်။ ကျွန်ုပ်၏အမှုသည်များ လက်ရှိပိုင်ဆိုင်နေသော ယင်းအိမ်နှင့် မြေအပေါ်မည်သူတစ်ဦးတစ်ယောက်မျှ တရားဝင်ပိုင်ဆိုင်ခြင်းမရှိဘဲ လိုက်လံကန့်ကွက်နေခြင်း၊ ဟန့်တားနှောင့်ယှက်ခြင်းမပြုလုပ်ကြပါရန် အများသိစေရန်အတွက် ယခုကဲ့သို့ အများသိစေရန် ကြော်ငြာခြင်းဖြစ်ပါသည်။

အကယ်၍ ကျွန်ုပ်၏အမှုသည်များပိုင်ဆိုင်နေထိုင်သော အထက်ပါအိမ်မြေကွက်အားတစ်စုံတစ်ယောက်က တရားဝင်ပိုင်ဆိုင်ခြင်းမရှိဘဲ၊ ကန့်ကွက်မှုများပြုလုပ်နေခြင်း၊ မတရားနှောင့်ယှက်ဟန့်တားနေခြင်း၊ တားဆီးခြင်းတို့ပြုလုပ်ခဲ့ပါက ကျွန်ုပ်အမှုသည်များမှ တည်ဆဲဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကျွန်ုပ်အမှုသည်၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ-**
**(ဦးသောင်းအေး)(ဒေါ်သိန်းရီ)**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဘုန်းဇေယျစိုး(စဉ်-၉၀၅၉)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ် ၃၈၊ ယုဇနလမ်း၊ ကွင်းရပ်၊ မော်လမြိုင်မြို့**

## ဖခင်အမည်မှန်

၂၀၁၇-၂၀၁၈ ပညာသင်နှစ် ရွှေဘိုတက္ကသိုလ် ရက္ခဗေဒ ၄ရခ-၆၁ ဖြင့် ပညာသင်ယူခဲ့သော မောင်စိုးသူ၏ ဖခင်အမည်မှန်မှာ ဦးဘိုးရှိန် ၅/ရဥန(နိုင်)၀၆၆၃၂၄ ဖြစ်ပါကြောင်း။

**ဦးဘိုးရှိန်**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကသာခရိုင်၊ အင်းတော်မြို့နယ်၊ နတ်မဟုတ်ကလေးကျေးရွာနေ မမေဇင်ကျော် ၅/အတန(နိုင်)၁၀၅၀၇၇ ၏ မိဘ ဦးမျိုးနိုင်(ခ) ဦးကျော်မျိုး ၅/အတန(နိုင်)၀၂၉၅၉၈နှင့် ဒေါ်ခင်ယုမေ(ခ) ဒေါ်ခင်ယု ၅/အတန(နိုင်)၀၂၉၇၂၃ တို့သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

ဟိုပင်မြို့၊ မြဇေယျာရပ်ကွက်နေ မသင်းမြတ်စိုး ၁/ဟပန(နိုင်)၀၀၇၉၁၅ ၏ဖခင် ဦးနိုင်စိုး(ခ)ဦးထက်မြက် ၁/မညန(နိုင်)၀၉၀၁၀၇သည် တစ်ဦးတည်းဖြစ်ပါသည်။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၆ယ/၁၃၆၈၀ Honda Dream 125,M/C ယာဉ်လက်ဝယ်ရှိသူ ဦးစိုးညွန့် ၉/မထမ(နိုင်)၀၀၆၁၃၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (ထားဝယ်)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9K/4082 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။ **ကညန၊ ပြည်နယ်ဦးစီးမှူးရုံး၊ မော်လမြိုင်မြို့**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် BB/1738 ယာဉ်လက် ဝယ်ရှိသူ STRONG FAST PERSON GROUP CO.,LTDက (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံး (လှိုင်ကော်)**

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်တင်အုန်း

### အသက်(၈၃)နှစ်

ဖြူးမြို့၊ ထန်းကုန်းလမ်းနေ (ဦးဂွမ်စိန်-ဒေါ်ချို)တို့၏သမီး၊ (ဒေါ်တိုးစိန်)၊ ဒေါ်တိုးရင်၊ (ဦးတိုးမောင်)တို့၏ညီမ၊ ဒေါ်တင်တင်အေး၊ဒေါ်ခင်ဝင်းတို့၏အစ်မ၊ (ဦးအုန်းရှိန်)၏ ချစ်လှစွာသောဇနီး၊ ဦးထွန်းထွန်းဦး-ဒေါ်အေးအေးရှိန်၊ ဦးသက်နိုင်-ဒေါ်ဆွေဆွေရှိန်၊ ဒုတိယဗိုလ်ချုပ်ကြီး ဝင်းဗိုလ်ရှိန်-ဒေါ်နုနုလွင်၊ ဗိုလ်မှူးအောင်ကျော်ငြိမ်(ငြိမ်း)-ဒေါ်သစ်သစ်ရှိန်၊ ဦးထွန်းအောင်ရှိန်-ဒေါ်လာဖီရှိန်၊ ဦးသန်းထွေးရှိန်-ဒေါ်မြမြလွင်တို့၏မိခင်၊ မြေးရှစ်ယောက်တို့၏အဘွားသည် ၁၅-၁-၂၀၁၉ရက် (အင်္ဂါနေ့) နံနက် ၇း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၁-၂၀၁၉ရက် (ကြာသပတေးနေ့)နံနက် ၈ နာရီတွင် အမှတ်(၁) တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)ငြိမ်းအေးဇရပ်မှ နံနက်၁၀နာရီတွင် ရေဝေးသုသာန် ခန်းမ(၁-က)၌ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (စမ်းချောင်းမြို့နယ်၊ ပန်းလှိုင်အိမ်ရာနေအိမ်မှ ကားများ နံနက် ၈နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၉-၁-၂၀၁၉ရက်(စနေနေ့)တွင် စမ်းချောင်းမြို့နယ်၊ ဟုမ်းလမ်း၊ ပန်းလှိုင်အဆင့်မြင့်အိမ်ရာ၊ အမှတ်R3,302, နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

### ဝမ်းနည်းကြေကွဲခြင်း

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး

## ဒေါ်တင်အုန်း

### အသက်(၈၃)နှစ်

ဦးအောင်ကျော်ငြိမ်(ဦးဆောင်ညွှန်ကြားရေးမှူး၊ နေပြည်တော်စည်ပင်ဘဏ်လီမိတက်)-ဒေါ်သစ်သစ်ရှိန်တို့၏မိခင် ဒေါ်တင်အုန်း အသက်(၈၃)နှစ်သည် ၁၅-၁-၂၀၁၈ရက် (အင်္ဂါနေ့) နံနက် ၇း၃၀နာရီတွင် ရန်ကုန်မြို့၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဘဏ်ဒါရိုက်တာအဖွဲ့ နာယကနှင့်အဖွဲ့ဝင်များ**
**နေပြည်တော်စည်ပင်ဘဏ်လီမိတက်**

---

### ဝမ်းနည်းကြေကွဲခြင်း

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး

## ဒေါ်တင်အုန်း

### အသက်(၈၃)နှစ်

ဦးအောင်ကျော်ငြိမ်(ဦးဆောင်ညွှန်ကြားရေးမှူး၊ နေပြည်တော်စည်ပင်ဘဏ်လီမိတက်)-ဒေါ်သစ်သစ်ရှိန်တို့၏မိခင် ဒေါ်တင်အုန်း အသက်(၈၃)နှစ်သည် ၁၅-၁-၂၀၁၈ရက် (အင်္ဂါနေ့) နံနက် ၇း၃၀နာရီတွင် ရန်ကုန်မြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဘဏ်ဝန်ထမ်းမိသားစုများ**
**နေပြည်တော်စည်ပင်ဘဏ်လီမိတက်**

---

### အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါ်တင်အုန်း

### အသက်(၈၃)နှစ်

ရန်ကုန်တိုင်းဒေသကြီး ကွန်ပျူတာလုပ်ငန်းရှင်အသင်းမှ ဦးသန်း ထွေးရှိန်(အလုပ်အမှုဆောင်)-ဒေါ်မြမြလွင်(တွဲဖက်အတွင်းရေးမှူး-၁)တို့၏မိခင် ဒေါ်တင်အုန်း အသက်(၈၃)နှစ်သည် ၁၅-၁-၂၀၁၉ရက် (အင်္ဂါနေ့) နံနက် ၇း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ရန်ကုန်တိုင်းဒေသကြီးကွန်ပျူတာလုပ်ငန်းရှင်အသင်း**
**ရန်ကုန်တိုင်းဒေသကြီးကွန်ပျူတာပညာရှင်အသင်း**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

ဒုတိယဗိုလ်ချုပ်ကြီးဝင်းဗိုလ်ရှိန်-ဒေါ်နုနုလွင်တို့၏ မိခင် ဒေါ်တင်အုန်း အသက်(၈၃)နှစ်သည် ၁၅-၁-၂၀၁၉ရက် (အင်္ဂါနေ့)တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**အပတ်စဉ်(၆၆)မှသူငယ်ချင်းများ**

---

### အထူးဝမ်းနည်းကြေကွဲခြင်း

## ဟာဂျီမ ဒေါ်လှလှဝင်း

### အသက်(၇၃)နှစ်

ခြေလျင်နှင့်တောင်တက်အသင်းမှ ကိုစန်းဝင်းကျော်၏မိခင် ကိုသက်ထွန်း၏အဒေါ် ဟာဂျီမ ဒေါ်လှလှဝင်းသည် ၅-၁-၂၀၁၉ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရသည့်အတွက် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**အမှုဆောင်အဖွဲ့**
**တက္ကသိုလ်ခြေလျင်/တောင်တက်အသင်း**
**သဘာဝခေါ်သံဖောင်ဒေးရှင်း**

---

### ဝမ်းနည်းကြေကွဲခြင်း

## ဦးဆောင်ဆန်းဝင်း (မော်လမြိုင်မြို့)

### အသက်(၄၈)နှစ်

ဒေါ်ခင်သန္တာဝင်း[ဒုတိယညွှန်ကြားရေးမှူး(တာဝန်)(ဘဏ္ဍာ)၊ ပညာရေးသုတေသန၊ စီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာန]၏အစ်ကို ဦးအောင်ဆန်းဝင်းသည် ၁၅-၁-၂၀၁၉ရက် (အင်္ဂါနေ့) ညနေတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့်အရာထမ်း၊ အမှုထမ်းများ**
**ပညာရေးသုတေသန၊ စီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာန**

---

## ဒေါ်မြ

### မြိတ်/ပလမြို့

### အသက်(၉၂)နှစ်

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့၊ မြို့သစ်(၂)ရပ်ကွက်၊ ဦးမြတ်လေးလမ်း၊ အမှတ် ၈/ခနေ (ဦးဘငြိမ်း-ဒေါ်မိုးသူ)တို့၏သမီး၊ (ဦးဘသွယ်)၏ဇနီး၊ ဦးတင့်ဂွမ်-ဒေါ်ခင်အုန်း၊ ဦးပဋ္ဌင်းဦးရေဝတ၊ ဦးဝင်းငယ်-ဒေါ်ခင်ယု၊ ဦးငွေဝင်း-ဒေါ်ပြုံးရီ၊ ဦးကြည်လှ-ဒေါ်စိုးစိုးမြင့်၊ ဦးညဏ်လင်း-ဒေါ်မူမူ၊ ဦးမျိုးငယ်-ဒေါ်မိစန်း၊ ဦးကျော်ဇံ၊ ဦးယုဝင်း-ဒေါ်သင်းသင်းအေးတို့မိခင်၊ မြေး ၂၆ယောက်၊ မြစ် ၂၃ယောက်တို့၏ဘွားဘွားကြီးသည် ၁၃-၁-၂၀၁၉ရက်(တနင်္ဂနွေနေ့) ညနေ ၄း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၁-၂၀၁၉ရက် (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် မြိတ်မြို့ ကလွင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

**ကျန်ရစ်သူမိသားစု**

---

### ပုလောမြို့နယ်အသင်း(ရန်ကုန်)

## ဒေါ်မြ

### မြိတ်/ပလမြို့

### အသင်းဝင်အမှတ်-၂၁၄၀

### အသက်(၉၂)နှစ်

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့၊ မြို့သစ်(၂)ရပ်ကွက်၊ ဦးမြတ်လေးလမ်းနေ (ဦးဘသွယ်)၏ဇနီး၊ ပုလောမြို့နယ်အသင်း (ရန်ကုန်)မြိတ်အဝေးရောက်အမှုဆောင်အဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးဝင်းငယ်-ဒေါ်ခင်ယုတို့၏မိခင်သည်၁၃-၁-၂၀၁၉ရက် (တနင်္ဂနွေနေ့) ညနေ ၄း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၁-၂၀၁၉ရက် (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် မြိတ်မြို့ကလွင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

**အမှုဆောင်အဖွဲ့**

---

## ဒေါ်တင်ကြည် (ဘိုကလေး)

### အသက်(၈၉)နှစ်

ဘိုကလေးမြို့နေ (ဦးဘသက်)၊ (ဦးဘခက်)၊ (ဒေါ်သိန်း)တို့၏မြေး၊ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြန်မာ့ဂုဏ်ရည်လမ်း၊ ကန်တော်ကလေး၊ အမှတ် ၁၀၄နေ (ဒေါ်အုန်းကြည်)၏ညီမ၊ ဒေါ်စန်း၊ ဦးဝင်းမောင်(ပလက၊ လျှပ်စစ်-ငြိမ်း)တို့၏အစ်မသည် ၁၆-၁-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) နံနက်တွင် ကန်တော်ကလေးနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## ဒေါ်ရွှေတန်

### အသက်(၇၇)နှစ်

မြိတ်မြို့နေ (ဦးရောင်အင်-ဒေါ်ကြုပ်)တို့၏သမီး၊(ဦးဘွန်နာ-ဒေါ်ထွန်း)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ ဗိုလ်တထောင်ဘုရားလမ်း၊ အမှတ် ၂၀၉(ခုနစ်လွှာ)နေ (ဦးဘုန်းရှောင်)၏ဇနီး၊ ဦးဝင်းထွန်း-ဒေါ်မြတ်မြတ်ချို၊ ဦးဇော်ဝင်း-ဒေါ်မြင့်မြင့်ချို၊ ဦးဆန်းသစ်လွင်-ဒေါ်ဝင်းဝင်းချို၊ ဦးမြတ်သူ၊ ဦးထွန်းသူတို့၏မိခင်၊ မြေးခြောက်ယောက်၊ မြစ်ခြောက်ယောက်တို့၏အဘွားသည် ၁၆-၁-၂၀၁၉ရက် နံနက် ၄း၂၀နာရီတွင် ရွှေလမင်းဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၈-၁-၂၀၁၉ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

---

### ဝမ်းနည်းကြေကွဲခြင်း

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်တင်အုန်း

### အသက် (၈၃)နှစ်

ဖြူးမြို့၊ ထန်းပင်ကုန်းလမ်းနေ (ဦးအုန်းရှိန်)၏ ချစ်လှစွာသောဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ဝင်းဗိုလ်ရှိန်-ဒေါ်နုနုလွင်တို့၏ မိခင် ဒေါ်တင်အုန်းသည် ၁၅-၁-၂၀၁၉ ရက် (အင်္ဂါနေ့) နံနက် ၇း၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ**

---

### ဝမ်းနည်းကြေကွဲခြင်း

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်တင်အုန်း

### အသက် (၈၃)နှစ်

ဖြူးမြို့၊ ထန်းပင်ကုန်းလမ်းနေ (ဦးအုန်းရှိန်)၏ ချစ်လှစွာသောဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ဝင်းဗိုလ်ရှိန်-ဒေါ်နုနုလွင်တို့၏မိခင် ဒေါ်တင်အုန်းသည် ၁၅-၁-၂၀၁၉ ရက် (အင်္ဂါနေ့) နံနက် ၇း၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါ သဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲ ရပါသည်။

**တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစု**

---

### ဝမ်းနည်းကြေကွဲခြင်း

## ဒေါ်အမာ

### အသက်(၉၀)

ဦးမောင်မောင်သိမ်း[ဝန်ကြီး-ငြိမ်း၊ မွေး/ရေဝန်ကြီးဌာနနှင့် ဥက္ကဋ္ဌ (ကမ္ဘာ့ရတနာဘဏ်)]-ဒေါ်မြင့်မြင့်အေးတို့၏မိခင်ကြီးသည် ၁၀-၁-၂၀၁၉ရက် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဒေါက်တာဇေယျာညွန့်(အမှုဆောင်အရာရှိချုပ်)SMID Bank**
**နှင့်ဇနီး သီရိသုခမ္မသီဂီ ဒေါ်အိသန္တာဘို၊ SMID Bank**
**ဝန်ထမ်းများ**

---

### အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါ်အမာ

### အသက်(၉၀)

ဦးမောင်မောင်သိမ်း [ဦးဆောင်နာယက ခရမ်းမြို့နယ်အသင်း(ရန်ကုန်)၊ ဝန်ကြီး(ငြိမ်း)၊မွေး/ရေဝန်ကြီးဌာန]-ဒေါ်မြင့်မြင့်အေးတို့၏မိခင် ဒေါ်အမာသည် ၁၀-၁-၂၀၁၉ရက်တွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ငါးလုပ်ငန်းဦးစီးဌာန**
**ဝန်ထမ်းမိသားစုများ**

---

### အထူးဝမ်းနည်းကြေကွဲခြင်း

## ဒုတိယဗိုလ်မှူးကြီးသန်းထွဋ်

### ညွှန်ကြားရေးမှူးချုပ်၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား(ငြိမ်း)

### အသက်(၈၅)နှစ်

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ဒုတိယဗိုလ်မှူးကြီးသန်းထွဋ် အသက်(၈၅)နှစ်သည် ၁၃-၁-၂၀၁၉ရက်တွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာ့အသံနှင့်ရုပ်မြင်သံကြားဝန်ထမ်းဟောင်းများအသင်း**

---

## ဦးခွန်သန်းညွန့် (ရွှေဇင်ယော်ဟိုန်း Jetty)

### မော်လမြိုင်ကောလိပ်ကျောင်းသားဟောင်း

### အသက်(၆၃)နှစ်

ရှမ်းပြည်နယ်တောင်ပိုင်း၊ မောက်မယ်မြို့နေ (ဦးအောင်ညွန့်-ဒေါ်မြတင်နှင့်ဒေါ်စိမ်းနု) တို့၏သားကြီး၊ ကရင်ပြည်နယ်၊ ဘားအံမြို့နယ်၊ မင်းဇီကျေးရွာနေ (ဆရာဦးခွန်ရွှေမောင်လေး)-ဒေါ်သန်းသန်းလေး(စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ ဝန်ကြီးများရုံး-ငြိမ်း)တို့၏သားသမက်၊ နမ့်ဆိုင်ကျေးရွာနေ ဦးစိုင်းဆန်မိုင်-ဒေါ်နန်းစံ၊ မောက်မယ်မြို့နယ်နေ နန်းစိန်ညွန့်၊ စိုင်းကျော်ခိုင်တို့၏ အစ်ကို၊ စိုင်းလှမင်းဟန်-နန်းမွေဖောင်နှင့် တူ၊ တူမများ၏ဘကြီး၊ နန်းမွေလှိုင်၏ဘိုးဘိုးကြီး၊ ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ဝေဘာဂီမြို့သစ်၊ (၃)ရပ်ကွက်၊ စံပယ်ဖြူလမ်း၊ အမှတ် ၁၃၃နေ ဒေါ်ဆွေဆွေဦး(အထပြ-ငြိမ်း၊ အထက-၁၊ မရမ်းကုန်း)၏ခင်ပွန်း၊ ခွန်ဇေယျာရဲရင့်(VI-BE ,Civil၊ မော်ဘီနည်းပညာတက္ကသိုလ်)၏ဖခင်သည် ၁၅-၁-၂၀၁၉ရက် (အင်္ဂါနေ့) ၇း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၁-၂၀၁၉ရက် (ကြာသပတေးနေ့) ညနေ ၆နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ ညနေ ၅နာရီတွင်ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

---

### ဘုရား၊ ရဟန်း၊ ကျောင်းဒါယိကာမကြီး

## ဒေါ်မြင့်မြင့်ကြည်

### အသက်(၆၂)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၄)ရပ်ကွက်၊ အရိယမဂ္ဂင်လမ်းနှင့်တပင်ရွှေထီးလမ်းထောင့်၊ အမှတ်(13)နေ ဦးမြင့်ဆွေ -(ဒေါ်ရှုရင်)တို့၏သမီး၊ (ဦးထွန်းလွင်)၊ ဦးထွန်းဇော်-ဒေါ်အေးအေးမူ၊ ဦးနေထွန်း-ဒေါ်နွဲ့နွဲ့ဝင်းတို့၏အစ်မ၊ ကိုသက်ဖြိုးပြည့်-မဝင်းမော်၊ ကိုအောင်ဖြိုးပြည့်-မရွှေအိမ်စည်၊ ကိုသီဟဖြိုးမင်း-မသရီပြည့်စုံတို့၏ကြီးကြီး၊ မြေးငါးယောက်တို့၏အဘွားသည် ၁၆-၁-၂၀၁၉ရက် နံနက် ၄း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၁-၂၀၁၉ရက် ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

---

## ဦးလော်ရုပ်ခီ(ခ)ဦးအေး

### အသက်(၈၉)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ စိတ္တသုခလမ်း၊ အမှတ် ၆၂(ခ)၊ ပုသိမ်ညွန့်စံပြရပ်ကွက်နေ ဒေါ်ခင်စိန်၏ခင်ပွန်း၊ ဦးမြင့်ထွန်း-ဒေါ်ခင်အေးမြင့်၊ ဦးမြင့်ဦး-ဒေါ်စိုးစိုးလွင်(စိန်ပန်းမြိုင်စတိုး)၊ ဦးခင်ဦး-ဒေါ်ဆွေဆွေမြင့်တို့၏ဖခင်၊ မြေးခုနစ်ယောက်၊ မြစ်တစ်ယောက်တို့၏အဘိုးသည် ၁၅-၁-၂၀၁၉ရက် (အင်္ဂါနေ့) မွန်းလွဲ ၂း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၁-၂၀၁၉ရက် (ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။(စိတ္တသုခလမ်းနေအိမ်မှကားများ နံနက်၉နာရီနှင့် လသာမြို့နယ်၊ ၂၃လမ်း(အထက်)တို့မှကားများ နံနက် ၈နာရီတို့တွင်ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

---

### ဘုရား၊ သိမ်၊ ကျောင်းဒါယိကာမကြီး

## ဒေါ်တင်ရွှေ

### (ကျူကဒါတ်အသင်း)

### အသက်(၈၆)နှစ်

မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နယ်၊ ကျူကဒါတ်စံပြကျေးရွာနေ (ဦးဘိုလေး-ဒေါ်ဖွားကျင်)တို့၏သမီး၊ ဦးစစ်နိုင်-ဒေါ်ခင်ဖုန်း (အမက-၁၇၊ မ/၃)၊ ဦးမြချို-ဒေါ်ဝင်းဝင်းမော်၊ ဦးသိန်းလွင်-ဒေါ်ခင်လေးရီ၊ ဦးရန်မျိုးအောင်-ဒေါ်နီလာမော်တို့၏မိခင်၊ မြေးငါးယောက်တို့၏အဘွား၊ ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (ည)ရပ်ကွက်၊ ဧရာ(၁၂)လမ်း၊ အမှတ် ၆၉၃နေ (ဦးမျိုးသန်း)၏ချစ်လှစွာသောဇနီးသည် ၁၆-၁-၂၀၁၉ရက် နံနက် ၉း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၁-၂၀၁၉ရက် (သောကြာနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ ညနေ ၃နာရီတွင်ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

---

### ဆည်မြောင်းဝန်ထမ်းဟောင်းများအသင်း

## ဦးမောင်မောင်

### ဦး/ရှိ(ငြိမ်း)၊ သက်ကြီးကန်တော့ခံ

### အသင်းဝင်အမှတ်-၁၅၀

### အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ နှင်းဥယျာဉ်အိမ်ရာ၊ နှင်းဆီလမ်းသွယ်(၁)၊ အမှတ်(၆)နေ (ဒေါ်ခင်မြင့်)၏ခင်ပွန်းသည် ၁၄-၁-၂၀၁၉ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၁-၂၀၁၉ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသင်းဝင်များအား အသိပေးအကြောင်းကြားအပ်ပါသည်။

**အမှုဆောင်အဖွဲ့**

---

### ရဟန်းဒါယိကာမကြီး

## ဒေါ်အေးမြင့်

### အသက်(၈၃)နှစ်

ထားဝယ်မြို့၊ ကည့်ုရပ်၊ စာတိုက်လမ်းနေ (ဦးအေးညွန့်-ဒေါ်လှတင်)တို့၏သမီး၊ (ဦးကိုကိုဇော်)-ဒေါ်အေးအေးသောင်း၊ ဦးခင်မောင်သောင်း-ဒေါ်စိုးစိုးမြင့်တို့၏မိခင်၊ မြေးလေးယောက်၊ မြစ်လေးယောက်တို့၏ဘွားဘွားကြီးသည် ၁၅-၁-၂၀၁၉ရက် (အင်္ဂါနေ့) ည ၁၀း၅၀နာရီတွင် ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျားကွက်သစ်ရပ်ကွက်၊ မဂ္ဂင်လမ်း၊ အမှတ်(၄၁)နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၇-၁-၂၀၁၉ ရက်(ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၁-၁-၂၀၁၉ရက် (တနင်္လာနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ် ကြားအပ်ပါသည်။]

**ကျန်ရစ်သူမိသားစု**

---

### အထူးဝမ်းနည်းကြေကွဲခြင်း

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ကန်ဒါယိကာမကြီး

## ဒေါ်ခင်မျိုးမြင့်(ခ)Violet ခင်မျိုးနန်း

### အသက်(၇၄)နှစ်

ဦးဝါဇင်-သံမှူးဒေါ်စောစန္ဒီဇော်(မြန်မာသံရုံး၊ စင်ကာပူ)တို့၏ ချစ်လှစွာသောမိခင် ဒေါ်ခင်မျိုးမြင့်သည် ၁၄-၁-၂၀၁၉ရက် (တနင်္လာနေ့) နံနက်တွင် ကွယ်လွန်သွားကြောင်း သိရှိရသည့်အတွက် ကျန်ရစ်သူမိသားစုနှင့်အတူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**၂၀၀၇ခုနှစ်၊ ဌာနစုမှူး(၂)သူငယ်ချင်းများ**
**နိုင်ငံခြားရေးဝန်ကြီးဌာန**

---

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး

## ဒေါ်စန်းစန်းယဉ်

### အသက်(၆၃)နှစ်

ရန်ကုန်မြို့နေ ဦးစံမြိုင်-ဒေါ်ရွှေပုတို့၏သမီး၊ (ဦးဘမျှင်-ဒေါ်သိန်းရှင်)တို့၏သမီးချွေးမ၊ ဦးလှမောင်-ဒေါ်တူးတို့၏ညီမ၊ မခင်မာချို-(ကိုသိန်းနိုင်လင်း)၊ ကိုကျော်ထက်-မခင်သန်းဝင်းတို့၏အစ်မ၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၂၅)ရပ်ကွက်၊ ဇီဇဝါလမ်း၊ အမှတ် (၈၄၇)နေ ဦးညွန့်ဝေ၏ချစ်လှစွာသောဇနီး၊ ကိုမျိုးဝေကျော်-မဥမ္မာမြင့်၊ မောင်တင့်ဝေထွန်းတို့၏မိခင်၊ မောင်ပြည့်သုခ၊ မောင်ဇွဲဝေထက်တို့၏အဘွားသည် ၁၅-၁-၂၀၁၉ရက် (အင်္ဂါနေ့) ညနေ ၆း၄၅နာရီတွင် ကွယ်လွန် သွားပါသဖြင့် ၁၇-၁-၂၀၁၉ရက် (ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ကျီစုသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

---

### ဘုရား၊ ရဟန်း၊ ကျောင်းဒါယိကာမကြီး

## ဒေါ်မြင့်မြင့်ကြည်

### အသက်(၆၂)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၄)ရပ်ကွက်၊ အရိယမဂ္ဂင်လမ်းနှင့်တပင်ရွှေထီးလမ်းထောင့်၊ အမှတ်(13)နေ ဦးမြင့်ဆွေ -(ဒေါ်ရှုရင်)တို့၏သမီး၊ (ဦးဝေလွင်)၊ ဦးကျော်ရွှေ-ဒေါ်စမ်းစမ်း၊ (ဦးရင်ဟို-ဒေါ်စိန်စိန်)၊ (ဦးတင်ငြိမ်း)-ဒေါ်ရင်မြ၊ ဦးရင်ဟုတ်-ဒေါ်သန်းသန်းတင့်၊ ဦးသန်းထွန်း-ဒေါ်ညို၊ ဦးရင်ထိုင်-ဒေါ်အေးနွဲ့၊ ဒေါ်ရှုကျင်၊ ဦးယဉ်ထွေး-ဒေါ်ညွန့်ညွန့်စိန်၊ ဦးရင်စန်း-(ဒေါ်ညို)တို့၏တူမသည် ၁၆-၁-၂၀၁၉ရက် နံနက် ၄း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၁-၂၀၁၉ရက် ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင်ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

# ၂၀၁၉ ခုနှစ် တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ





**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၁၉ ခုနှစ် တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။** ဓာတ်ပုံ-တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး

**နေပြည်တော် ဇန်နဝါရီ ၁၆**

၂၀၁၉ ခုနှစ် တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိတပ်မတော် အားကစားကွင်း၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက် အမှာစကားပြောကြားသည်။

ဖွင့်ပွဲအခမ်းအနားတွင် တပ်မတော် (ကြည်း၊ ရေ၊ လေ) ဂုဏ်ပြုစစ်တီးဝိုင်းအဖွဲ့က ကွင်းအတွင်း ဝင်ရောက်နေရာယူပြီး စစ်ရေးပြမှူးကြီး ဦးဆောင်သော အလံတော်အဖွဲ့နှင့် အားကစားအသင်း ၁၇ သင်းမှ အားကစားသမားများ နေရာယူကြသည်။ ထို့နောက် ၂၀၁၉ ခုနှစ် တပ်မတော် (ကြည်း၊ ရေ၊ လေ)အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားဖွင့်လှစ်ကြောင်း ကြေညာချိန်တွင် တပ်မတော်အားကစားနှင့် ကာယပညာအုပ်ချုပ်မှုကော်မတီဥက္ကဋ္ဌ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး ဆန်းဦးနှင့် နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်မော်တို့က ဖွင့်ပွဲစာတန်းပါ မိုးပျံပူဖောင်းများအား ဖဲကြိုးဖြတ်၍ လွှတ်တင်ကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အဖွင့်အမှာစကား ပြောကြားသည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား (က) အဆင့် ဘောလုံးပြိုင်ပွဲ ပထမအကြိုဗိုလ်လုပွဲအဖြစ် နေပြည်တော်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ကိုယ်စားပြုအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အချိန်ပိုသွင်းဂိုးဖြင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ကိုယ်စားပြုအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲတွင် ဘောလုံးပြိုင်ပွဲ၊ လက်ဝှေ့ပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ ပြေးခုန်ပစ် (ကျား/မ) ပြိုင်ပွဲ၊ မသန်စွမ်းအားကစားပြိုင်ပွဲ၊ ခြင်းလုံးပြိုင်ပွဲ၊ ဘော်လီဘော(ကျား/မ)ပြိုင်ပွဲ၊ ဂျူဒို(ကျား/မ)ပြိုင်ပွဲ၊ ရေကူးပြိုင်ပွဲ၊ အလေးမနှင့် ကာယဗလပြိုင်ပွဲ၊ ဝူရှူးပြိုင်ပွဲ၊ ကရာတေးဒိုပြိုင်ပွဲ၊ မြန်မာ့သိုင်းပြိုင်ပွဲနှင့် တိုက်ကွမ်ဒိုပြိုင်ပွဲ စသည့် အားကစားပြိုင်ပွဲ ၁၄ မျိုးအား ၂၈ ရက်အထိ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။ **သတင်းစဉ်**

## ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ နာဂဒေသဖွံ့ဖြိုးရေးအတွက် တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေး

စာမျက်နှာ - ၄

## ပြည်ထောင်စုဝန်ကြီး ဦးမင်းသူ လှိုင်ကော်တွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများနှင့် တွေ့ဆုံ

စာမျက်နှာ - ၇

# မြန်မာ့ဘောလုံး တိုးတက်အောင်မြင်မှုရရန် လေးနှစ်စီမံကိန်း ချမှတ်ဆောင်ရွက်မည်

ရန်ကုန် ဇန်နဝါရီ ၁၆

**မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်မှ ခန့်အပ်ထားသည့် ဘယ်လ်ဂျီယံနိုင်ငံသား နည်းစနစ်ဒါရိုက်တာ အဲရစ်အာဗရန်သည် မြန်မာ့ဘောလုံးတိုးတက်ရေးအတွက် လေးနှစ်စီမံကိန်း ချမှတ်ဆောင်ရွက်မည်ဖြစ်ကြောင်း ဇန်နဝါရီ ၁၆ ရက်က MFF ရုံး၌ ရှင်းလင်းပြောကြားခဲ့သည်။ ယင်းအခမ်းအနားသို့ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အမှုဆောင်အရာရှိချုပ် ဦးဘုန်းနိုင်ဇော်၊ တွဲဖက်အတွင်းရေးမှူး ဦးတင်မြင့်အောင်နှင့် လက်ရွေးစင်အသင်းလိုက် နည်းပြချုပ်များ တက်ရောက်ခဲ့သည်။**




**မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အမှုဆောင်အရာရှိချုပ် ဦးဘုန်းနိုင်ဇော်၊ နည်းစနစ်ဒါရိုက်တာ အဲရစ်အာဗရန်တို့အား သတင်းစာရှင်းလင်းပွဲတွင် တွေ့ရစဉ်။** ဓာတ်ပုံ-စိုးညွန့်

အဲရစ်အာဗရန် တင်ပြခဲ့သည့် လေးနှစ်စီမံကိန်းတွင် အချက်လေးချက်ပါဝင်ပြီး မြန်မာ့လက်ရွေးစင်၊ သက်တမ်းအလိုက် လူငယ်လက်ရွေးစင်အသင်းနှင့် ဘောလုံးအကယ်ဒမီများ၏ ဆောင်ရွက်မည့်အစီအစဉ်များ၊ နည်းပြအရည်အသွေးပိုင်းဆိုင်ရာ တိုးတက်အောင်ဆောင်ရွက်ရန်၊ လူငယ်စီမံကိန်းများ စနစ်တကျဆောင်ရွက်ရန်၊ ဖူဆယ်နှင့် သဲသောင်ပြင် ဘောလုံးအသင်းများအတွက် ဆောင်ရွက်မည့်အစီအစဉ်များအပြင် ကလပ်အသင်းများမှ ဆောင်ရွက်ပေးရမည့်အစီအစဉ်များ၊ လူငယ်အသင်းများ တိုးမြှင့်ဖွဲ့စည်းရန် ဈေးကွက်ရှာဖွေရေး၊ ငွေကြေးနှင့်မီဒီယာကဏ္ဍများ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနတို့နှင့် ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်များ ပါဝင်သည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်း၊ မြန်မာ ယူ-၂၂ အမျိုးသားအသင်း၊ ယူ-၁၈ အမျိုးသားအသင်း၊ ယူ-၁၅ အမျိုးသားအသင်း၊ ယူ-၁၉ အမျိုးသမီးအသင်း၊ ယူ-၁၆ အမျိုးသမီးအသင်းတို့ ဖွဲ့စည်းထားပြီး မြန်မာ့လက်ရွေးစင် အမျိုးသားအသင်းကိုလည်း နည်းပြချုပ်သစ် ခန့်အပ်ပြီးပါက ဖွဲ့စည်းမည်ဖြစ်သည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် Sports And Science နည်းပြတစ်ဦး ခန့်အပ်ခဲ့ပြီး စပိန်နိုင်ငံသား ဟွမ်ရိုမန်ကို နှစ်နှစ်စာချုပ်ဖြင့် ဇန်နဝါရီ ၁၆ ရက်က စာချုပ်ချုပ်ဆိုခဲ့ကာ လက်ရွေးစင်အသင်းအားလုံးအတွက် တာဝန်ပေးအပ်ခဲ့ခြင်းဖြစ်သည်။ **ညီမြတ်သော်တာ**

